www.burmeseclassic.com

ဆန္ဒကြီးသူငယ်

အာစား

ဒဂုဏ်ဟက်

ဆင်ခြင်

www.burmeseclassic.com

DESIGN THEIN SHWE KYI

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၉၈၀၅၁

ကျောက်နာမုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၆၉၀၆၁

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
စက်တင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၅၅.စ၃

ချစ်မျှားရှင်
အစားအသောက်ဆင်ခြင်/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ.၁၃၃ x ၂၀.၇ စင်တီ။
(၁) အစားအသောက်ဆင်ခြင်

အခန်း (၁)

ဆယ်တန်း(D) တစ်ခန်းလုံး တိတ်ဆိတ်စွာလှုပ်ရှားနေသည်။ သချိုဆရာ ဦးမြင့်ဆွေထိုင်နေသောစားပွဲသို့ ကျောင်းသား၊ ကျောင်းသူများ စာအုပ်လေးများကိုယ်စီကိုင်၍ တစ်ဦးချင်းသွားရောက်ပြသနေသည်။

စနေ၊ တနင်္ဂနွေပိတ်ရက်တွင် ဆရာပေးလိုက်သော အိမ်စာတွက်ထားသည်ကို သွားရောက်ပြသနေခြင်းဖြစ်သည်။

ဆရာကမျက်မှန်ထူထူကြီးတပ်၍ လာပြသောကျောင်းသားများ၏ စာအုပ်များကို စစ်ဆေးသည်။ မှန်လျှင်တော့ ဘာမှမပြောပဲ အမှန်ခြစ်ပေးလိုက်ပြီး အမှားလျှင်တော့ ထိုကျောင်းသား/သူအား လက်ဝါးဖြန့်ခိုင်းပြီး ကြိမ်လုံးဖြင့် ဖြန်းခဲနေအောင်ဆော်သည်။

ထို့ကြောင့် အခန်းထဲတွင် ဖြန်းခဲနေအသံမှအပ မည်သည့်အသံမှ မထွက်။ သို့သော် အခန်း၏နောက်ဆုံးခုံတွင်ထိုင်နေသောကျောင်းသားတစ်ယောက်ကတော့ သူလွယ်အိတ်အတွင်းသို့ မွေနှောက်ကာ တစ်ခုတစ်ခုကို အသည်းအသန်ရှာနေ၏။

သူရှာနေသည့်အရာက ဆရာပေးလိုက်သည့်အိမ်စာကို တွက်ထားသည့်စာအုပ်ဖြစ်သည်။ ကျန်ခဲ့သည့်တစ်ရက်က သချိုစာအုပ်ကုန်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အသစ်ထုတ်ကာ ထိပုစ္ဆာကို သေသေချာချာတွက်ထားခဲ့သည်။ ယခုတော့စာအုပ်ကရှာမတွေ့ အိမ်မှာကျန်ခဲ့ပြီထင်သည်။ ဆရာကတိတိကျကျ သမားဖြစ်ခြင်းကြောင့် ထိုသို့သောအမှားမျိုးကို လုံးဝခွင့်လွှတ်မှာမဟုတ်။ အရိုက်ခံဖို့က သေချာသလောက်ရှိသွားပြီ။

အရိုက်ခံရခြင်း မခံရခြင်းက နေရဲသစ်အတွက် ပြဿနာတစ်ခုမဟုတ်ပါ။ ကြုံနေကျဖြစ်ခြင်းကြောင့် ရိုးအီနေပါပြီ။

ဒါပေမဲ့ ဒီပုစ္ဆာကကျောင်းပိတ်ရက်နှစ်ရက်လုံးလုံး ကိုယ်ခေါင်းခြောက်ခံ၍ အသည်းအသန်တွက်ထားရသောပုစ္ဆာ ဖြစ်နေသည်။ ယခုဆရာကိုပြရန်စာအုပ်ပါမလာသောအခါ မချိမခံသာ...မချင့်မရဲ...အားမလိုအားမရဖြစ်မိသွားသည်။

ထိုစဉ်ဆရာ၏စကားသံထွက်လာသည်။

'ကဲ...ဆရာ့ကို အိမ်စာပြဖို့ဘယ်သူကျန်နေသေးလဲ'

သက်ပြင်းချ၍ နေရဲသစ်မတ်တပ်ထရပ်လိုက်သည်။

'ကျွန်တော်...ကျန်သေးတယ်ဆရာ'

ဆရာဦးမြင့်ဆွေမျက်မှောင်ကုံ့၍...

'မင်းက ဘာဖြစ်လို့လာမပြရတာလဲ'

'ကျွန်တော်တွက်ပြီးသွားပေမယ့် စာအုပ်အိမ်မှာ ကျန်ခဲ့လို့ပါ'

'အေး...ဒါဆိုရင်အပြင်ထွက်ခဲ့'

နေရဲသစ်ဆရာ့ထံလက်ကလေးပိုက်၍ ရောက်သွားသည်။ ဆရာက ကြိမ်လုံးကိုဝင့်၍...

'နေရဲသစ်...မင်းအပြစ်မင်းသိတယ်ဆိုရင် ဟိုဘက်လှည့်'

ထုံးစံအတိုင်း...နေရဲသစ်စောဒကတက်ကြွသံသေးသည်။

'ကျွန်တော်တွက်ပြီးသွားပြီ ဆရာ...စာအုပ်က အိမ်မှာမေ့ကျန်ခဲ့လို့ပါ၊ မနက်ဖြန်မှယူလာပြီးပြမယ်လေ'

ဆရာက လက်သင့်မခံပါ။

'ငါက... ဒီနေ့ကိစ္စကို ဒီနေ့မှာပဲရှင်းတတ်တယ်ကွ'

'ဒါဆိုရင် အိမ်စာဘာလို့မေးလိုက်ရတာလဲဆရာရယ်...ကျောင်းခွင့်အတွင်းမှာပဲ နေ့မကူးခင်တွက်ခိုင်းလိုက်ရင်ပြီးရောဟာကို'

'ဘာကွ...'

'ဆရာပဲ ဒီနေ့ကိစ္စကို ဒီနေ့ရှင်းတာကြိုက်တယ်ဆို'

'အေး...အဲဒီအထဲမှာ အိမ်စာမပါဘူး...ကြာတယ်ကွာ ဟိုဘက်လှည့်'

မလွဲသာတော့လည်း နေရဲသစ်လှည့်လိုက်ရသည်။ ဤသို့လေ့ရှည်လိုက်ခြင်းအကျိုးကြောင့် တင်ပါးပေါ်သို့ ကြိမ်လုံးက ခပ်ပြင်းပြင်းရောက်သွား၏။

'ဖြန်း...ဖြန်း...ဖြန်း'

နေရဲသစ်တင်ပါးလေးပွတ်၍ ကိုယ့်ခုံသို့ပြန်လာကာ ဝင်ထိုင်သည်။

ထိုစဉ် ဆရာက...

'ကဲ...ဒီနေ့တပည့်တို့ကို ပြောစရာရှိတယ်...ဆရာပေးလိုက်တဲ့အိမ်စာကို ဒီနေ့တစ်တန်းလုံးမှာ မှန်အောင်တွက်လာတဲ့ကျောင်းသားဘယ်နှစ်ဦးရှိတယ်လို့ မင်းတို့ထင်သလဲ'

ဘယ်သူမှ ဘာမှပြန်မပြောပါ။ သိမှမသိပဲကိုး ဆရာက ဆက်၍...

'အင်း...တစ်ယောက်ပဲရှိတယ်'

အကုန်လုံးအူတူတူဖြင့် ဆရာ့ကိုဝိုင်းကြည့်ကြသည်။ ဘယ်တစ်ယောက်လဲပေါ့။

ကိုယ်မမှန်ပေမယ့် သူများတွေတော့မှန်မှာပဲလေဆိုပြီး အတွေးရှိခဲ့သူများမို့ ယခုလိုတစ်တန်းလုံးတွင်မှ တစ်ယောက်တည်းသာ အဖြေမှန်သည်ဆိုသဖြင့် အားလုံးအံ့အားသင့်သွားသည်မှာ မဆန်းပေ။

ဆရာကထပ်၍...

www.burmeseclassic.com

www.burmeseclassic.com

'ကဲ...အဲဒီမှန်တဲ့တစ်ယောက်မတ်တပ်ရပ်ပါဦး'

ဆရာ၏ စကားလည်းဆုံးရော မိန်းကလေးတစ်ယောက်မတ်တပ်ထရပ်သည်။ ထိုအခါတစ်တန်းလုံးက 'ဩော်' ဟုပြိုင်တူရေရွတ်လိုက်ကြသည်။ ထို 'ဩော်' ၏ အဓိပ္ပာယ်ကတော့ သူကတော့ဖြစ်နိုင်မှာပါလေဆိုတဲ့ အာမေဋိတ်ပါ။

သူဆိုသည့် သူမကတော့ အတန်းထဲတွင် ပထမဆိုသည့်နေရာကို အမြဲတမ်းသိမ်းပိုက်ထားတတ်တဲ့ ဆရာ...ဆရာမတွေရဲ့အချစ်တော် 'ဝဉ်ဝါဝင်း' ပါ။ ဆရာက...

'အေးကွာ...တစ်တန်းလုံးမှာ သမီးတစ်ယောက်ပဲ ဒီပုစ္ဆာကို အဖြေမှန်အောင်တွက်နိုင်တယ်ဆိုတော့ ချီးကျူးစရာပဲ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဝဉ်ဝါဝင်း ပီတိဖြစ်သွားပြီး နှုတ်ခမ်းလေးကိုက်ပြီး ရှက်ပြုံးပြုံးသည်။ တစ်တန်းလုံးကလည်း ဝဉ်ဝါဝင်းကို အားကျဝုတ်ဝုန်းနေကြသည့်အကြည့်ဖြင့် ဝိုင်းကြည့်ကြသည်။
(မှတ်ချက်။ ထိုအထဲတွင် နေရဲသစ်ဆိုသော ငတီမပါဝင်ပါ။ ခေါင်းကြီးအောက်ငုံ့ကာ တင်ပါးကိုသာ ကြိတ်၍ပွတ်နေသည်။)

ဝဉ်ဝါဝင်းကိုယ်တိုင်ကလည်း တစ်တန်းလုံး၏ဂုဏ်သိက္ခာကို ဆယ်လိုက်နိုင်သဖြင့် သူရဲကောင်းဖြစ်သွားခြင်းကြောင့် ရင်ထဲတွင် ရွှင်စိရွှင်စိဖြစ်နေသောပျော်ရွှင်မှုတို့ကို မျက်နှာပေါ်တွင် မပေါ်ရအောင်ကွန်ခြေဆည်၍ ထိန်းထားရသော်လည်း မျက်နှာလေးကိုတော့ မော့ထားသည်။

ဆရာ ဦးမြင့်ဆွေက လေးနက်သောလေသံဖြင့်...

'အင်း...ဒီပုစ္ဆာကို ကျွန်တဲ့သူတွေတစ်ယောက်မှ မှန်အောင် မဖြေနိုင်တာက သိပ်တော့လည်း မထူးဆန်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပုစ္ဆာက မင်းတို့သင်ရိုးညွှန်းတမ်းထဲမှာ မပါသလို...လွယ်ကူတဲ့ပုစ္ဆာလည်း မဟုတ်ဘူး။ ဆရာကိုယ်တိုင် မင်းတို့ရဲ့သချာဉာဏ်စွမ်းကို စမ်းသပ်ချင်တဲ့အတွက် တွက်ခိုင်းလိုက်တဲ့ပုစ္ဆာအသစ်ပါ၊ ဒီတော့ ဒီပုစ္ဆာကို ဝဉ်ဝါဝင်း

ဆိုတဲ့သမီးတစ်ယောက်တည်းကပဲ မှန်အောင်တွက်နိုင်ခဲ့တဲ့အတွက်...သူရဲ့သချာဉာဏ်စွမ်းကိုတော့ ဆရာတို့ချီးကျူးရလိမ့်မယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဝဉ်ဝါမှာ ကိုယ့်ကိုကိုယ်ဝုန်းယူမဲ့ဆုံးဖြစ်သွားရတော့သည်။ ဆရာက တမင်တကာဉာဏ်စမ်းချင်၍ တွက်ခိုင်းလိုက်သည့်ပုစ္ဆာကို မိမိတစ်ယောက်တည်းသာမှန်အောင်တွက်နိုင်သည့်အတွက် တစ်တန်းလုံးမှာ ကိုယ်ဉာဏ်အကောင်းဆုံးဆိုတာ ထင်ရှားသွားပြီလေ။

တစ်တန်းလုံးကလည်း ဝဉ်ဝါဝင်းအား အထင်ကြီးသွားကြ၏။
(မှတ်ချက်။ ထိုအထဲတွင် နေရဲသစ်မပါသေးပါ။ တင်ပါးပွတ်၍ မပြီးသေးခြင်းကြောင့် ဖြစ်သည်။)

ဆရာ ဦးမြင့်ဆွေက ဆက်၍...

'အဲဒါကြောင့်...တစ်တန်းလုံးဗဟုသုတရအောင် ဒီပုစ္ဆာကို အတန်းရှေ့ထွက်ပြီး သမီးကတစ်ဆင့်ချင်းရှင်းပြပြီး တွက်ပြပေးပါလား'

ဆရာပြောလိုက်သည့်စကားသည် ဘာမှမထူးဆန်းဝါ။ ဒါပေမဲ့ ဝဉ်ဝါ၏နှလုံးထဲတွင် ဗုံးတစ်လုံးပေါက်ကွဲသလိုဝင်ရောက်သွားပြီး မျက်နှာကွက်ခနဲပျက်သွားပါတော့သည်။

'ရှင်...ဆရာ...ဟိုး...ဟိုး...'

'ဘာလဲ သမီး...ဘာဖြစ်လို့လဲ'

'ဘာ...ဘာမှမဖြစ်ပါဘူး ဆရာ'

'အေးဒါဆို...လာပြီးတွက်လေ'

'ရှင်...ဟုတ်...ဟုတ်ကဲ့'

ဝဉ်ဝါမျက်နှာပျက်ပျက်ယွင်းယွင်း၊ ခြေလှမ်းတုံ့နေးတုံ့နေးဖြင့် အတန်းရှေ့သို့ထွက်လာသည်။ ဆရာက မြေဖြူလှမ်းပေးလိုက်ပြီး

'ရော့သမီး...တစ်ဆင့်ချင်းကို ရှင်းပြပြီးတွက်နော် ဒါမှသူများတွေနားလည်မှာ

www.burmeseclassic.com

www.burmeseclassic.com

'ရှင်...ဟို...ဟုတ်'

ဝင့်ဝါမြေဖြူကိုင်၍ လက်တုန်ခြေတုန်ဖြင့် စာသင်ဘောကြီးကို ကြည့်ကာ တွေတွေကြီးရပ်နေ၏။ မျက်နှာကလည်း ပြိုတော့မည့် မိုးလို ဖြစ်နေသည်။ ဆရာက...

'တွက်လေ... သမီးဘာလုပ်နေတာလဲ'

ဝင့်ဝါ၏ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်ခါသွားသည်။

'ရှင်...ဟုတ် ဆရာ'

ထို့နောက်တော့သချိုင်္ဘာတစ်ကြောင်းကို စတင်ရေးခြစ်လိုက်သည်။

ပထမတစ်ဆင့်ရေးပြီးသွားသည်အထိ ဆရာကဘာမှမပြောပါ။ ဒုတိယတစ်ဆင့်တွက်ရန်ပြင်လိုက်စဉ်မှာပင် ဆရာက...

'နေဦးလေ...သမီးဘာကြောင့် ဒီအဆင့်ထိရောက်သွားရသလဲဆိုတာကို ရှင်းပြလိုက်ဦးလေ'

'ဟို...ဟို သမီးမရှင်းပြတတ်ဘူးဆရာ...တစ်ပုဒ်လုံးကို အစအဆုံးမှန်အောင်ပဲ ရေးပြလို့မရဘူးလား'

'ဒီလိုမှန်အောင်ရေးတတ်ရုံနဲ့ ဘယ်ရမလဲ...မှန်ယုံနဲ့မပြီးဘူး... ဘာကြောင့်ဒီလိုမှန်ရသလဲဆိုတာ သက်သေပြတတ်ဖို့လိုသေးတာပေါ့။ နို့မို့ဆိုရင် အလွတ်ကျက်ထားပြီး ပြန်ရေးပြသလိုဖြစ်နေမှာပေါ့'

ဆရာပြောတာကမလွန်ပါ။ အမှန်တရားဆိုသည်မှာ သက်သေလိုသည်လေ။ ထိုသို့ပြောလိုက်ခြင်းကြောင့် ဝင့်ဝါမှာငိုချလိုက်တော့မည့် မျက်နှာမျိုးဖြစ်သွားပါသည်။ လက်ထဲမှမြေဖြူခဲကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ကျောက်ရုပ်ကြီးသဖွယ်ရပ်နေ၏။

တစ်တန်းလုံးကလည်း ဝင့်ဝါဘယ်အချိန်ရှင်းပြမလဲ...ရှင်းပြမလဲ ဆိုသောသဘောမျိုးဖြင့် ငြိမ်သက်စွာစောင့်ကြည့်နေကြသည်။

ထိုအထဲတွင် နေရဲသစ် ပါဝင်လာပါပြီ။

တိတ်ဆိတ်ခြင်းက အချိန်အနည်းငယ်ကြာသွား၏။

ဆရာ ဦးမြင့်ဆွေက စိတ်မရှည်ဖြစ်လာသောလေသံဖြင့်...

'သမီး...ဘာဖြစ်နေတာလဲ...ရှင်းတော့လေ'

ဝင့်ဝါလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ဟို...ဟို...သမီး...မ...မရှင်းတတ်ဘူး ဆရာ'

ဆရာဦးမြင့်ဆွေမျက်မှောင်ကုတ်၍...

'အဓိပ္ပာယ်မရှိတာ...သမီးကိုယ်တိုင်တွက်ခဲ့တဲ့ပုစ္ဆာပဲ ရှင်းပြတတ်ရ ဘူးပေါ့'

'ဟို...ဟိုလေ...သမီးက ကိုယ့်ဘာသာကိုယ်ပဲတွက်တတ်တာ သူများကိုတော့ ပြန်မရှင်းပြတတ်ဘူး'

ဆရာဦးမြင့်ဆွေ ခေါင်းခါသည်။

'မဟုတ်သေးပါဘူး...ဒါဆိုရင် ဒီလိုလုပ်'

ဟုဆိုပြီး အိုင်းကိန်းတစ်ခုအား ထောက်ပြရင်း...

'ဒီအိုင်းကိန်းက ဘယ်လိုသိအိုရီကြောင့်ဖြစ်လာသလဲဆိုတာ ဆရာ့ကိုပြောစမ်း'

ဝင့်ဝါဘာမှပြန်ပြောခြင်းမရှိတဲ့... ထိုအိုင်းကိန်းကို တစ်လှည့်... ဆရာ့မျက်နှာကိုတစ်လှည့် ကယောင်ချောက်ချားဟန်ဖြင့်ကြည့်ရင်း နှုတ်ခမ်းကို ဖိကိုက်ထားလေသည်။

အချိန်ခဏမျှထပ်ကြာသွားသည်။

ဆရာဦးမြင့်ဆွေ သဘောပေါက်သွားဟန်ဖြင့် ဝင့်ဝါကိုကြည့်ကာ သက်ပြင်းချပြီး ခေါင်းတစ်ချက်ညိတ်ကာ...

'အင်း...လက်စသပ်တော့ သမီးက ဒီပုစ္ဆာကို ကိုယ်တိုင်တွက်ခဲ့ ဘာမှမဟုတ်ဘဲ...ဆရာပြောတာဟုတ်တယ်မဟုတ်လား'

ဆရာ ညင်ညင်သာသာလေသံဖြင့် ပြောလိုက်တာပါ။ ဒါပေမဲ့ ဝင့်ဝါတစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာပြီး...

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါတယ် ဆရာ... သမီးအဖေက စက္ကသိုလ်က သခ်ၤာဆရာပါ။ ဒီပုစ္ဆာက အရမ်းခက်လွန်းတော့ အဖေ့ကိုတွက်ခိုင်းပြီး သမီးကူးလာတာပါ'

ဤသို့ဝန်ခံလိုက်ခြင်းကြောင့် မကြားသေးမီအချိန်ကမှ တစ်တန်းလုံး၏သူရဲကောင်းဖြစ်ခဲ့သော ဝင့်ဝါမှာ ယခုတော့ တစ်တန်းလုံး၏ အထင်သေးသောအကြည့်အောက်တွင် ကြွက်စုတ်တစ်ကောင်သဖွယ် ဖြစ်သွားတော့သည်။

ဒါပေမဲ့ ဆရာကတော့ နားလည်ဟန်ဖြင့်...

'အေးလေ... ဒါဆိုလည်းသွားတော့... ဒါပေမဲ့ နောက်တစ်ခါဆိုရင်တော့ ဒီလိုမလုပ်မိစေနဲ့ပေါ့ကွယ်။'

'ဟုတ်ကဲ့ စိတ်ချပါ ဆရာ...'

ဝင့်ဝါထိုသို့လေသံတိမ်တိမ်လေးဖြင့်ပြောရင်း ကိုယ့်ထိုင်ခုံသို့ ခေါင်းကလေးငုံ့ကာ ပြန်သွားသည်။

အမြတ်မီးပထမဆိုသောဂုဏ်ပုဒ်ဖြင့် ခေါင်းမော့ရင်ကော့ကာနေခဲ့သောဝင့်ဝါမှာ ဒီနေ့တော့အရှက်တကွဲဖြင့် ခေါင်းငုံ့ခဲ့ရပြီဖြစ်သည်။

ဝင့်ဝါအရမ်းကိုရှက်သွားခဲ့ပါသည်။

ဒါကို ဆရာဦးမြင့်ဆွေကရိပ်မိခြင်းကြောင့် ဝင့်ဝါ၏အရှက်အားဖာထေးလိုသောသဘောဖြင့်...

'က... ကျန်တဲ့သူတွေလည်းဆရာပြောမယ်... ဝင့်ဝါအပေါ်ကို တစ်မျိုးမမြင်ကြနဲ့... ဘာဖြစ်လို့လဲဆိုတော့ ဆရာ့ဘက်ကလည်းလိုသွားတာရှိတယ်... မင်းတို့ကို ဉာဏ်စမ်းချင်ယုံနဲ့ ဒီလိုဆယ်တန်းကျောင်းသားဉာဏ်ရည်နဲ့ မမျှတဲ့ပုစ္ဆာအခက်ကြီးကို တွက်ခိုင်းခဲ့မိတယ်... ဒါကြောင့် ဘယ်သူမှ မတွက်နိုင်ခဲ့တာ မင်းတို့မှာအပြစ်မရှိဘူး'

ထိုသို့ပြောပြပြီး ဝင့်ဝါ၏သိက္ခာကို ဆယ်ပေးလိုက်သော်လည်း ကျောင်းသားတစ်ယောက်ထပြောလိုက်သောစကားကြောင့် အခြေအနေတို့သည် ပြောင်းလဲသွားတော့သည်။

'ဘယ်သူမှ မတွက်နိုင်တာတော့မဟုတ်ပါဘူး ဆရာ... ဒီပုစ္ဆာကို ကျွန်တော်တွက်ပြနိုင်ပါတယ်'

ထိုသို့ပြောလိုက်တာကတော့ နေရဲသစ်ဆိုတဲ့ကောင်ပါ။

အကုန်လုံးနေရဲသစ်ကို အံ့သြသည့်ဟန်ဖြင့် ကြည့်ကြသည်။

ဆရာဦးမြင့်ဆွေက မျက်မှောင်ကျုံ့၍...

'မင်းဘာပြောလိုက်တာလဲ နေရဲသစ်'

'ကျွန်တော်တွက်ပြနိုင်တယ်လို့ ပြောတာပါဆရာ'

ထိုသို့သေသေချာချာကြီး ထပ်ပြောလိုက်သောအခါ ဆရာဦးမြင့်ဆွေမျက်နှာပေါ်တွင် အရိပ်တစ်ခုဖြတ်သန်းသွားပြီး...

'အေး... ဒါဆိုလည်း အပြင်ထွက်ပြီး လာတွက်ပြစမ်း'

'ဟုတ်ကဲ့ ဆရာ'

နေရဲသစ် ခပ်တည်တည်ဖြင့် အတန်းရှေ့သို့ ထွက်လာသည်။

အားလုံးကတော့ ဟုတ်မှဟုတ်ပါ့မလားဆိုသောမျက်လုံးများဖြင့် စောင့်ကြည့်လျက်။

နေရဲသစ် ရုပ်တည်ကြီးဖြင့် လက်ဝါးဖြန့်ပြီး...

'ကျွန်တော့်ကို မြေဖြူပေးပါ ဆရာ'

'ဩော်... အေး ... အေး...'

'ပြီးတော့ ကျွန်တော်... ဟို... ဝ သုံးလုံးရေးထားတာကို ဖျက်လိုက်မယ်နော် ဆရာ'

ဆရာဦးမြင့်ဆွေ နဝေတိမ်တောင်ဖြစ်သွားပြီး...

'ဘာလဲကွ... ဘယ်က ဝ သုံးလုံးလဲ'

'ဝ သုံးလုံးဆိုတာ ဝင့်ဝါဝင်းကိုပြောတာပါဆရာ'

ထိုအခါမှ ဆရာနားလည်သွားပြီး...

'ဩော်... အေး... ဖျက်... ဖျက်'

နေရဲသစ် ဝင့်ဝါဝင်းရေးထားသောပုစ္ဆာကို ဖျက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက်အတန်းသားများဘက်သို့ လှည့်သည်။

ပုဆိုးပြင်ဝတ်သည်။ အင်္ကျီလက်ကိုခေါက်သည်. ကော်လံကို ပုံကျအောင်ပြင်သည်။ ထိုသို့ အမြင်ကတ်စရာများကို ပြုလုပ်ပြီးနောက် ရုပ်တည်ကြီးဖြင့် ...

'အဟမ်း...အဟမ်း...အတန်းဖော်သူငယ်ချင်းကျောင်းသား၊ ကျောင်းသူအပေါင်းတို့...ဒီနေ့ ငါမင်းတို့ကို ရှင်းပြမယ့်ပုစ္ဆာက ခက်ခဲတယ်... ကျယ်ပြန့်တယ်...နက်ရှိုင်းတယ်...တော်ယုံလူပိန်းတွေ လုံးဝလိုက်မမီနိုင်တဲ့ပုစ္ဆာဖြစ်တယ်...ငါလို ရွှေဉာဏ်ရှင်ဆိုရင်တော့ တစ်မျိုးပေါ့။ ဒါကြောင့် မင်းတို့ ငါရှင်းပြတာကို သေသေချာချာဂရုစိုက်ပြီး နားထောင်ပါ...နားမလည်လို့ကတာရှိရင်လည်း ချက်ချင်းထမေးပါ... ဒါမှ မင်းတို့တတွေအမှန်တကယ်ပညာရမှာ...အဲ...ကိုယ်နားမလည်ဘူးဆိုတိုင်း သူများဆီကကူးချဖို့တော့ ဘယ်တော့မှမလုပ်နဲ့ အဲဒါမကောင်းဘူး...ကြားလား'

ကြားတယ်ဟု ဘယ်သူမှပြန်၍မဖြေပါ။

နေရဲသစ် ဝင့်ဝါရှိရာသို့ အလိုအလျောက်ဖြတ်ခနဲလှမ်းကြည့်လိုက်မိသည်။ ကိုယ့်အား မီးထွက်မတတ်မျက်လုံးဖြင့်ကြည့်နေကြောင်းကို တွေ့ရသည်။

'အဟမ်း...အဟမ်း ထပ်ပြောမယ်ဆိုရင် ဒီပုစ္ဆာရဲ့နက်နဲမှုဟာ... အား...'

'အား...' ဆိုတဲ့အသံကတော့ ဆရာဦးမြင့်ဆွေက ခေါင်းကို ကြိမ်လုံးနဲ့ခပ်ဆတ်ဆတ်ရိုက်လိုက်လို့ အော်တဲ့အသံပါ။

'မင်းတော်တော်စကားရှည်တဲ့ကောင်ပဲ...တွက်မှာသာ တွက်တော့ဟင်း...'

'ဟုတ်...ဟုတ်ကဲ့ ဆရာ...အဟီး'

ထို့နောက်တော့ နေရဲသစ်ခေါင်းကိုပွတ်ကာ ပုစ္ဆာတွက်လေသည်။

နေရဲသစ်မှာ ထိုပုစ္ဆာကို စိတ်ဝင်စားလွန်းသောကြောင့် ကျောင်းပိတ်ရက်နှစ်ရက်လုံးလုံး အပြန်ပြန်အလှန်လှန်တွက်ထားခဲ့ခြင်းဖြစ်သဖြင့် သဘောဘရားအားလုံးကို ကျေညက်နေကာ...ယခုလိုအချိန်တွင် ထမင်းစားရေသောက်သဖွယ် လွယ်ကူစွာပြန်၍ ရှင်းပြနိုင်ပြီဖြစ်သည်။

ပုစ္ဆာ၏တစ်ဆင့်ချင်း တစ်ဆင့်ချင်းကို နေရဲသစ် သေသေချာချာရှင်းလင်း၍ တွက်ပြသည်။ ဤသို့ နေရဲသစ်၏ပိုင်နိုင်စွာရှင်းလင်းချက်ကြောင့် ပထမ မတွက်ခင်လေ့ရှည်နေသောအချိန်က အတန်းသားများမှာ ဒီဗရုတ်သုတ်ကွကောင်လားဒါကိုတွက်နိုင်မှာဟု အတွေးရှိခဲ့သော်လည်း ယခုတော့ ပါးစပ်ဟောင်းလောင်းဖြင့် အံ့အားသင့်ကုန်ကြတော့သည်။

နောက်တော့ပုစ္ဆာကို အစအဆုံးမှန်ကန်စွာတွက်ချက်ရှင်းလင်းပြီးသောအခါ...ဆရာဘက်သို့ လှည့်၍...

'ကျွန်တော်တွက်တာ ဟုတ်ပါတယ်နော် ဆရာ...'

ဆရာခေါင်းညိတ်သည်ဆိုယုံမျှ ညိတ်ပြသည်။ နောက်တော့...

'ကဲ...ကဲ...မင်းအတန်းမင်းသွားတော့...'

ထိုသို့ပြောလိုက်သဖြင့် နေရဲသစ် မကျေမနပ်ဖြင့် အတန်းသို့ပြန်ရောက်လာသည်။ ဘယ်ကျေနပ်ပါ့မလဲ။ ဝင့်ဝါဆိုသော ငတိမကိုတော့ ဘာမှမဟုတ်ဘဲနဲ့ ချီးကျူးလိုက်တာမှလွန်ရော...ကိုယ့်ကျတော့ ဒီလောက်အာပေါက်...လက်ညောင်းခံပြီး ပြောပြတွက်ပြတာတောင်မှ ဘာချီးကျူးစကားတစ်ခွန်းမှမပြောဘဲ...'

ထို့နောက်တော့ ဆရာဆက်သင်သည်။ စာသင်ချိန်ပြောင်းသွားသောအခါ ဆရာက အတန်းထဲမှမထွက်ခွာမီအချိန်တွင်...

'နေရဲသစ်...'

'ဗျာ...ဆရာ...'

'မုန့်စားဆင်းချိန်ကျရင် ဆရာ့နားနေခန်းကို လာခဲ့ဦး...'

'ဟုတ်ကဲ့ပါ...ဆရာ...'

www.burmeseclassic.com

www.burmeseclassic.com

ဘာအတွက်ကြောင့်မှန်းမသိပေမယ့် ဆရာကခေါ်တယ်ဆိုတော့လည်း သွားရတော့မှာပေါ့။ ဆရာအခန်းထဲမှ ထွက်သွားပြီးနောက်, နောက်ဆရာဝင်မလာခင်အချိန်တွင် ကျောင်းများခဏတာ လွတ်လပ်ရေးရသွားကြသည်။

ပထမဦးစွာ နေရဲသစ်၏သူငယ်ချင်းဖြစ်သူ မျိုးထူးက မတ်တတ်ထရပ်၍.. စာသံပေသံဖြင့်...

'အတန်းသူ၊ အတန်းသားအပေါင်းတို့...ယနေ့သင်တို့အားလုံး၏ဂုဏ်သိက္ခာကို ဆယ်ပေးလိုက်သူသည် တခြားမဟုတ်...ကျွန်ုပ်၏ချစ်လှစွာသောသူငယ်ချင်းကြီး နေရဲသစ်ပင် ဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်၏သူငယ်ချင်းကြီးနေရဲသစ်သာ မကယ်တင်ခဲ့ပါက...ကျွန်ုပ်တို့စာသင်ကြားပြီး မိုတင်းနေထိုင်ကြသော ဤဆယ်တန်း (D) အခန်းသည် တခြား A. B. C. အစရှိသောအခန်းများမှ ကျောင်းသားများ၏ထွေးသောတံတွေးပင်လယ်တွင် လက်ပစ်ကူးဖို့သာရှိတော့သည်။ ထို့ကြောင့် သင်တို့အားတံတွေးပင်လယ်မှ ကယ်တင်ခဲ့သော ကျွန်ုပ်၏ချစ်လှစွာသောသူငယ်ချင်းကြီးအား 'ဆရာကြီး' ဟု သုံးကြိမ်သုံးခါတိုင်တိုင်ပြိုင်တူ ဟစ်အော်၍ ဂုဏ်ပြုကြပါအုံ...'

မျိုးထူးစကားဆုံးသည်နှင့် တပြိုင်နက် ရဲသစ်က ခန့်ခန့်ပုံစံကြီးဖြင့်မတ်တတ်ထရပ်လိုက်သည်။

ထိုအခါတစ်တန်းလုံးတွင် ဝင့်ဝါဝင်းနှင့် သူ၏အပေါင်းအသင်းများမှအပ ကျန်သည့်လူများကဝိုင်း၍-

'ဆရာကြီး နေရဲသစ်'

'ဆရာကြီး နေရဲသစ်'

'ဆရာကြီး နေရဲသစ်'

ဟု သုံးကြိမ်တိုင်တိုင်ရယ်မောတတ်ကြွစွာအော်ဟစ်လိုက်ကြသည်။

ထိုသို့နေရင်းထိုင်ရင်းဆရာကြီးဖြစ်သွားသော နေရဲသစ်က

နှတ်ဆိတ်မွေးမပေါက်သေးသောမေးစေ့ကို ပွတ်၍ လေးဖြူစကားပြောသောအလေ့အဖြင့်...

'အဟမ်း...အင်း...ခုလိုပြောကြားပေးတဲ့အတွက်...အားလုံး...အားလုံးကိုကျေးဇူးတင်ပါတယ်...ကျေးဇူးပြုပြီးတော့ မတ်တတ်မရပ်ပါနဲ့။ ငြိမ်ငြိမ်လေးထိုင်နေပေးပါ... ကျွန်တော်က ကိုယ့်ဘဏ်ရည်ဘဏ်သွေးကိုသာ အားကိုးတတ်တဲ့သူဆိုတာ...ခုတော့အားလုံးသိမြင်လိုက်ကြမှာပါ'

ထိုသို့ပြောလိုက်ရာ ဝင့်ဝါဝင်းထိုင်နေရာမှ ဝုန်းခနဲမတ်တတ်ထရပ်၍...

'ဟဲ့...ရဲသစ် နင်ဘာစကားပြောတာလဲ'

'ငါ မြန်မာစကားပြောနေတာလေ...ဘာလဲနင်နားမလည်ဘူးလား'

'နားလည်တယ်ဟဲ့ နားလည်လွန်းလို့ခက်နေတာ...ယောကျ်ားဖြစ်ပြီးတော့ စောင်းပြောနေတာကိုလေ...ဟွန်း...'

'ဘာလဲ...အနာပေါ်တုတ်ကျသွားလို့လား...အေးပေါ့လေ နင်က ရိုးသားမှုမှမရှိတာ။ ငါတို့က ကိုယ့်ဖာသာရိုးရိုးလေးပဲ ပြောနေကြတာ'

'နင်...နင်...မိုက်ရိုင်းလှချည်လား'

ဝင့်ဝါ စွေ့စွေ့ခုန်သွားသည်။

'အေး...အမှန်တရားကနည်းနည်းတော့ အရိုင်းဆန်တယ်ဟ...'

'နင်...နင့်ကို သတ်ရမှ ကျေမယ်'

'ကြည့်စမ်း...ကြည့်စမ်း...နင်က မုသာဝါဒါတင်မဟုတ်ဘူး။ ပါးစပ်တိပါတာပါ ကျူးလွန်နေချင်ပြီပေါ့လေ'

ဝင့်ဝါ ဒေါသထွက်လိုက်သည်မှာ ပြောစရာကိုမရှိတော့။ ဘယ်လိုပြောပြော ဒီနေ့အဖို့ သူ့ဘက်က အရှုံးချည်းပဲကိုး။ ခါတိုင်းဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

လတ်ဆတ်သောအလှတရားနှင့် ပထမဆိုသောဂုဏ်ပုဒ်တို့ကြောင့် နံမည်နှင့် လိုက်အောင် ဝင့်ဝါနေနိုင်ခဲ့သည်။ ဒီနေ့မှ နေရဲသစ်ဆိုသော ပေါက်တတ် ကရကောင်၏ ခြေဖဝါးအောက်ရောက်သွားရခြင်းကြောင့် ရင်ထဲတွင် ဆူးတစ်ချောင်းစူးနစ်ဝင်သလို ဖြစ်သွားခဲ့ပါပြီ။

ဝင့်ဝါ မကျေနပ်နိုင်ပါ...ဘယ်လိုမှကို မကျေနပ်နိုင်ပါ။ သို့ရာတွင် ခွန်းတုံ့ပြန်ရန်စကား ရှာ၍မရတော့။ ကျလုလုမျက်ရည်ကို အံကြိတ်ပြီး ထိန်းထားရသည်။

ထိုစဉ်အခန်းထဲသို့ ဆရာမ ဝင်လာသည်။

ထို့ကြောင့် အခြေအနေက ပုံမှန်အနေအထားသို့ ပြန်ရောက်သွားသည်။

မုန့်စားဆင်းချိန်ရောက်သောအခါ ဆရာဦးမြင့်ဆွေကခေါ်ထားသဖြင့် နေရဲသစ် ဆရာရှိရာသို့ ရောက်လာခဲ့သည်။

'ကျွန်တော် ရောက်ပါပြီ ဆရာ...'

'အေး...လာကွာ'

ဆရာဦးမြင့်ဆွေက တခြားကျောင်းသားများ၏စာအုပ်တစ်ပုံတစ်ခေါင်းကြီးကို စစ်ဆေးနေခြင်းဖြစ်၏။ ထိုသို့စစ်ဆေးနေရင်းမှပင် နေရဲသစ်အားမကြည့်ဘဲ...

'ဒီကျောင်းမှာ လွန်ခဲ့တဲ့သုံးနှစ်ကတည်းက သချိုင်္ဂဏ်ထူးထွက်တဲ့ဆယ်တန်းကျောင်းသားပျောက်သွားတယ်ကွ'

'ဟုတ်ကဲ့...ဆရာ'

'အေး...ဒီနှစ်တော့ မင်းထွက်အောင်လုပ်'

'ဟုတ်ကဲ့...ဆရာ'

'ဒါပါကွာ...သွားလို့ရပြီ...'

'ဟုတ်ကဲ့...ဆရာ'

နေရဲသစ် ဆရာ့အခန်းမှထွက်ရန် ပြင်လိုက်စဉ်မှာပင်...

'ကြော်...ဒါနဲ့...မင်းအိမ်စာတွက်ထားတဲ့စာအုပ် ငါ့ကိုလာပြဦး အမှတ်ခြစ်ပေးမလို့'

'ဟုတ်ကဲ့...မနက်ဖြန်ကျရင် ကျွန်တော်ယူလာပါ့မယ်'

'အေး...အေး...'

ဆရာမြင့်ဆွေပြောလိုက်တာက ဒီလောက်ပဲဖြစ်သည်။ ဒါပေမဲ့ နေရဲသစ်အခန်းထဲသို့ ပြန်ရောက်လာသာအခါ ဝင့်ဝါအား...

'ဟဲ့...ဝသုံးလုံး...'

ဝင့်ဝါခေါသသံဖြင့်...

'နင်ငါ့ကို ဒီလိုမခေါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ'

'ကြော်အေး... ဆောရီး...ဒါနဲ့ ငါအခုဆရာဦးမြင့်ဆွေဆီက ပြန်လာတာဟာ'

'အဲဒါ...ငါက ဘာလုပ်ရမှာလဲ'

'ဘာလုပ်ရမှာလဲဆိုတော့ ဆရာကငါ့ကို တာဝန်ပေးလိုက်တယ်... နင်ကို ငါကစောင့်ကြည့်ရမယ်တဲ့...ဟင်း...ဟင်း...'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဝင့်ဝါမျက်လုံးကျယ်သွားပြီး...

'ဘာရယ်...နင်က ငါ့ကိုစောင့်ကြည့်ရမယ်၊ ဟုတ်လား...'

'ဟုတ်ပ'

'နင်နော် မဟုတ်တာတွေလာမပြောနဲ့'

'နင်မယုံလည်း ဆရာ့ကိုသွားမေးပါ'

ထိုသို့ဆရာဖြင့်ကိုင်ပေါက်လိုက်သဖြင့် ဝင့်ဝါ မချိမခံသာဖြင့် ငြိမ်သွားသည်။ ယုံတာကတော့မယုံပါ။ ဒါပေမဲ့ ဆရာ့ကိုသွားဖို့ဆိုတာတော့ ခမေးရဲ့။ ထို့ကြောင့် နေရဲသစ်ကို အစိမ်းလိုက်ဝါးစားချင်စိတ်ဖြစ်နေသော်လည်း အောင့်အီးထားရတော့သည်။

နေရဲသစ်ကလည်း နေရဲသစ်ပင် အတန်းချိန်အားသည်နှင့်ကပြိုင် နက် ဝင့်ဝါအား မျက်လုံးဒေါက်ထောက်၍ လိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝင့်ဝါမှာ အနေအထိုင်ကျဉ်းကျပ်လိုက်သည်မှာ ပြောကိုမနေချင်၊ ထမီပြင်ဝတ်ချင်လျှင်တောင်မှ မိမိကို နေရဲသစ်ဆိုတဲ့ကောင် ကြည့်နေခြင်းရှိ မရှိ စစ်ဆေးရသေးသည်။

ထို့ကြောင့် ဝင့်ဝါစိတ်တွင် တစ်ရက်ရက်၌ ဒင်းအား လက်တုံ့ပြန်ရန်တေးထားလိုက်သည်။

ထိုရက်ကလည်း မကြာမီအချိန်လေးမှာပင် ရောက်ရှိလာခဲ့သည်။

❖ ❖ ❖

အခန်း (၂)

တစ်ရက်တွင် နေရဲသစ်တို့အုပ်စုအိမ်မှ စောစောထွက်ပြီး ကျောင်းဘောက်မီအချိန်ထိ ကျောင်းရှေ့တွင် ပိုက်ဆံကြေးဂေါလီရိုက်ကြသည်။

ဒါကို ဝင့်ဝါက မြင်တွေ့သွားခဲ့သည်။

ဝင့်ဝါမြင်သွားကြောင်း သူတို့သိသော်လည်း ကစားမက်နေသဖြင့် ရှုမစိုက်လိုက်မိကြ။ သို့သော် သူတို့ ဂရုမစိုက်သောဝင့်ဝါက လက်တုံ့ပြန်သောအားဖြင့် ထိုသတင်းကို ကျောင်းအုပ်ဆရာကြီးထံ အတိအကျ ပြောလိုက်လေသည်။

ထို့ကြောင့် ကျောင်းတက်သောအခါ နေရဲသစ်တို့ တစ်အုပ်စုလုံး ဆရာကြီးရုံးခန်းသို့ ရောက်သွားခဲ့ကြသည်။

ကျောင်းအုပ်ဆရာကြီးသည် အသက်အရွယ်ထောက်လာခြင်းကြောင့် ဘာသာရေးလိုက်စားရင်းမှ ဘာသာရေးသမားကြီး ဖြစ်နေသူဖြစ်သည်။

ထို့ကြောင့် ကျောင်းသားများအား တစ်ခါတစ်ရံဆုံးမသည့်အခါ ဘာသာရေးနှင့် သက်ဆိုင်သောစကားများကို ထည့်၍ပြောဆိုတတ်သည်။

ထို့ကြောင့် ကျောင်းရုံးခန်းအလယ်တွင် မျက်နှာငယ်ကလေးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com

လက်ပိုက်ကာရပ်နေသော နေရဲသစ်တို့အုပ်စုအား မျက်မှန်ပေါ်မှကျော်၍ ကြည့်ပြီး...

'မင်းတို့တတွေက ခုမှလူလားမြောက်ကာစပဲရှိသေးတယ်... လောင်းကစားလုပ်တတ်နေကြပြီဆိုတော့... နောင်မင်းတို့ ဖြတ်သန်းရမယ့် အနာဂတ်အတွက် ဘယ်ကောင်းပါတော့မလဲ...အင်း...မင်းတို့သိအောင် ပြောရမယ်ဆိုရင် လောင်းကစားလုပ်တဲ့လူက အပြစ်ခြောက်ပါးကိုရစေနိုင်တယ်ကွ...အဲဒီအပြစ်ခြောက်ပါးကို ဆရာတော်ဦးဗုဒ်က လင်္ကာလေးနဲ့ ဒီလိုစပ်ဆိုထားတယ်'

ဟုဆိုပြီး အသံနေအသံထားနှင့်...

'အောင်မူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင် မဝင်သက်သေ၊ မိတ်ဆွေနှိပ်ဆိုး၊ မလိုထိမ်းမြား ဤခြောက်ပါးပျော်ပါးကြွေအန်၊ အပြစ်တည်း...လို့ စပ်ဆိုဆုံးမတော်မူခဲ့တယ်...ဒါတွေကိုကြည့်ခြင်းအားဖြင့် လောင်းကစားလုပ်တာဟာ ကိုယ့်အတွက်ဘယ်လိုမှ အကျိုးမရှိနိုင်ဘူးဆိုတာ သိသာစေတယ်'

ရဲသစ်တို့အုပ်စုသည် ကလေးသာသာအရွယ်များဖြစ်ခြင်းကြောင့် ဆရာကြီးပြောတာကို နားထဲမဝင်ပါ...နားမဝင်သည့်အပြင် နားပါရှုပ်နေကြ၏။

ဆရာကြီးကဆက်၍...

'အင်း...ဆရာထပ်ပြောရမယ်ဆိုရင် လောကဥစ္ဆာပျက်စီးဆုတ်ယုတ်ရခြင်းအကြောင်းတရားဆယ့်နှစ်ပါးထဲမှာ ဒီအကွဲခုတ္တဆိုတဲ့ ကြွေအန်ကစားအမူကလည်း တစ်ပါးအပါအဝင်ပဲ'

ဆက်၍ ပြောရန်စကားဟလိုက်စဉ်မှာပင် နေရဲသစ်က...

'ကျွန်တော်တို့က ဆရာကြီးပြောတဲ့ ကြွေအန်ကစားတာကို လုပ်ခဲ့ကြတာမဟုတ်ပါဘူး ဆရာကြီး'

ဆရာကြီး ပါးစပ်ဟောင်းဟောင်းဖြင့် ရဲသစ်ကိုကြည့်သည်။

နေရဲသစ် ပြောတာက ဟုတ်သလိုလိုရှိနေသည်။ ထို့ကြောင့် သူတင်ထားသောစွဲချက်က နည်းနည်းယိုင်ယိုင်သွားပြီး ပြောရခက်သွားတယ်။

ဒါပေမဲ့... ဆရာကြီးသည် ဆရာကြီးပင်ဖြစ်သည်။ ခေါင်းကို ဘဆတ်ဆတ်ညိတ်၍...

'အင်း...မင်းပြောတာကတော့ ဟုတ်ပါတယ်...ဒါပေမဲ့ ကြွေအန်ဆိုတာပစ်ပြီးကစားရတဲ့အရာ မဟုတ်လား'

'ဟုတ်ပါတယ်...ဆရာကြီး'

'ဒါဆို မင်းတို့ ဂေါ်လီကိုရော ပစ်ပြီးမကစားရဘူးလား'

'ပစ်ရတာပေါ့ ဆရာကြီးရဲ့'

'အဟား...ဒါဆိုရင် ကြွေအန်ကစားတာနဲ့ ဂေါ်လီကစားတာနဲ့က အတူတူပဲပေါ့ကွ'

ဆရာကြီးလူလည်ကျလိုက်ပြီဆိုတာကို နေရဲသစ်တို့ ရိပ်မိလိုက်ပြီ။ ဒါပေမဲ့ နောက်ကျသွားချေပြီ။ ဆရာကြီးက ကြိမ်လုံးကို ကောက်ကိုင်၍...

'ကဲ...ကဲ...အကွဲခုတ္တလုပ်တဲ့ကောင်တွေ နောက်မလုပ်ရဲအောင် ကျွေးကိုတိုးခဲ့ကြစမ်း'

ထိုသို့ပြောပြီး တစ်ယောက်ကိုတစ်ချက်စီ ဗျောတင်ပါသည်။

နေရဲသစ်အလှည့်သို့ရောက်သောအခါ...

'နေရဲသစ်'

'ဗျာ...ဆရာကြီး'

'အပြစ်တစ်ခုကို သိလျက်နဲ့ တမင်တကာကျူးလွန်တဲ့သူနဲ့ မသိလို့ကျူးလွန်တဲ့လူနဲ့ ဘယ်သူကပိုပြီး အပြစ်ကြီးတယ်လို့ ထင်သလဲကွ'

'သိရက်နဲ့ ကျူးလွန်တဲ့လူကပိုပြီး အပြစ်ကြီးတာပေါ့ဆရာကြီးရဲ့'

'ဟုတ်လား... ဘာဖြစ်လို့လဲကွ'

'သူက ဒီကိစ္စလုပ်ရင်အပြစ်ဖြစ်မှာကို သိနေတော့ မလုပ်ဘဲရှောင်

www.burmeseclassic.com

www.burmeseclassic.com

တိမ်းလို့ရတယ်လေ…ဒါပေမယ့် မရောင်ဘဲတမင်တကာကြီးလုပ်တာနဲ့တော့ ပိုပြီးအပြစ်ကြီးဟာပေါ့'

'အဟား…ငါ့တပည့်တော်သားပဲ'

ထိုသို့ဆရာကြီးကမြှောက်လိုက်သဖြင့် နေရဲသစ်မြှောက်သွားသည်။

'ဆရာကြီးကလဲ…ဟဲ…ဟဲ…'

ဒါပေမဲ့ မြှောက်ပြီးပြန်အကျတွင် ချောက်ထဲသို့ ကျွဲဝင်သွားကြောင်းကို ခဏကြာတော့သိလိုက်ရ၏။ ဆရာကြီးက…

'ဒါဆိုရင် ဒီလောင်းကစားလုပ်တာအပြစ်ရှိတယ်ဆိုတာ အစကတည်းက ငါ့တပည့်သိလား မသိဘူးလား'

နေရဲသစ် ထိတ်ခနဲဖြစ်သွားသည်။ ပြဿနာကသူများထက်ထူးခြားတက်တော့မည်ဆိုတာကို ရိပ်မိလိုက်သည်။ ဒါပေမဲ့ ခုချိန်မှ မသိပါဘူးဘာညာငြင်းရှိမရတော့။ ကိုယ်ကကြီးကြီးကျယ်ကျယ်လျှောက်ပြောထားတာကိုး။

ထို့ကြောင့် သွားကိုဖြ၍…

'အဟီး…သိ…သိ…ပါတယ်ဆရာကြီး'

'အင်း…ဒါဆိုရင် ငါ့တပည့် သူများတွေထက်စာရင် ပိုပြီးအပြစ်ကြီးသွားတာပေါ့နော်'

'အဟီး…ဟုတ်ချင်မှလည်း ဟုတ်မှာပါဆရာကြီးရဲ့'

'ဟုတ်ကို ဟုတ်မှာပါကွ…ကဲ…ကဲ…ဟိုဘက်လှည့်'

နေရဲသစ် အီလည်လည်ဖြင့် ဆရာကြီးထံ တင်ပါးထိုးပေးလိုက်ရလေတော့သည်။

ထိုအခါ ဆရာကြီးက လက်ကို အားရပါးရမြှောက်လိုက်ပြီး…

'ဖြန်း…ဖြန်း…ဖြန်း…'

အသံကျယ်ကြီး သုံးကြိမ်သုံးခါထွက်သွားသည်။

သူများထက်ပို၍ အချက်ရေပိုခြင်းကြောင့် နေရဲသစ် မျက်နှာသူ

များထက် ပို၍ရှုံ့မဲ့သွားသည်။ အဲဒါက သူများထက်ပို၍သိခြင်းကြောင့်ပင် ဖြစ်သည်။

လောကကြီးတွင်လည်း ဤသို့သူများထက်ပို၍ သိခြင်းကြောင့် ဘဝခါတစ်ရံတွင် သူများထက်ပို၍ ခံစားရတတ်ပါသည်။

ထို့နောက်တော့ သူတို့အုပ်စုတင်ပါးလေးပွတ်ကာပွတ်ကာဖြင့် ဆရာကြီးရုံးခန်းမှ ပြန်ထွက်လာခဲ့ကြသည်။ လမ်းတွင် မျိုးထူးက…မကျေနပ်သံဖြင့်…

'တောက်… ဒီကိစ္စကို ဆရာကြီးတရားကျင့်လွန်းလို့ အကြားအပြင်ဆေါက်ပြီးသိသွားတာတော့မဖြစ်နိုင်ဘူးကွ…ဒါတစ်ယောက်ယောက် ခွပ်လိုက်လို့ပဲ ဖြစ်ရမယ်'

'ဒါပဲရှိတာပေါ့ကွ…မင်းကလည်း'

'အဲဒီလူက ဘယ်သူလို့မင်းထင်သလဲ ရဲသစ်'

'သိပ်အဝေးကြီးစဉ်းစားစရာမလိုပါဘူးကွာ…ဟို ဝသုံးလုံးပဲ နေမှာပေါ့'

'အေးကွ…ဖြစ်နိုင်တယ် ငါတို့ကစားနေတာကို ဝင့်ဝါတွေ့သွားသေးတာပဲ'

နေရဲသစ် အံကြိတ်၍…

'ဟွန်း…တွေ့ကြသေးတာပေါ့ ဝသုံးလုံးရယ်'

❖ ❖ ❖

ထို့နောက်တော့ နောက်ရက်များတွင် နေရဲသစ်နှင့် မျိုးထူးတို့နှစ်ယောက်ပေါင်းကာ ဝင့်ဝါအား လက်စားချေရန်အစီအစဉ်ဆွဲလိုက်ကြ၏။

'ဂလောင်…ဂလောင်…ဂလောင်…ဒေါင်…'

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမုန့်စားဆင်းခေါင်းလောင်းထိုးသံဖြစ်၏။

ကျောင်းသားများပျော်ရွှင်စွာဖြင့် သင်ခန်းစာစာအုပ်များကို သိမ်းဆည်းလိုက်ကြပြီး မုန်းစျေးတန်းရှိရာသို့ ထွက်ခွာသွားကြသည်။

ထို့ကြောင့် စာသင်ခန်းအတွင်းတွင် ချက်ချင်းလိုလိုပင် လူရှင်းသွား၏။ သို့ရာတွင် အခန်းထဲ၌ ကျောင်းသားနှစ်ယောက်တော့ကျန်ရစ်ခဲ့သည်။ ထိုနှစ်ယောက်ကတော့ နေရဲသစ်နှင့် မျိုးထူးတို့ဖြစ်သည်။

နှစ်ယောက်သားမျက်ရိုပ်ပြ၍ မျိုးထူးက အခန်းအပေါက်ဝသို့ ပြေးသွားလိုက်ပြီး လူရိပ်လူခြေကို အကဲခတ်လိုက်သည် လူရှင်းသည်ဆိုမှ နေရဲသစ်ကို လှမ်း၍ အချက်ပြလိုက်သည်။

နေရဲသစ်လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကိုထုတ်၍ ဝင့်ဝါ၏ လွယ်အိတ်အတွင်းသို့ သွက်လက်စွာသွား၍ ထည့်ထားလိုက်သည်။

နေရဲသစ်သွားရောက်ထည့်ထားလိုက်သည့်အရာက လက်မသာသာလောက်ရှိသည့် ရော်ဘာကြွက်ရုပ်ကလေးပါ။ အမျိုးသမီးကိုးဆယ့်ကိုးရာခိုင်နှုန်းက ကြွက်ကြောက်တတ်သည်။ မိန်းကလေးတစ်ဦးသာဖြစ်သော ဝင့်ဝါသည်လည်း...

ပြီးသည်နှင့် နေရဲသစ်တို့နှစ်ယောက် မုန့်စျေးတန်းဘက်သို့ ကိုယ်ယောင်ပြရန် ထွက်လာခဲ့ကြသည်။

ဒါမှ ပြဿနာတက်လျှင် ကျွန်တော်တို့နှစ်ယောက် မုန့်စျေးတန်းရောက်နေ၍ ဘာမှမသိဟု ငြင်း၍ရမည်လေ။

ဤသို့ဖြင့် နှစ်ယောက်သား မုန့်စျေးတန်းအတွင်းခေါက်တုံ့ခေါက်ပြန်လျှောက်၍ အတန်းထဲမှ တွေသည့်လူတိုင်းကိုလိုက်၍ နှုတ်ဆက်ကြသည်။

သိပ်မကြာခင်အချိန်လေးမှာပင် အတန်းပြန်တက်ရန်အချက်ပေးခေါင်းလောင်းသံဆူဆူညံညံမြည်လာသည်။ ထို့ကြောင့် ကျောင်းသားကျောင်းသူများ ကိုယ့်အတန်းရှိရာသို့ ပြန်လာကြသည်။

နေရဲသစ်တို့နှစ်ယောက်ကတော့ အတန်းထဲတွင် လူစုံလောက်ချိန်ခြေ ပြန်ဝင်လာသည်။

အတန်းထဲတွင် လူစုံနေပါပြီ။ ဆရာမကတော့ ဝင်မလာသေးပါ။ နေရဲသစ်တို့နှစ်ယောက် ငြိမ်သက်စွာဖြင့် ဝင့်ဝါ၏လှုပ်ရှားမှုအား ကြည့်နေကြသည်။

ဝင့်ဝါက ဆရာမဝင်မလာသေးသဖြင့် သူငယ်ချင်းများနှင့် ရေပက်ခင်နိုင်အောင် ကိုရီးယားဇာတ်လမ်းတွဲအကြောင်းကို ပြောနေသည်။

ပြောရင်းဆိုရင်း ပါးစပ်လေးအုပ်ကာ တခစ်ခစ်ရယ်သေးသည်။

ဝင့်ဝါ၏ရယ်မောပျော်ရွှင်နေသောမျက်နှာလေးကိုကြည့်ရင်း နေရဲသစ်စိတ်ထဲတွင် အတွေးတစ်ခုဝင်လာသည်။

'ဟာ...ဒီဝသုံးလုံးက ရယ်လိုက်ရင် ချစ်စရာတော့ကောင်းသားဘ...အင်းလေ ခုတော့ရယ်နေဦးပေါ့...ခဏနေရင်တော့ ဟင်း... ဟင်း...'

ထိုသို့စိတ်ထဲမှ ပြောနေချိန်တွင် ဝင့်ဝါက စကားစကိုဖြတ်၍ နောက်ဝင်လာမည့် ဆရာမနှင့်သက်ဆိုင်သောလေ့ကျင့်ခန်းစာအုပ်ကို အသင့်ဖြစ်စေရန်အတွက် လွယ်အိတ်အတွင်းမှ အပြင်သို့ထုတ်ရန် ရှာလိုက်၏။

ထိုမြင်ကွင်းကို မြင်လိုက်ရသော နေရဲသစ်နှင့် မျိုးထူးတို့နှစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ဝင့်ဝါစာအုပ်ရှာရင်းမှ လွယ်အိတ်ထဲတွင် ပျော့အိအိအရာတစ်ခုကို သွားကိုင်မိသဖြင့် ဇဝေဇဝါဖြစ်သွားပြီး ထုတ်ယူကြည့်မိလိုက်၏။

'အမယ်လေး...ကြွက်...ကြွက်...'

အော်သံတော်တော်ကျယ်ပါသည်။

ထို့ကြောင့် ဘေးတွင်ရှိသောမိန်းကလေးများလည်း လန့်၍အော်ဟစ်ကာ တပုန်းပုန်းဖြင့် ထပြေးကြသည်။

ထိုဗရုတ်သုတ်မြင်ကွင်းကိုကြည့်ပြီး နေရဲသစ်တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်နေကြသည်။ တစ်ဆက်တည်း ဝင့်ဝါပုံစံကိုကြည့်ပြီး နှစ်ယောက်သား ကြောင်စီစီဖြစ်မိသွားသည်။

ဝင့်ဝါက အော်တော့မအော်တော့...ဒါပေမဲ့ သွေလက်ဖဝါးပေါ်က ကြွက်ရုပ်ကို မျက်လုံးကြီးပြူးကာ ကျောက်ရုပ်သဖွယ်ကြည့်နေသည်။ ထို့ကြောင့် သူတို့လည်းအူတူတူဖြင့် ဝင့်ဝါကိုကြည့်ရင်း မျိုးထူးက...

'ရဲသစ် ဝင့်ဝါက ကြွက်မကြောက်ဘူးထင်တယ်ကွ...'

'အေးကွ...ဖြစ်နိုင်တယ်...'

သို့ရာတွင် သူတို့၏အထင်ပက်ပက်စက်စက်ကို လွဲသွားပါသည်။

အာဃယ်ကြောင့်ဆိုသော် ခဏအကြာတွင် စာရေးစားပွဲပေါ်သို့ ဝင့်ဝါ ခေါင်းစိုက်ကာကျသွားသည်။ သတိလစ်သွားခြင်းပင်ဖြစ်သည်။ ဝင့်ဝါ၏ သူငယ်ချင်းများက အလန့်တကြားဖြင့် ဝင့်ဝါပခုံးကို ကိုင်၍ လှုပ်ပြီး...

'ဝင့်ဝါ...ဟဲ့ ဝင့်ဝါ...ဘာဖြစ်နေတာလဲ...'

'သတိလစ်နေတာထင်တယ် ခေါ်လို့လဲမရတော့ဘူး'

'ဝင့်ဝါ...ဝင့်ဝါ...'

နေရဲသစ်နှင့် မျိုးထူးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြိုင်တူပင် အံ့သြသံကြီးဖြင့် ပြောလိုက်မိတော့သည်။

'သတိလစ်သွားတာတဲ့...'

❖ ❖ ❖

မထင်မှတ်ဘဲနှင့် ပြဿနာသည် ကြီးထွားသွားခြင်းကြောင့် ဆရာ ဆရာမများဒေါသထွက်သွားပြီး တရားခံကို လိုက်ရှာကြလေသည်။

ထိုအခါ နေရဲသစ်မှာ မိမိမဟုတ်ကြောင်း ငြင်းဆန်၍ရနိုင်သော်လည်း မငြင်းဆန်ဘဲ မျိုးထူးကို ပြဿနာထဲမှဆွဲထုတ်ကာ မိမိလုပ်တာဖြင့် ကြောင်းကို တစ်ဦးတည်းဝန်ခံလိုက်လေသည်။

ထို့ကြောင့် နေရဲသစ်သည် ဆရာ၊ ဆရာမများ၏ ကြိမ်းမောင်းခြင်းကိုသာမက ဆရာကြီးရုံးခန်းတွင် သတိပေးခံဝန်လက်မှတ်ပင် ထိုးလိုက်ရသည်။

ဝင့်ဝါကတော့ နှစ်ရက်ခန့်ကျောင်းပျက်ပြီးမှ ပြန်တက်သည်။

ထိုကိစ္စဖြစ်ပြီးနောက်ပိုင်း ကျောင်းတက်စဉ်တစ်လျှောက်လုံး နေရဲသစ်နှင့် ဝင့်ဝါကြားထဲတွင် ပြဿနာတစ်စုံတစ်ရာထပ်၍မတက်တော့သော်လည်း နှစ်ယောက်သားကြားဆက်ဆံမှုမှာ လုံးဝကို အေးခဲ၍ ပြတ်တောက်သွားခဲ့သည်။

နေရဲသစ်ဘက်က ဒီလောက်မဟုတ်သော်လည်း ဝင့်ဝါဘက်က လုံးဝကြီးကို မုန်းတီးသွားခြင်းဖြစ်သည်။

ဒီလိုနှင့် အချိန်တွေတရွေ့ရွေ့ကုန်သွားပြီး အတန်းတင်စာမေးပွဲကြီး ဖြေဆိုချိန်ရောက်လာခဲ့သည်။

စာမေးပွဲဖြေဆိုပြီးသည့်နောက် အောင်စာရင်းထွက်လာချိန်တွင် နေရဲသစ်က ကျန်သည့်ဘာသာများတွင် အောင်မှတ်ရယုံသာရခဲ့ပြီး သခ်ၤာဘာသာတွင်မူ ဆရာဦးမြင့်ဆွေကို ကတိပေးထားသည့်အတိုင်း ဂုဏ်ထူးမှတ်ဖြင့် အောင်မြင်ခဲ့သည်။

ဝင့်ဝါကတော့ နေရဲသစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

သခ်ၤာဘာသာမှလွဲ၍ ကျန်သည့်ဘာသာများကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ထိုသို့ဆန့်ကျင်ဘက်ဖြင့်အောင်မြင်ခဲ့သူနှစ်ဦးသည် တက္ကသိုလ်တစ်ခုတွင် မထင်မှတ်ဘဲနှင့်အတူတက္ခ တက်ရောက်ခဲ့ကြသည်။

အာဃယ်ကြောင့်ဆိုသော် ဂုဏ်ထူးအများကြီးဖြင့် ဆယ်တန်းအောင်ထားသောဝင့်ဝါမှာ ဆေးကျောင်းတက်ရန်အမှတ်မီသော်လည်း ဆေးတက္ကသိုလ်တွင် မြေ၊ ဖား အစရှိသည့်သတ္တဝါငယ်ကလေးများကို ခွဲခြစ်ရမည်ဖြစ်ခြင်းကြောင့် ဤသို့သောအကောင်များကို အသားကုန်

www.burmeseclassic.com

www.burmeseclassic.com

ကြောက်ရွံ့တတ်သော ဝင့်ဝါမှာ မတက်ဖြစ်တော့ဘဲ ရိုးရိုးတက္ကသိုလ်မှာပင် တက်ဖြစ်ခဲ့သည်။

ထို့ကြောင့် ဒဂုံတက္ကသိုလ်ကြီးတွင် နေရဲသစ်နှင့် ဝင့်ဝါတို့နှစ်ဦးသွားရောက်တွေ့ဆုံကြသည်။

ကမ္ဘာကြီးက လုံးနေ၏။

ဝင့်ဝါကလည်း နေရဲသစ်ကို ခါးခါးသီးသီးမုန်းနေ၏။

ထို့ကြောင့်...

❖ ❖ ❖

အခန်း (၃)

ဒီနေကျောင်းပိတ်ရက်ဖြစ်ခြင်းကြောင့် ဝင့်ဝါအိမ်သို့ မိုးမိုးဆိုသောဧတိမလေးအလည်ရောက်နေသည်။ အလည်ရောက်နေခြင်းထက် အတင်းလာအုပ်နေသည်ဟု ပြောပါက ပို၍မှန်ပေလိမ့်မည်။

မိုးမိုးမှာ ဝင့်ဝါနှင့် အထက်တန်းကျောင်းမှာကတည်းက ရင်းနှီးသောသူငယ်ချင်းဖြစ်ပြီး နေရဲသစ်နှင့်တစ်ရပ်ကွက်တည်းနေထိုင်ကာ သတင်းထူးရင်ထူးသလို နေရဲသစ်အကြောင်းများအား ဝင့်ဝါထံပြန်လည်ဖောက်သည်ချတတ်သူဖြစ်သည်။

ဝင့်ဝါကလည်း နေရဲသစ်အကြောင်းဆိုလျှင် ဘာမဆိုသိချင်စိတ်ရှိသည်။ သံယောဇဉ်ရှိလွန်းသဖြင့် သိချင်ခြင်းတော့မဟုတ် အမြင်ကတ်လွန်းသဖြင့် သိချင်ခြင်းသာဖြစ်သည်။

သဘောကတော့ ကမ္ဘာကြီးကလုံးနေသဖြင့် ဆန့်ကျင်ဘက်နှစ်ခုက အရမ်းဝေးကွာသွားလျှင် မျက်နှာချင်းဆိုင်ပြန်နီးသွားသည့်သဘောမျိုးဖြစ်သည်။ ဝင့်ဝါက နေရဲသစ်ကိုမုန်းသည်။ ထိုသို့မုန်းလွန်းသောကြောင့် နေရဲသစ်ဘာလုပ်နေသည် ဘာကိုင်နေသည်ကို အဆိုးမြင်သဘောထားဖြင့် စေဖန်သိချင်နေခြင်းဖြစ်သည်။

ယခုလည်း မိုးမိုးက အာပေါင်အာရင်းသန်သန်ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com

'အဲဒီထက်ပိုပြီးတော့ သနားစရာကောင်းတာက အဘွားကြီးရဲ့ သားပဲဟ'

'ဘာလဲ သူလဲလေဖြတ်နေတာပဲလား'

'အာ... မဟုတ်ပါဘူး၊ သူက အကောင်းကြီးပါ'

'ဒါဆိုရင် ဘာဖြစ်လို့ သနားစရာကောင်းနေတာလဲ'

'ဒီလိုဟ...သူတို့မိသားစုက အရှမ်းကို ဆင်းရဲတာ...သူ့အမေဆုံးဆာ့နာရေးအတွက် ပိုက်ဆံလိုပြီလေဟာ...အဲဒါကြောင့် ကြံရာမရဖြစ်ပြီး သူများအိမ်ပေါ်တက်ခိုးရင်း ရဲကဖမ်းသွားလို့ ထောင်ကျသွားတာ'

'ကျတ်...ကျတ်...စိတ်မကောင်းလိုက်တာဟယ်...ဖြစ်မှဖြစ်ရလေ'

'အဲဒါထက်စိတ်မကောင်းဖြစ်စရာ ကောင်းတာက အဲဒီလူရဲ့ အိန်းမဟ'

'ဟုတ်လား...သူရောဘာဖြစ်ပြန်ပြီလဲ'

'ဘာဖြစ်ရမလဲ...ယောကျ်ားက ထောင်ကျသွားတော့ သူ့မှာကျန်ခဲ့တဲ့ကလေး လေးယောက်နဲ့ ဒုက္ခတွေရောက်တော့တာပေါ့'

ဝင့်ဝါမိန်းမချင်း ကိုယ်ချင်းစာသောလေသံဖြင့်...

'ဟုတ်တာပေါ့...အရှမ်းကို ဒုက္ခရောက်ရတော့မှာ'

မိုးမိုးကဆက်၍...

'ဒါပေမဲ့ဟာ တကယ်တမ်းဒုက္ခရောက်သွားတာကတော့ နေရဲသစ်အမေပါ'

အခုမှ...ဝင့်ဝါစိတ်ဝင်စားသည်။

'နေရဲသစ်အမေက ဘာဖြစ်လို့ဒုက္ခရောက်ရတာလဲဟင်'

'နင်ပဲစဉ်းစားကြည့်လေဟာ...ဒီကိစ္စတွေအားလုံးကို အရင်းစစ်လိုက်ရင် အဓိကကျတဲ့တရားခံက သူသား နေရဲသစ်လေဟာ...ဒါကြောင့် ဟိုကလေးအမေက နေရဲသစ်အမေကိုလာပြီး ရန်တွေ့သွားတော့တာပေါ့...

'ဝင့်ဝါရယ်...ဟိုတစ်ရက်ကဆိုရင်လေ နေရဲသစ်စက်ဘီးစီးရင်းနဲ့ လမ်းကြိတ်စက်ကြီးကို ဝင်တိုက်သေးတယ်ဟ...'

'ဟယ်...ဟုတ်လား...လမ်းကြိတ်စက်ကြီးဘာဖြစ်သွားသေးလဲ...'

'သြော်...နှင်ကလည်း လမ်းကြိတ်စက်တော့ဖြစ်မလားဟဲ့...ဖြစ်ခြင်းဖြစ် နေရဲသစ်ပဲ ဖြစ်မှာပေါ့...'

'သြော်...အေး...အဲဒါနဲ့ နေရဲသစ်သေသွားလား...'

'ဟေအေး...နေရဲသစ်တော့မသေဘူး...ခွေးလေးတစ်ကောင်ပဲသေသွားတာ'

နားထောင်နေသောဝင့်ဝါ မျက်စိလည်သွားသည်။

'ဟဲ့...ဘယ်ကခွေးက ပါလာရတာတုန်း...'

'အဲဒါက ဒီလိုဟ...အစတုန်းက အဲဒီခွေးလေးက ရပ်ထားတဲ့ လမ်းကြိတ်စက်ကြီးရဲ့အရိပ်အောက်မှာ သူ့ဘာသာသူအေးအေးဆေးဆေးအိပ်နေတာ။ နေရဲသစ်က အဲဒီလမ်းကြိတ်စက်ကို စက်ဘီးနဲ့ဝင်တိုက်တော့ စက်ဘီးမှောက်ရင်း သူပါလဲရော။ လဲတာမှရိုးရိုးမလဲဘူး အဲဒီအိပ်နေတဲ့ခွေးပေါ်ကို ပစ်လဲတာ...အဲဒါကြောင့် ခွေးကသေသွားတာဟ'

'ကျတ်...ကျတ်...ခွေးလေးသနားပါတယ်ဟာ'

'အဲဒီခွေးထက် လေဖြတ်နေတဲ့အဘွားကြီးက ပိုပြီးသနားစရာကောင်းတာဟ'

'ဟဲ့...ဘယ်က လေဖြတ်နေတဲ့အဘွားကြီးက ပါလာပြန်ရတာလဲ...ဘာလဲ သူရောလမ်းကြိတ်စက်ဘေးမှာ အိပ်နေသေးလို့လား'

'အာ...မဟုတ်ဘူး...အဲဒီအဘွားကြီးက သေသွားတဲ့ခွေးရဲ့ပိုင်ရှင်ဟ...သူ့ခွေးသေသွားတာကြားလိုက်တော့...စိတ်ထိခိုက်ပြီး တစ်ခါတည်း အသက်ထွက်သွားတာ'

'ဟုတ်လား...သနားစရာကောင်းလိုက်တာဟယ်'

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာတင် နေရဲသစ်အမေလည်း မနေနိုင်တော့ပဲ…ဆုံးသွားတဲ့အတွားကြီးရဲ့ နာရေးအတွက် ပိုက်ဆံစိုက်ထုတ်ပြီး ကူညီလိုက်တဲ့အပြင် ကလေးအမေကို ပါ နှစ်နာကြေးဆိုပြီး ပေးလိုက်ရသေးတယ်'

'အေးဟယ်…ဒီလိုဆိုတော့လဲ စိတ်မကောင်းစရာပဲ'

'အေးပေါ့ဟာ…ဒါပေမဲ့ နေရဲသစ်လည်း မစားသာပါဘူး' ဝင့်ဝါလှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

'အဲဒီကောင်ရော ဘာဖြစ်သွားသေးလဲ'

'ဘာဖြစ်ရမလဲ…သူ့အမေက ပိုက်ဆံလဲကုန်သေး အပြောလဲ ခံရသေးဆိုပြီးတော့ ဒေါသထွက်ထွက်နဲ့ သူ့ကိုအိမ်ပေါ်မှာနှင်ချလိုက်တော့ တာပေါ့'

'ကောင်းတယ်…အဲဒီလိုကောင်မျိုးကို တစ်သက်လုံးကို နှင်ချလိုက်ရမှာ'

'ဟဲ့…ဟဲ့…တစ်သက်လုံးတော့ မလုပ်လိုက်ပါနဲ့ဟာ'

'ဘာလဲ နင်ကငါ့သူငယ်ချင်းဖြစ်ပြီး သူ့ကိုသနားနေလို့လား'

ထိုသို့ပြောလိုက်ရာ မိုးမိုးက ငိုမဲ့မဲ့ရယ်ဖြင့်…

'သူ့ကို သနားနေတာမဟုတ်ဘူး…ငါ့ကိုယ်ငါ သနားနေတာဟဲ့…အဟင့်…'

ဝင့်ဝါနဝေတိမ်တောင် ဖြစ်သွားသည်။

'နေပါဦး…နင်ဘာကိစ္စ နှင့်ကိုယ်နင် သနား နေရတာတုန်း' မိုးမိုးငိုသံကြီးဖြင့်…

'ဘာကိစ္စရမှာလဲ နေရဲသစ်အိမ်ပေါ်ဆင်းလာပြီးတော့ သွားနေတဲ့အိမ်က မျိုးထူးအိမ်လေ…မျိုးထူးက ငါတို့ခေါင်းရင်းကပ်လျက်အိမ်မှာ နေတာ။ အဲဒီနှစ်ကောင်ပေါင်းမိပြီး တစ်ည‌လုံးဂစ်တာခေါင်ခေါင်ဒင်ဒင်နဲ့ သီချင်းတွေ အော်ဆိုနေလို့ ငါ့မှာ အိပ်လို့မရတော့ဘူး…ခုငါ့မှာ အိပ်ရေးပျက်ပြီး မျက်တွင်းတွေ ဒီလောက်ချောင်နေတဲ့ဟာကို ကြည့်ပါလားလို့…အဟင့်…ဟင့်…'

ထိုသို့ ပြောလိုက်မှ ဝင့်ဝါစာတ်ရည်လည်သွားပြီး သူငယ်ချင်းဖြစ်သူ ဒုက္ခကိုး သနားသွားမိသည်။

'အေး…ဟုတ်ပါ့ဟယ်…အခုမှကြည့်မိတယ်…ကြည့်စမ်း၊ နင့်မျက်တွင်း ကြီးတွေ ညိုမဲပြီးတော့ ချိုင့်ဝင်နေတာပဲ'

'ဟုတ်တယ်…ဟင့်…ဟင့်…'

'အဲဒီနေရဲသစ်ဆိုတဲ့ကောင်ဟာလေ အကျင့်ကိုမကောင်းဘူး…သူများတကာအိပ်နေတဲ့အချိန်မှာ အသံသေးအသံကြောင်နဲ့ ဂစ်တာတီးစရာ ဘား…ဟွန်း…'

'အဲလို အသံလေးအသံကြောင်နဲ့တော့မဟုတ်ဘူးဟ နေရဲသစ်ကတီးတာရော ဆိုတာရော အရမ်းကောင်းတာ၊ အဲဒါကြောင့် ငါလည်း သူ့အသံကိုနားထောင်ကောင်းကောင်းနဲ့ နားထောင်မိတော့ အိပ်ရေးပျက်ရတာ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဝင့်ဝါဒေါကန်သွားပြီး မိုးမိုး၏ ခေါင်းကို ဒေါက်ခနဲထခေါက်၍…

'ဟွန်း…မိန်းမ ငါ့မှာတော့သနားလိုက်ရတာ…လက်စသပ်တော့ နင်က နေရဲသစ်ရဲ့ဆိုတီးကို ကျိတ်ပြီး ကြွေနေလို့အိပ်ရေးပျက်နေတာကိုး…သွား…သေတောင်မသနားဘူး'

'နေရဲသစ် အသံက တကယ်နားထောင်လို့ကောင်းတာဟ…ဒီတော့ဆိုတဲ့သီချင်းလေးတွေကလည်း တကယ့်ကို အေးအေးလေးတွေ…နင်တောင် နားထောင်မိရင် ခိုက်သွားမှာ'

ဝင့်ဝါမျက်နှာကို ရှုံ့မဲ့၍…

'နေရဲသစ်အသံဆို သေတောင်မခိုက်ဘူး'

'သိပါတယ်…နင်တို့က ကမ္ဘာ့ရန်သူတွေဆိုတာ'

ထိုစဉ် အိမ်ရှေ့မှ ခေါ်သံကြောင့် ဝင့်ဝါ…မိုးမိုးကို ထားခဲ့ကာ အပြင်သို့ ထွက်လာသည်။ မိုးမိုးထံသို့ ပြန်ရောက်သောအခါ ဝင့်ဝါလက်ထဲ၌ စာအိတ်ကလေးတစ်အိတ်ကိုင်ထားခြင်းကို တွေ့ရသဖြင့် မိုးမိုး က…

www.burmeseclassic.com

www.burmeseclassic.com

'ဘာလဲ... စာလာတာလား'

'အင်း...အထဲမှာ ဓာတ်ပုံလေးတစ်ခုဖြစ်မှာပါ'

မိုးမိုးမျက်မှောင်ကုတ်၍...

'ဓာတ်ပုံဟုတ်လား...ဘယ်သူပို့တာလဲ'

'ဟေ့အေး...အဲဒါတော့ ငါလဲမသိဘူး'

'နင့်ဟာက ဘယ်လိုလဲဟ'

ဝင့်ဝါအဖြေပြန်မပေးဘဲ စာအိတ်ကိုဖောက်ကာ အတွင်းမှဓာတ်ပုံလေးကို ထုတ်ကြည့်လိုက်သည်။ ၄င်းဓာတ်ပုံထဲမှာပါတဲ့ ပုံလေးကချစ်စရာလေးပါ။ နှင်းတောကြီးထဲတွင် ပင့်ဂွင်းငှက်လေးတစ်ကောင်က အနွေးထည်ဝတ်ထားပြီး ခိုက်ခိုက်တုန်အောင် ချမ်းပြနေသည့် ပုံဖြစ်သည်။ ထိုပုံကို မိုးမိုးကပါ ကုန်း၍ကြည့်ပြီး...

'ဟယ်...ပုံလေးက ချစ်စရာလေးတော့'

ဝင့်ဝါက ပြုံး၍ ၄င်းဓာတ်ပုံ၏နောက်ကျောကိုလှန်ကြည့်လိုက်သည်။ ဓာတ်ပုံနောက်ကျောတွင် ယောကျ်ားလေးတစ်ယောက်လက်ရေးပုံစံဖြင့် စာလေးတစ်ကြောင်း ရေးထားသည်။

၄င်းစာမှာ...

"ဟိတ်...
ဆောင်တွင်းကို ရောက်လာပြီနော်
နွေးနွေးထွေးထွေးနေဖို့ မမေ့နဲ့..."

မိုးမိုးကပါ ထိုစာကိုဖတ်ကြည့်ပြီး...

'ဝင့်ဝါ...အဲဒါနင့်ကို ဘယ်သူပေးတာလဲ...'

'မသိပါဘူးဆို...နှင်ကလည်း...'

'ဟဲ့... မသိလို့ရမလား...နင့်နာမည်နဲ့ နင့်ဆီကိုရောက်လာတဲ့

ဘာကို...ပြီးတော့အထဲမှာ စာမဟုတ်မှန်း နင်ဘယ်လိုလုပ်ကြိုသိနေဘာလဲ...'

ဝင့်ဝါသက်ပြင်းချ၍...

'ကဲ...ခုမှတော့ မထူးတော့ပါဘူး...နင့်ကို ငါအားလုံးပြောပြပါတော့မယ်...ဒီလိုဟ...ဒီလိုပုံမျိုးလေးတွေက ငါ့ဆီကို ဆယ်တန်းနှစ်ကုန်ခါနီးမှာကတည်းက တစ်လကိုတစ်ခါလောက် စာတိုက်ကနေတဆင့် ရောက်ရောက်လာတတ်တယ်...ပေးပို့သူရဲ့နံမည်ရော၊ လိပ်စာရော ဘာမှ ပါဘူးဟ...အဲဒါကြောင့် ငါမသိဘူးလို့ ပြောနေတာ'

မိုးမိုးအံ့သြသွားဟန်ဖြင့်...

'နင်ဆိုလိုတာက...ဆယ်တန်းနှစ်ကတည်းက ခု... တက္ကသိုလ်ရောက်ဆုံးနှစ် ရောက်တဲ့အထိ နင့်ဆီကို တစ်လတစ်ကြိမ်လောက် ဒါမျိုးတွေမှန်မှန်ပို့နေ တဲ့လူရှိတယ်...ပြီးတော့ အဲဒီလူဘယ်သူမှန်း ဒီနေ့အချိန်ထိ နင်ကမသိသေးဘူး...ဒီလိုလား'

'အင်း...ဟုတ်တယ်'

မိုးမိုးထခုန်မတတ်ဖြစ်သွားပြီး...

'နင်...နင်တကယ် ပြောနေတာလား ဝင့်ဝါ'

'တကယ်ပေါ့ဟ...ငါက နင့်ကိုလိမ်စရာလား'

'ဒါဆိုရင်...ဒီလောက်နှစ်တွေအကြာကြီးအထိ ဒီကိစ္စ ငါ့ကို ဘာလို့နင် မပြောရတာလဲ'

ထိုသို့ မေးလိုက်ရာ ဝင့်ဝါရုတ်ကိုးရုတ်ကန်းဖြင့် ခေါင်းကို ခပ်ဖွဖွ ခုတ်ကာ...

'အဟင်း...ငါလေ...ဘယ်လိုပြောရမလဲ...ဟိုလေ...နင့်ကို ပြောရမှာတစ်မျိုးဖြစ်နေသလားလို့'

မိုးမိုး ဝင့်ဝါပခုံးကို ဖြန်းခနဲရိုက်၍...

'ကြည့်စမ်း...မိန်းမ...လက်စသပ်တော့ နင်ကဒီကိစ္စကို ကြိုက်ပြီးတော့ သာယာနေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com

'အဟင်း...အဲလိုတော့လဲ မဟုတ်ပါဘူးဟာ'

'ဘာမဟုတ်ရမှာလဲ...အရင်တုန်းကပို့ထားတဲ့ ပုံတွေပါ အခု

'ဘာလုပ်မလို့လဲ'

'ကြည့်မလို့ဟေ့...ကြည့်မလို့...အင်း...နှင့်အပြစ် နင်သိတယ်နော်...ငါစိတ်မကောက်ချင်ဘူး...ဟွန်း'

ထိုသို့ ပြောလိုက်ခြင်းကြောင့် ချစ်လှစွာသောသူငယ်ချင်းစိတ်ကောက်မည်စိုးသဖြင့် ဝင်ဝါမပြချင်ပြချင်ဟန်ဖြင့် ကိုယ်တယုတယသိမ်းထားသော ဓာတ်ပုံလေးများကို ထုတ်ပြရလေသည်။

နှစ်နဲ့ချီကာကြာမြင့်နေပြီဖြစ်သဖြင့် ပုံလေးတွေမှာ တော်တော်တိမ်များနေပါပြီ မိုးမိုးက ပုံတချို့ကို ကောက်ယူ၍ ကြည့်လိုက်မိ၏။

ကြောင်လေးတစ်ကောင် စာသင်ခန်းထဲတွင် အိပ်ငိုက်နေသော ဖြစ်သည်။ နောက်ကျောဘက်တွင် ရေးထားသည့်စာကတော့...

"အိပ်ငိုက်မနေနဲ့ဦး... စာမေးပွဲနီးနေပြီကွ..." ဟူ၍ဖြစ်သည်။

နောက်ထပ်တစ်ပုံတွင်တော့...ကိုယ်လုံးတီးနှင့် ကလေးငယ်တစ်ယောက်က သဲသောင်ပြင်ပေါ်တွင် ပျော်ရွှင်စွာ ကျွမ်းထိုးနေသည့်ပုံ ဖြစ်သည်။ ပုံ၏နောက်ကျောတွင်တော့...

"ဂုဏ်ထူးတွေအများကြီးနဲ့အောင်တော့ ပျော်နေမှာပဲ
ဒါပေမယ့် အပျော်လွန်ပြီးတော့ ဒီလိုလျှမ်းမထိုးလိုက်နဲ့ဦးနော်..." ဟူ၍ ဖြစ်သည်။

တခြားပုံပေါင်းများစွာတို့သည်လည်း ဒီလိုချစ်စဖွယ်ပုံမျိုးလေးတွေ နှင့် စာကြောင်းလေးတွေပင်ဖြစ်သည်။

မိုးမိုးက ပုံတွေအကုန်လုံးကိုကြည့်ပြီးသောအခါ...ဝင်ဝါအား...

'ဝင်ဝါ...နင် ဒါတွေပေးတဲ့လူကို တကယ်မသိဘူးနော်'

'အင်းပါဆို'

'ထူးတော့ထူးဆန်းသားဟနော်'

ဝင်ဝါဘာမှပြန်မပြောဘဲငြိမ်နေသည်။ မိုးမိုးကဆက်၍...

'အင်း...လက်ရေးကြည့်ရတာတော့ ယောကျ်ားလေးလက်ရေးသာ'

'ငါလဲ...ဒီလိုပဲထင်တယ်...'

မိုးမိုးကစဉ်းစဉ်းစားစားဟန်ဖြင့်...

'ဆယ်တန်းကတည်းက နင်ဆီပို့နေတာဆိုတော့ သူဟာ နင်ရော ငါရောသိနေတဲ့လူမျိုးဖြစ်ရမယ်'

'အင်း... ဖြစ်နိုင်တယ်'

'ပြီးတော့ နင့်ကိုကြိုက်နေတဲ့ကောင်တွေထဲကပဲဖြစ်ရမယ်...ဒါကြောင့် ဆယ်တန်းတုန်းကနင့်ကိုကြိုက်လို့ စာလိုက်ပေး...စကားလိုက်ပြောတဲ့ယောကျ်ားလေးတွထဲက...တစ်ယောက်ယောက်ဖြစ်နိုင်ခြေရှိလားလို့ ဦးစားကြည့်ပါလား'

ဝင်ဝါခေါင်းခါ၍...

'ငါတော့ ဒီလိုမထင်ဘူးဟ...နင်ပဲစဉ်းစားကြည့်လေ...ငါ့ကိုကြိုက်ခဲ့တဲ့လူတွေထဲကဆိုရင် ဒီဓာတ်ပုံတွေထဲမှာ ချစ်ပါတယ်...ကြိုက်ပါတယ်ဆိုတဲ့သဘောမျိုးဆန်တဲ့ဓာတ်ပုံတွေ စာတွေရေးမှာပေါ့..ခုတော့ ဒီပုံတွေအကုန်လုံးက ဘာအရောင်မှ မပါဘူး...အကုန်လုံးအဖြူထည်လေးချည်းပဲ'

ထိုသို့ပြောလိုက်ခြင်းကြောင့် မိုးမိုးစဉ်းစားရခက်သွားသည်။

'နင်ပြောတော့လဲ ဟုတ်တာပဲ...ဒါဆိုရင် သူကဘာသဘောမျိုးနဲ့ နင့်ဆီကို ဒီပုံတွေပို့နေရတာလဲ'

ဝင်ဝါလေးလေးနက်နက်ဟန်ဖြင့်...

'ငါ...စဉ်းစားမိသလောက်ကတော့ သူငါ့ကို စိတ်ချမ်းသာစေချင်လို့...ပြီးတော့ ပျော်စေချင်လို့ ပို့တာလို့ထင်တာပဲ'

'နင်တကယ်...ဒီလိုထင်လို့လား'

www.burmeseclassic.com

www.burmeseclassic.com

'အင်း...'

'ဘာကြောင့်ပြောနိုင်ရတာလဲ'

'ဘာကြောင့်လဲဆိုတော့ ဒီပုံလေးတွေကို ငါကြည့်လိုက်ရင်...စိတ်ချမ်းသာတယ်...ပြီးတော့ပျော်လည်းပျော်တယ်...ဒီထက်သေချာတာဘာနဲ့ ဦးမှာလဲ'

'ထားပါတော့...ဒါပေမဲ့ ဒီလောက်နှစ်တွေကြာအောင် နင့်ဆီကို ဒါတွေပို့နေတယ်ဆိုတော့...သူဘက်ကရိုးသားပါတယ်လို့ ဘယ်လိုနည်းနဲ့မှ သတ်မှတ်လို့မရဘူး...အနည်းဆုံးတော့ နင့်အပေါ် သံယောဇဉ်ရှိတာသေချာတယ်'

ဝင့်ဝါပြုံးနေသည်။ မိုးမိုးက...

'အံမယ်...ပြုံးနေတယ် ဟုတ်လား...ဘာလဲနင်က သာယာနေတယ်ပေါ့လေ...ဟွန်း...မပြောလိုက်ချင်ဘူး...လူကိုတောင် ဖြူတယ်မဲတယ်မသိဘဲနဲ့ သာယာနေသေးတယ်...ကြပ်ကြပ်လုပ် ဟိုကအသားမဲမဲသွားကြဲကြဲနဲ့ ဗိုက်ပူကုလားကြီးလည်း ဖြစ်နေဦးမယ်'

ဝင့်ဝါမျက်စောင်းထိုး၍...

'ဖြစ်စရာလားဟဲ့...ဟွန်း...'

'ဖြစ်မှာ ဖြစ်မှာ အဲဒီလိုဖြစ်နေလို့ သူ့ရုပ်နှင့်ကို မမြင်အောင် နှစ်နဲ့ချီပြီး ဖုံးကွယ်ထားတာပေါ့'

'သွား...စိတ်ပုတ်မ နှင့်ကို စကားမပြောတော့ဘူး...သူ့ကို ဒါမျိုး ကဗျာဆန်ဆန်ဘယ်သူမှ မလုပ်လို့ သူများတကာကို စိတ်လိုက်ပုတ်နေတာ'

'ပုတ်...ပုတ်ပဲဟေ့...ဒို့ကတော့ သူများတကာတွေလို အံ့ပုန်းလုပ်တာတွေ ဘာတွေကိုသဘောမကျဘူး...ပွင့်ပွင့်လင်းလင်းနဲ့နှင့်ကိုငါခုန်တယ်...ငါ့ကို ပြန်ချစ်မလား ဒီလိုမျိုးလေးတွေကိုပဲ သဘောကျတယ်...ဟင်း...ဟင်း...'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဝင့်ဝါ မိုးမိုးကို လိုက်ရိုက်တော့သည်။

မိုးမိုးက ခုတင်ကိုပတ်ပြေးရင်း...

'ဒီမှာ အန်တီရေ...ဝင့်ဝါတစ်ယောက် သူ့အံ့ပုန်းကိုယ်တော်ကိုထိလို့ သမီးကို လိုက်ရိုက်နေတယ်...'

ဒီလိုနှင့် ဝင့်ဝါ၏ အချိန်ကာလလေးများသည် ယာယီရှုမြင်နေခဲ့သည်...ဒါပေမဲ့ နောင်ရက်များတွင်တော့...။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

နေရဲသစ်နှင့် မျိုးထူးတို့နှစ်ယောက် ကင်မရာတစ်လုံးကိုင်၍ ကျောင်းဝင်းအတွင်းတွင် ဟိုချောင်း ဒီချောင်းလိုက်လုပ်နေကြသည်။

အတွဲလိုက်ချောင်းနေခြင်းတော့မဟုတ်ပါ။ ယမုံဆိုသောကောင်မလေးတစ်ယောက်နောက်သို့ လိုက်ချောင်းနေကြခြင်းသာဖြစ်သည်။

ယမုံက ဓာတုမေဂျာကွင်းဖြစ်သည်သာမက တစ်ကျောင်းလုံး၏ နံမည်ကြီးနတ်မိမယ်တစ်ပါးလည်းဖြစ်သည်။

လှသည်။ ထက်မြက်သည်။ ပြီးတော့ ရက်စက်သည်။ ထိုသုံးခုအချိုးညီစွာပေါင်းစပ်ထားခြင်းကြောင့် ယောကျ်ားတော်တော်များများက ယမုံအား ချစ်သလို၊ ကြောက်လည်းကြောက်ကြ၏။

ယခု ယမုံတစ်ယောက်တည်း မော်ဒယ်မမ Cat Walk လျှောက်သလို လျှောက်လှမ်းနေသည်။

သူမနောက်ဘက်မှ နေရဲသစ်နှင့် မျိုးထူးတို့နှစ်ယောက် ကင်မရာတချိန်ချိန်ဖြင့် တကောက်ကောက်လိုက်နေကြသည်။

ရည်ရွယ်ချက်ကတော့ ယမုံ၏ ဓာတ်ပုံအား အရယူရန်ဖြစ်သည်။ အင်တာနက်ပေါ်တင်ချင်၍တော့မဟုတ်ပါ။ မျိုးထူးဆိုသောငတိ၏ နှလုံးသားပေါ်တင်ချင်၍ ဖြစ်ပါသည်။

ရှင်းအောင်ပြောရလျှင် မျိုးထူး ယမုံကိုကြိုက်နေသည်။

ထိုသို့ ကြိုက်နေသဖြင့် နေရဲသစ်က သူငယ်ချင်းကောင်းပီသစွာ လိုက်ရန်အားပေးအားမြှောက်ပြုသော်လည်း မျိုးထူးဆိုသောငတိက မွေးရာပါသတ္တိနည်းသည့်အပြင် ယမုံ၏ ကျော်ကြားမှုအရှိန်အဝါကြောင့် ငါးပေအကွာလောက်သို့ ရောက်လျှင်ပင် ဒူးကမခိုင်ချင်တော့...ထို့ကြောင့် ယမုံအား အပြင်လောကတွင် မပိုင်ဆိုင်ရရင်နေ ဓာတ်ပုံလေးကိုတော့ ပိုင်ဆိုင်ချင်ပါသည်ဆို၍ နေရဲသစ်လည်း သူငယ်ချင်း၏နည်းပါးလှသောလောဘကို ပါရမီဖြည့်ရန်အတွက် ဤသို့ ယမုံ့ဓာတ်ပုံရရန် လိုက်လံဆောင်ရွက်ပေးနေခြင်းသာ ဖြစ်သည်။

ယခုအချိန်ထိတော့ ကိစ္စက အထမြောက်ခြင်းမရှိသေးပါ။

နောက်မှလိုက်နေခြင်းကြောင့် ယမုံ၏နောက်ကျောကိုသာ မြင်တွေ့နေရသေးသည်။ မျိုးထူးလိုချင်တာက ယမုံ၏မျက်နှာပုံဖြစ်ခြင်းကြောင့် ယခုအချိန်ထိမျှော်တော်ယောင်လုပ်ကာ လိုက်၍ ချောင်းနေရခြင်းဖြစ်သည်။

ထိုသို့ချောင်းရင်းဖြင့် အချိန်နည်းနည်းကြာမြင့်လာတော့ နေရဲသစ်စိတ်မရှည်ဖြစ်လာပြီး...

'မျိုးထူး...မင်း ယမုံကရုပ်ကလေးလှသလောက် ခြေကတော်တော်ရှည်တာပဲကွ'

မျိုးထူး မျက်နှာငယ်လေးဖြင့်သာ မချိပြုံးပြုံး၏။

နေရဲသစ်ပြောလည်းပြောချင်စရာပေ...ယမုံကလည်း တစ်မနက်လုံး လျှောက်လိုက်သည့်လမ်း...ကျောင်းဝင်းတစ်ခုလုံးကို ပြပြစင်နေပြီ။ အကြောင်းမသိလျှင် မြေတိုင်းဌာနကကျောင်းကို ပေလိုက်တိုင်းနေသလားမှတ်ရသည်။

မျိုးထူးက မျက်နှာငယ်ဖြင့်...

'ခဏလောက်တော့ စောင့်ကြည်ရအောင်နော်...ရဲသစ်'

'ဗိုက်ဆာနေပြီကွ'

www.burmeseclassic.com

www.burmeseclassic.com

'အေးပါ ခဏလေးပါ'

ထိုသို့ဖြင့် ယမုံနောက်သို့ ဆက်လိုက်ကြသည်။ လိုက်ရကျိုးနပ်သွားသည်ဟု ပြောလို့ရသွားသည်။ အဘယ်ကြောင့်ဆိုသော် ယမုံသူငယ်ချင်းတစ်ဦးနှင့်တွေ့ကာ ရပ်၍ စကားပြောနေခြင်းကြောင့် ဖြစ်သည်။

အနေအထားက နေရဲသစ်တို့ဘက်သို့ မျက်နှာတစောင်းထားကာ ရပ်နေသည့်အနေအထားပါ။ ရှေ့ဘက်ခပ်လှမ်းလှမ်းသို့သွား၍ မသိမသာ ကင်မရာကို (Zoom) ဆွဲ၍ ရိုက်လိုက်လျှင် လိုချင်သောပုံကို ကွက်တိရသွားနိုင်သည်။

ထို့ကြောင့် နှစ်ယောက်သားတက်ကြွသွားကြပြီး မယောင်မလည်ဖြင့် ကိုယ်လိုချင်သောနေရာကို ခြေလှမ်းရွှေ့ကြသည်။

ရောက်သွားပါပြီ။ ယမုံကလည်း သူငယ်ချင်းဖြစ်သူနှင့် စကားမပြတ်သေး။ ရာသီဥတုက ကိုယ့်ဘက်ကို ပက်ပက်စက်စက်ကို ပါနေပြီ။

နေရဲသစ်လွယ်အိတ်အတွင်းမှ ကင်မရာကိုထုတ်လိုက်၏။ မျိုးထူးက စိတ်လှုပ်ရှားသောလေသံဖြင့်...

'ရဲသစ်...လှလှလေးဖြစ်အောင် ရိုက်ပေးနော်...'

'နဂိုရှိရင်တော့ နဂိုင်းထွက်မှာပေါ့ကွ...'

'နဂိုက ရှိပြီးသားပါကွာ'

'အေးပါ...အေးပါ...'

နေရဲသစ် ကင်မရာကိုချိန်ကြည့်လိုက်သည်။ ယမုံရိပ်မိသွားမှာကိုတော့ သိပ်မစိုးရိမ်မိပါ။ ကိုယ်တွေက သူနဲ့ခပ်ဝေးဝေးကို ရောက်နေတာကိုး။ ထိုသို့ဝေးနေပေမယ့် ကင်မရာက အကောင်းစားဖြစ်ခြင်းကြောင့် (Zoom) ဆွဲပြီးရိုက်ရင်လည်း ပုံထွက်ကြည်လင်ပါသည်။ နေရဲသစ်စိမ်ပြေနပြေချိန်သည်။ မျိုးထူးက ဘေးဌ ရင်တခုန်ခုန်ဖြင့် ရပ်စောင့်နေသည်။ ယမုံက လက်ဟန်ခြေဟန်ဖြင့် စကားပြောနေခြင်းကြောင့် မျက်နှာအလှပေါ်ရန် ခဏမျှချိန်၍ စောင့်ကြည့်သည်။

ယမုံခြေတွေလက်တွေငြိမ်သွားသည်။ ထိုတခဏလေး၌ နေရဲသစ်က အသက်အောင့်၍ ခလုတ်နှိပ်ချလိုက်သည်။

'ဖြတ်...'

'ဟာ...'

နေရဲသစ်ရင်ထဲ၌ ဒေါသထောင်းခနဲထွက်သွားသည်။ ကိုယ်က ချိန်သားကိုက်၍ အနိပ်...ကင်မရာရှေ့မှ တစ်စုံတစ်ယောက်က ဖြတ်အလျှောက်နှင့် ကြုံသွားကာ ထိုတစ်စုံတစ်ယောက်၏ပုံသာ ကင်မရာထဲတွင် ဝင်သွားပြီး ယမုံပုံကိုတော့ မရိုက်လိုက်ရ၊ ထိုအဖြစ်အပျက်က စက္ကန့်ပိုင်းလေးအတွင်း ဖြစ်သွားခြင်းဖြစ်၏။

'တောက်...ဘယ်သူလဲကွာ...'

ထိုသို့ ဒေါသသံဖြင့် ရေရွတ်လိုက်ပြီး ကင်မရာကိုမျက်နှာရှေ့မှ ဖယ်လိုက်ချိန်တွင်...တစ်စုံတစ်ယောက်က ကိုယ်ထံသို့ ဒေါနှင့်မောနှင့် ဝင်ရောက်လာကြောင်းကို မျက်ဝန်းရိပ်မှ တွေ့လိုက်ရ၏။ နေရဲသစ်မျက်မှောင်ကျုံ့မိသွားသည်။

ထိုတစ်ယောက်က ဒေါသသံဖြင့်...

'နေရဲသစ်...နင်ဒါဘာလုပ်တာလဲ...'

ဒေါသသံဖြင့် မေးခွန်းထုတ်လိုက်တဲ့သူက တစ်ခြားသူမဟုတ်ပါ။ နေရဲသစ်ရဲ့ကျောင်းတော်က ရန်စဟောင်းလေးဝင်ဝါပါ။ နေရဲသစ် အူတူတူဖြင့်...

'ဘာလဲ နင့်ကိုဘာလုပ်လို့လဲ'

'နင်ခွင့်ပြုချက်မရဘဲ ဘာလို့ ငါ့ကို ဓာတ်ပုံလာရိုက်တာလဲ'

'ဩော်...'

နေရဲသစ် နားလည်သွားလိုက်သည်။ လက်စသပ်တော့ ကိုယ်ရိုက်လိုက်တဲ့အချိန်မှာ ကင်မရာရှေ့ကိုဖြတ်လျှောက်လိုက်တာ ဒင်းကိုး။ ထို့ကြောင့် ပေါက်ကွဲသွားပြီး...

www.burmeseclassic.com

www.burmeseclassic.com

'ဒီမှာ ဝသုံးလုံး'

ဝင့်ဝါ ရှုံးခဲ့ဖြစ်သွားပြီး...

'နင်နော် ငါ့ကို အဲဒီလိုမခေါ်နဲ့'

'အေး...ဒါဆို ဒီမှာ ဝါဝါဝင်း'

'အဲဒါ ရုပ်ရှင်ရုံနံမည်ကြီးဟဲ့...ဟွန်း...'

'ညော်...အေး...ဝသုံးလုံးခြင်းတူတော့ ငါလည်းမှားသွားတာ ...ဒီမှာ ဝင့်ဝါဝင်း'

'ဘာလဲ'

'နင်က ငါဓာတ်ပုံရိုက်နေတာကို အနောက်အယှက်လည်းလာပေးသေးတယ်...ပြီးတော့...ငါ့ကိုလည်း ရန်လာတွေ့နေသေးတယ် ဟုတ်လား'

'ဘာပြောတယ် နင့်ဘာသာနင်ဓာတ်ပုံရိုက်နေတာ ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်သူ့ကိုရိုက်နေတာလဲ'

'ယမုံကို'

ဝင့်ဝါမျက်မှောင်ကျုံ့သွားသည်။ ယမုံဆိုသော သူတို့မေကျာရဲ့ ကွင်းလေး...ပြီးတော့တခန်းတည်းတက်နေတာဆိုတော့ သိသည်ပေါ့' ထို့ကြောင့်...

'ဘယ်မှာလဲ နင်တို့ဓာတ်ပုံရိုက်နေတယ်ဆိုတဲ့ ယမုံ'

'ဟိုမှာ ရုပ်...ဟင်...'

နေရဲသစ် လက်ညှိုးလေထဲတွင် တန့်သွားသည်။ ယမုံက ထိုနေရာတွင်မရှိတော့ဘဲ ထွက်သွားပြီ။ ထို့ကြောင့် မျိုးထူးကိုကြည့်မိလိုက်ရာ မျိုးထူးက မျက်နှာရှုံ့မဲ့ရှုံ့မဲ့ဖြစ်နေ၏။ အစီအစဉ်က အောင်မြင်ခါနီးမှ ဝင့်ဝါကြောင့် တော့လွဲကလေးဖြစ်သွားတာကိုး။

ထို့ကြောင့် နေရဲသစ်လည်း ကိုယ်တွေ့တစ်မနက်လုံး ခြေတိုခဲ့

သမှ ခုတော့ 'ပလုံ' ဟုမြည်သွားသဖြင့် ဒေါသက ထောင်းခနဲထွက်လာ တာ...

'ဒီမှာ ဝသုံးလုံး'

'အဲဒီလို မခေါ်နဲ့လို့ ငါပြောထားတယ်နော်'

'ခေါ်တယ်ဟာ ဘာဖြစ်လဲ...နင့်ကြောင့် ငါတို့တစ်မနက်လုံး ကြိုးစားခဲ့သမျှတွေ သဲထဲရေသွန်ဖြစ်သွားပြီ နားလည်လား'

'အောင်မယ်...အောင်မယ်...နင်တို့က ငါ့ကို ဓာတ်ပုံခိုးရိုက်ပြီး တော့...လာပြန်ပြီးအသံကောင်းဟစ်နေသေးတယ်'

'သွားစမ်းပါ...နင့်ကိုဆိုရင် ကင်မရာနဲ့တော့မရိုက်ချင်ဘူး... အေး... ရိုက်ချင်းရိုက် နှစ်တစ်လက်မဒုတ်နဲ့ပဲ ရိုက်ချင်တာနားလည် လား...'

ဝင့်ဝါ စွေ့စွေ့ခုန်သွားသည်။

'နေရဲသစ်...နင်...နင်...'

'ဘာလဲ...ဘာဖြစ်လို့လဲ'

ထိုသို့ ဒေါသချောင်းချောင်းထွက်နေသော်လည်း ဝင့်ဝါဘာလုပ်လို့ ဘာကိုင်ရမှန်းမသိသေးပါ။ ပထမတော့ တခြားယောကျ်ားလေးတွေ ကိုယ့်ကို ဓာတ်ပုံရိုက်တယ်ထင်ပြီး ရန်လာတွေ့တာပါ။

အနားရောက်မှ နေရဲသစ်ဖြစ်မှန်းသိတော့ ဒီကိစ္စက မဖြစ်နိုင်မှန်း ကိုလည်း ရိပ်မိပြီးသားပါ။ နေရဲသစ်ဆိုတဲ့ကောင်က ကိုယ့်ကိုဓာတ်ပုံခိုးရိုက် ဖို့ နေနေသာသာပြောတဲ့အတိုင်း ချောင်းမရိုက်ရင်တောင်မှ ကံကောင်းလေ... ထို့ကြောင့် ဒေါသထွက်မိသော်လည်း စိတ်ကိုတဆစ်ပြန်လျှော့၍ လက်ညှိုး တစ်ချောင်းထောင်ကာ အံကိုကြိတ်ပြီး...

'နေရဲသစ်...နင်ကြုပ်ကြုပ်သတိထား...ဟင်း...ဟင်း'

ဟုပြောပြီး ချာခနဲလှည့်ထွက်သွားတော့သည်။

ထို့ကြောင့် နေရဲသစ်နှင့် မျိုးထူးတို့နှစ်ယောက် ကျန်ရစ်ခဲ့သည်။ မျိုးထူးကသက်ပြင်းချ၍...

www.burmeseclassic.com

www.burmeseclassic.com

'ငါ စိတ်မကောင်းဘူး ရဲသစ်...'

'အေး ငါလဲ စိတ်မကောင်းပါဘူး မျိုးထူးရာ...ယမုံကလည်း ငါတို့ရန်ဖြစ်နေတုန်းလစ်သွားတာကိုးကွ...ဟင်း...'

'ငါအဲဒါကို ပြောတာမဟုတ်ဘူး'

'ဒါဆိုလည်း ဘာလဲကွ'

မျိုးထူးခေါင်းကို ခပ်လေးလေးခါ၍...

'ဘာမှ မဟုတ်ပါဘူးကွာ'

ထို့နောက်တော့ နှစ်ယောက်သားစိတ်ပျက်ပျက်ဖြင့် ရယ်လိုက်မိကြသည်။

ထို့နေ့က ဒီလောက်ပဲဖြစ်သည်။

သို့ရာတွင် နောက်ရက်သို့ ရောက်သောအခါ...

အခန်း (၅)

ကျောင်းကဲန်တင်းတစ်နေရာတွင် ဖြစ်သည်။ နေရဲသစ်နှင့် မျိုးထူးဦးစွာယောက် ဟိုတစ်ရက်က မအောင်မြင့်ခဲ့သော အော်ပရေးရှင်းကို ဒုတိယအကြိမ်မြောက်ကြိုးစားနေကြခြင်းဖြစ်သည်။ သူတို့ အော်ပရေးရှင်း၏ အဓိကစိန်ခေါ်မှုဖြစ်သော ယမုံကတော့ ကဲန်တင်းရှိ ခုံတစ်လုံးတွင် တင့်တင့်ထွန်းဦးဆုပ်ဆောင်းဟုအမည်ရသော ထမင်းကြော်တစ်ပွဲကို စိတ်အေးလက်အေးဖြင့်စားနေသည်။

ကဲန်တင်းအတွင်း၌ စားချိန်သောက်ချိန်ဖြစ်ခြင်းကြောင့် လူများပြီးရောလွတ်ရှားပါးနေသည်။ ထို့ကြောင့် ကိုယ်နှင့်သိသိမသိသိဝိုင်းတွင် ခုံလွတ်ရှိနေပါက ပူးပေါင်းပြီးဝင်ထိုင်ကြရသည်။ ယမုံ၏ဝိုင်းတွင်တော့ သမုံတစ်ယောက်တည်းသာထိုင်နေသဖြင့် ထိုင်ခုံလွတ်များရှိသော်လည်း သည်သူမဝင်ထိုင်ကြခြင်းမပြုကြောင်းကို တွေ့ရသည်။ တချို့ကျောင်းသားများဆိုလျှင် ခုံလွတ်တွေ့လိုက်ရခြင်းကြောင့် ယမုံဝိုင်းသို့ ကပျာကယာပြေး၍ ဘာပြီးမှ ၄င်းဝိုင်းတွင် ထိုင်နေသူမှာ ယမုံဖြစ်ကြောင်းတွေ့သောအခါ ထိုင်တော့ဘဲ ဟိုလိုလိုဒီလိုလိုလုပ်၍ ပြန်ထွက်သွားတာကိုတောင် တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်များကို တစ်ခြားပိုင်း၌ထိုင်၍ အကဲခတ်နေကြသော နေရဲသစ်တို့နှစ်ယောက် အတိအကျပင်တွေ့နေရသည်။ ထို့ကြောင့် မျိုးထူး အား မျက်မှောင်ကျုံ့၍...

'ယမုံပိုင်းက တခြားသူတွေဘာလို့ဝင်မထိုင်တာလဲ မသိဘူးနော်'

'ကြောက်လို့နေမှာပေါ့ကွ'

'အာ...မင်းကလည်း ယမုံက ဒီလောက်လှတဲ့ဟာကို ဘာဖြစ်လို့ ကြောက်ကြမှာလဲကွ'

'ဒီမှာ မျိုးထူး...ကြောက်တယ်ဆိုတဲ့ ဝေါဟာရက ပုံမှန်မဟုတ်တဲ့အကြောင်းအရာတစ်ခုခုပေါ်ကို တန်ပြန်သက်ရောက်သွားတဲ့ စိတ်ခံစားမှုကို နံမည်ပေးထားတာကွ'

'မင်းပြောတာကို ငါနားမလည်ဘူး...ရဲသစ်'

'ဒီလိုလေကွာ...လူတစ်ယောက်က ပုံမှန် သူလိုငါလိုရုပ်မျိုးကို ပိုင်ဆိုင်နေရင် မင်းသူ့ကို ကြောက်ပါ့မလား'

'ဟေ့အေး...ဘာလို့ကြောက်ရမှာလဲ'

'အေး...အဲဒီလူကပဲ ဘီလူးသရဲကို ရုပ်ရည်မျိုးရှိနေတယ် ဆိုပါ့ကောကွာ'

'ဒါဆိုရင်တော့ ကြောက်မှာပေါ့ကွာ...'

'အေး ခုလည်း ဒီလိုပဲလေ...ယမုံက အရမ်းကိုလှနေတော့ ပုံမှန်ထက်လွန်ကဲသလိုဖြစ်သွားပြီး ကြောက်ကြတာပေါ့ကွ'

မျိုးထူး မျက်နှာရှုံ့မဲ့၍...

'မင်းဟာက ဘာကြီးလဲကွ...ယမုံက ပုံမှန်ထက်လွန်ကဲလှနေတယ်ထားဦး၊ လှတာအရုပ်ဆိုးတာမှ မဟုတ်တာ ဘာကြောက်စရာရှိလို့လဲ'

'မင်းဟာလေတော်တော်တုံးတဲ့ကောင်ပဲ...ဒါဆိုငါပြောပြမယ် ရာဇဝင်ထဲက ယောကျ်ားတိုင်းမြင်တာနဲ့ ရူးသွပ်သွားတယ်ဆိုတဲ့ ဥမ္မာဒန္တီကို

ကြောက်စရာကောင်းတဲ့အလှကို ပိုင်ဆိုင်တယ်လို့ မမြင်ထားနေလား'

'အင်း...အဲဒါတော့မြင်တယ်လေ သူကိုတွေ့ရင်ရူးသွားတယ်ဆိုတာကိုး'

'ဟုတ်ပြီကွာ...သူကိုပိုင်ဆိုင်ဖို့အတွက် ခုနစ်ပြည်ထောင်မင်းတွေ အသေခံရတော့မဲ့အထိ ဖြစ်အောင်လှပါတယ်ဆိုတဲ့ ပဟဝတီရော ကြောက်စရာကောင်းဘူးလား'

'ဒါလဲ ကြောက်စရာကောင်းသလိုပဲ'

'ဒါဆိုနောက်တစ်ယောက်ကွာ...မင်းဆရာကြီး ဒဂုန်ရွှေမျှားတာသာပြန်ပြန်ထားတဲ့ 'ဟေသာ' ဆိုတဲ့စာအုပ်ရောဖတ်ဖူးလား'

'အင်း...ဖတ်ဖူးတယ်'

'ဒါဆို အဲဒီဟေသာရော ကြောက်စရာမကောင်းဘူးလား'

'ဟာ...ကောင်းမှကောင်းပေါ့'

'အေး...ဒါဆိုရင် မင်းယမုံလည်း အဲဒီအတိုင်းကြောက်စရာကောင်းနေလို့ပေါ့ကွ'

'ဟုတ်ကဲ့...ကျွန်တော်ရှင်းပါပြီ ဆရာရဲသစ်'

နေရဲသစ် မျိုးထူးခေါင်းကို ပိတ်ခေါက်လိုက်သည်။

အချိန်ကလည်း တရွေ့ရွေ့ကုန်လာပါပြီ။ ဒါပေမယ့် ကဲန်တင်းတွင်းရှိလူများကတော့ မကုန်တဲ့အပြင်တိုး၍တောင်ရောက်လာသေး၏။

ထို့ကြောင့် အခွင့်အရေးကိုထိုင်၍ စောင့်နေကြသော နေရဲသစ်တို့ နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ခေါင်းတခါခါဖြစ်နေကြသည်။

ယမုံကတော့ ထမင်းကြော်စား၍ ပြီးသွားပြီ။ အအေးတစ်လုံးကို စိမ်ဆွဲ၍သောက်နေသည်။ သူမဝိုင်းမှာတော့ နေမြဲတိုင်း သူမတစ်ယောက်တည်းသာ။

www.burmeseclassic.com

www.burmeseclassic.com

ထိုမြင်ကွင်းကိုကြည့်ပြီး နေရဲသစ်အကြံပေါက်လာသည်။

'မိုးထူး... မင်းယမုံနဲ့ စကားလေးဘာလေးပြောချင်တဲ့ စိတ်မရှိဘူးလား'

'ရှိတာပေါ့ကွာ...ဒါပေမဲ့...'

'ဒါပေမဲ့ ဘာညာတွေလုပ်မနေနဲ့ ပြောချင်တယ်ဆိုရင် အေးသွားပြော'

မိုးထူးတွန့်ခနဲဖြစ်သွားပြီး...

'မ...မဖြစ်ပါဘူးကွာ'

'ဘာလို့ မဖြစ်ရမှာလဲ...သူ့ဝိုင်းကို ဘယ်သူမှ ဝင်မထိုင်တာကင်း မင်းတွေ့တယ်မဟုတ်လား...သူ့ရုပ်က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ ပုံမျိုးဖမ်းထားပေမယ့် ဒီကိစ္စအတွက် စိတ်ထဲမှာနည်းနည်းတော့ကသိကအောက်ဖြစ်နေမှာပဲ...ဒီလိုအချိန်မှာ မင်းက သူ့ဝိုင်းမှာဝင်ထိုင်ပြီးရောလိုက်ရင်ပြီးပြီ'

နေရဲသစ်စကားက သဘာဝကျပါသည်။ ဒါကို မိုးထူးသိသော်လည်း ရဲတွန့်တွန့်ဖြင့်...

'ဖြစ်...ဖြစ်ပါ့မလားကွ'

'မဖြစ်စရာဘာအကြောင်းရှိလဲကွ...ဘာလဲမင်းယောကျ်ားမဟုတ်ဘူးလား'

ထိုစကားက မိုးထူးဘဝင်ကိုနည်းနည်းတော့ထိသွားသည်။ ခဏတာငြိမ်၍နေပြီးမှ...

'ဒါဆို...ငါသွားကြည့်မယ်ကွာ'

'ဒီလိုလုပ်စမ်းပါကွ...ဟား...ဟား...'

ထို့နောက်တော့ မိုးထူးခြေလှမ်းခပ်လေးလေးဖြင့် ယမုံရှိရာသို့ရောက်သွားသည်။

'ကျွန်...ကျွန်တော် ဒီမှာထိုင်လို့ရမလား'

ယမုံမျက်လုံးပင့်၍ ကြည့်သည်။

ပြီးမှ ခနဲ့တဲ့တဲ့ပြုံး၍...

'ဒီဆိုင်က ကျွန်မပိုင်တဲ့ဆိုင်တဲ့ဆိုင်မှမဟုတ်တာ...ခွင့်တောင်းစရာမလိုပါဘူး'

လေသံနည်းနည်းတော့ကျဲပါသည်။ ဒါပေမယ့် မိုးထူးအားတင်း၍ ဝင်ထိုင်လိုက်၏။

ယမုံကတော့ မိုးထူးအား မည်သို့မျှဂရုမထားလေဟန်ဖြင့် အသေးကိုသာ ပိုက်ဖြင့်စုပ်၍ စိတ်အေးလက်အေးပြန်သောက်နေသည်။ တို့ကြောင့် မိုးထူးငုတ်တုတ်ထိုင်ကာ ကြောင်စီစီပုံစံဖြင့် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေသည်။ ထို့ကြောင့် နေရဲသစ်ထံ အားကိုးတကြီးပုံစံဖြင့်လှမ်း၍ ကြည့်လိုက်ရာ...နေရဲသစ်က တင်းထားကွပုံစံဖြင့် လက်မကိုထောင်ပြသဖြင့် စိတ်ကိုတင်းပြီး...

'ဟို...ဟိုလေ...ကျွန်တော့်နံမည် မိုးထူးပါ'

ယမုံ မိုးထူးကိုဖြတ်ခနဲကြည့်သည်။ ပြီးနောက် စိတ်ရှုပ်သွားသည့်ပုံစံမျိုးဖြင့် မျက်ခုံးကိုလှုပ်ရှာတွန့်ကွေးကာ...

'ယူကို ဘယ်သူကမေးနေလို့လဲ'

မိုးထူးတံတွေးတစ်ချက်မြိုချ၍...

'ဟုတ်ပါတယ်...ကျွန်တော်ကတော့ ယမုံကို သိနေပါတယ်'

'ဒီတော့...'

'ကျွန်တော် ယမုံကို ခင်ချင်ပါတယ်...အဲဒါ...'

ယမုံလှောင်သံဖြင့် ဟက်ခနဲရယ်သည်။

'နေပါဦး၊ တို့ပုံစံက လူတကာက ခင်ချင်ပါတယ်ဆိုတိုင်း ခင်ခွင့်ခပ်ပေါပေါပေးနေတဲ့ပုံမျိုးပေါက်နေလို့လား'

'အာ...ဒီ...ဒီလိုသဘောမျိုးနဲ့ ကျွန်တော်ပြောနေတာ မဟုတ်ပါဘူး...ကျွန်တော်က ယမုံကိုတကယ်ခင်ချင်နေတာပါ'

www.burmeseclassic.com

www.burmeseclassic.com

ယမုံပုံစံက စိတ်မရှည်ဟန်ပေါက်သွားသည်။ ခန္ဓာကိုယ်ကို အရှေ့သို့ကိုင်း၍ အေးတိအေးစက်လေသံဖြင့်...

'ဒီမှာယူပြောတဲ့စကားတွေက အရမ်းကို အန်းတစ်ဖြစ်နေပြီ... ဒီတော့တို့စိတ်ဒီထက်မတိုခင် ဒီနေရာကနေမြန်မြန်လစ်တော့'

ထိုသို့ရင့်သီးစွာပြောလိုက်ခြင်းကြောင့် မျိုးထူးတုန့်လှုပ်သွားပြီး...

'ဟုတ်...ဟုတ်ကဲ့ ယမုံကို အနှောက်အယှက်ပေးမိတဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ်'

ဟုပြောကာ သုတ်ခနဲထပြန်လာတော့သည်။ နေရဲသစ်ထံသို့ ရောက်သောအခါ...

'ဘယ်လိုလဲကွ...အဆင်မပြေဘူးလား'

မျိုးထူး ဖရိုဖရဲမျက်နှာကြီးဖြင့်...

'အစကတည်းက အဆင်မပြေနိုင်ပါဘူးလို့ မင်းကိုငါပြောသားပဲဟာ'

'နေပါကွာ...မင်းကိုက ညံ့တာပါ...'

'မင်းဒီလိုမပြောနဲ့ရဲသစ်...ငါ့နေရာမှာ တခြားဘယ်ယောကျ်ားလေးမဆို ဒီလိုပဲပြန်ပြေးလာရမှာပဲ'

'ဟင်း...ဟင်း...မင်းဘာသာမင်း အစွမ်းအစမရှိတိုင်း လျှောက်ပြောမနေစမ်းပါနဲ့'

မျိုးထူးကျွဲမြီးတိုသွားပြီး...

'ဒီလိုပြောရအောင် မင်းရော ယမုံနဲ့ခင်ခွင့်ရအောင်လုပ်နိုင်လို့လား'

'ဒါများကွာ...ငှက်ပျောသီးအခွံခွာစားရတာတောင်မှ ပိုခက်ဦးမယ်'

'အောင်မာ...လာလာချေသေး...အဲဒါဆိုရင်ဟိုမှာထိုင် နေတုန်းပဲသွားပြီးတော့ ငှက်ပျောသီးအခွံခွာကြည့်ပါလား...ဟွန်း...'

နေရဲသစ် ပြုံး၍ထိုင်ရာမှထပြီး...

'အေး...ဒါဆိုရင် မင်းဒီမှာ ခဏစောင့် ငါငှက်ပျောသီးအခွံသွားနှာပြမယ် ကြည့်နေ'

ထိုသို့ပြောလိုက်ခြင်းကြောင့် မျိုးထူးမျက်လုံးပြူးသွားပြီး...

'ရဲသစ် မင်းတကယ်သွားမလို့လား'

'တကယ်ပေါ့ကွ'

ထိုသို့ပြောပြီး နေရဲသစ် ယမုံထံသို့ ခြေလှမ်းလှမ်းလိုက်ရာ မျိုးထူးခေါင်းကိုသာ တဗျင်းဗျင်းကုတ်၍ ကျန်ရစ်ခဲ့သည်။

'ဟာကွာ...ဒုက္ခပါပဲ...ဟင်း...'

နေရဲသစ် ယမုံထံသို့ ရောက်လာပါပြီ။ ရောက်ရောက်ချင်းပင် ဝင်ထိုင်လိုက်ပြီး...

'မင်း...နံမည်က ယမုံဟုတ်ပါတယ်နော်'

ယမုံပြန်၍ မဖြေဘဲ နေရဲသစ်အား လာပြန်ပြီလားနောက်တစ်ယောက် ဟူသော မျက်လုံးမျိုးဖြင့်လှမ်းကြည့်သည်။ ဒါကို နေရဲသစ်က မသိချင်ဟန်ဆောင်၍...ကိုယ့်ဘာသာကိုယ်ရေရွတ်သောလေသံမျိုးဖြင့်...

'အင်း...နားမကြားရှာဘူးနဲ့တူတယ်...ရုပ်ကလေးက သနားကမားနဲ့ကွာ...ဟင်း...'

ထိုသို့ပြောလိုက်ရာ ယမုံဆတ်ခနဲဖြစ်သွားပြီး ဒေါသသံဖြင့်...

'ရှင်...ဘာစကားပြောတာလဲ'

'ဟာ...ကြားတယ်ဟုတ်လား...ဆောရီး...ဆောရီး...ငါက မင်းနားမကြားလို့ ငါ့မေးခွန်းကို ပြန်မဖြေတာလို့ ထင်သွားတာ'

'ပြောပြန်ပြီလား...ဒီစကား'

'အဟား...မပြောတော့ပါဘူးကွာ...စိတ်မဆိုးပါနဲ့...ငါက မင်းဆီကို အထက်က တာဝန်ပေးလိုက်လို့ရောက်လာတာပါ'

ထိုသို့ရုပ်တည်ကြီးဖြင့်ပြောလိုက်ခြင်းကြောင့် ရန်တွေ့ရန်ပါးစပ်ပြင်နေသော ယမုံနဝေတိမ်တောင်ဖြစ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com

'အထက်က တာဝန်ပေးလိုက်လို့...ဟုတ်လား...ဘယ်အထက်ကလဲ'

'အပေါ်ထပ်က...အာဟုတ်ပါဘူး...ဟိုးအပေါ်ကဆိုပါတော့ကွာ...'

ယမုံနားရှင်းဟန်မတူပါ။ ပြီးတော့ နေရဲသစ်ကိုလည်းကျောင်းသားဟုမထင်တော့ဘဲ ဟိုလိုလိုဒီလိုလိုထင်ပြီး မျက်နှာအမူအရာလည်း ပြောင်းသွားတော့သည်။ နေရဲသစ်က တာဝန်ပေးလို့ရောက်လာတယ်ဆိုတာကိုး...အထက်ကဆိုလည်း...အင်း...

ထို့ကြောင့် လေသံခပ်ဖျော့ဖျော့ဖြင့်...

'ဟို...ကျွန်မသိပ်နားမလည်သေးလို့ပါ...ရှင်ကဘယ်အထက်ကလဲဟင်...ပြီးတော့ ကျွန်မဆီကို ဘာကိစ္စနဲ့ရောက်လာတာလဲ'

'ဟင်း...ဟင်း...မင်းကတကယ်သိချင်တယ်ပေါ့...'

'ဟုတ်ကဲ့'

ရိုသေနေတာ...ရိုသေနေတာ...။ ထို့ကြောင့် နေရဲသစ်ကော်လံတွေဘာတွေဆွဲဆန့်၍...

'အဟမ်း...အဟမ်း...ငါ့ကိုဘယ်အထက်က စေလွှတ်လိုက်တာလဲဆိုရင်...နှတ်ပြည်ခြောက်ထပ်မှာအမြင့်ဆုံးအထပ်ဖြစ်တဲ့ တာဝတိံသာကပဲ'

ယမုံမျက်လုံးပြူးသွားသည်။ နေရဲသစ်ကဆက်၍...

'အဟမ်း...စေလွှတ်လိုက်တဲ့သူကတော့ သိကြားမင်းပဲ'

ယမုံပို၍ မျက်လုံးပြူးသွားသည်။ နေရဲသစ်ကတော့ ပုံမှန်မျက်လုံးဖြင့်ဆက်၍...

'အဟမ်း...စေလွှတ်ခံရတဲ့တာဝန်ကတော့ မင်းက လူ့ပြည်မှာတစ်ကိုယ်တည်းအထီကျန်အဖော်မဲ့နေပါတယ်တဲ့...အဲဒါကြောင့် မင်းကို ငါကသွားပြီး အဖော်လုပ်ပေးလိုက်ပါဆိုလို့ ဒီကိုရောက်လာရတာပဲ...

အဟီး...ရှင်းအောင်ပြောရရင်တော့ ငါက သိကြားမင်းရဲ့ ကိုယ်စားလှယ်ပေါ့ကွာ...ဟဲ...ဟဲ...'

ယမုံကျေနပ်မှုမရှိတိုသွားပါသည်။ နေရင်းထိုင်ရင်းအငိုက်မိသွားပြီး အရှုံးလုပ်ခံလိုက်ရတာကိုး။ ထို့ကြောင့် ခုနကနှုးညံ့သိမ်မွေ့ခြင်းကိုဖျောက်၍ ယခင်နေမြဲထက်ဝိုသော တင်းမာမှုကို မျက်နှာပေါ်သို့ခုန်ပေါက်၍ ရောက်လာပြီး နေရဲသစ်အား စေ့စေ့ကြည့်၍...

'ဒီမှာ...ရှင်နေရာမှားရောက်နေပြီ...ပြီးတော့လူလည်းမှားနေပြီ...ရှင်သွားသင့်တဲ့တေရာအမှန်က ရွာသာကြီးက စိတ်ကျန်းမာရေးဆေးရုံပြီးတော့ ရှင်တွေ့သင့်တဲ့လူကလည်း အဲဒီကဆရာဝန်တွေပဲ...ကဲ...ကြွတော့'

ထိုသို့ တင်းမာစွာပြောလိုက်သော်လည်း နေရဲသစ်၏ အပြုံးမပျက်ဘဲ...လေသံငြိမ်ငြိမ်ဖြင့်...

'ဒီလောက်တောင်ညွှန်းနေမှတော့ အဲဒီနေရာကို မင်းရောက်ဖူးတယ်ထင်တယ်'

'ဘာ...ရှင်...ရှင်...'

ယမုံ မျက်နှာနီခနဲဖြစ်သွားပြီး ပေါက်ကွဲထွက်တော့မည်ဟန်ပြင်လိုက်စဉ်မှာပင် နေရဲသစ်က အချိန်မီလက်ကာပြလိုက်ပြီး...

'ဟေ့...ဟေ့...ဒေါသထွက်လို့မရဘူးလေ...မင်းငါ့ကိုပြောတုန်းကလည်း ငါအပြုံးတောင်ပျက်ခဲ့တာမဟုတ်ဘူး...'

'ဒါတော့...တူမလား...ဟွန်း...'

'မတူဘူးလား'

ယမုံဘုကြည့်ကြည့်သည်။ နေရဲသစ်က အူတူတူဟန်ဖြင့်ကြည့်သည်။ ယမုံပတ်ဝန်းကျင်အခြေအနေကိုကြည့်၍ အလျင်အမြန်ပင်တွက်ချက်ပစ်လိုက်သည်။ ကိုယ်သာဒီလူနှင့် ခုနေခါမှာရန်ဖက်ဖြစ်နေသည်ဆိုလျှင် ပတ်ဝန်းကျင်ကရှိနေသဖြင့် သိက္ခာကျပေတော့မည်။ ယခင်လူ့ဘဝအတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရုပ်တည်ဖြင့်ဟောက်ထုတ်မည်ဆိုတော့လည်း သူပုံစံက ကိုယ့်ကိုကြောက်သည့်ပုံတစ်စက်မှမထွက်...ထို့ကြောင့် သူ့ဘာသာသူ ကိုယ်နဲ့လာပြီး ပတ်သက်တာနောင်တရသွားအောင် ပညာတော့ပေးရပေတော့မည်။ ထိုသို့စဉ်စားပြီး ပုံမှန်မျက်နှာ ပုံမှန်လေသံမျိုးဖြင့် နေရဲသစ်အား တည့်တည့်ကြည့်၍...

'ဒီမှာ...ရှင်က ကျွန်မအထီးကျန်နေတယ်ထင်တဲ့အတွက် အဖော်လုပ်ပေးဖို့ရောက်လာတာပေါ့ ဟုတ်လား...'

နေရဲသစ် ခေါင်းညိတ်၍...

'အင်း...အဖော်ဆိုတဲ့စကားလုံးအစား သူငယ်ချင်းလုပ်ပေးမယ်ဆိုတဲ့ စကားလုံးကို သုံးရင်ပိုပြီး ဆင်ခြေမယ်ထင်တယ်'

ဟုတ်တယ်လေ အဖော်ဆိုတဲ့စကားလုံးက ဘာကြီးမှန်းမှမသိတာ...ထိုသို့ပြောလိုက်ခြင်းကို ယမုံက မည်သို့မှ သဘောမထားဟန်ဖြင့်...

'ကောင်းပြီလေ...သူငယ်ချင်းဆိုတော့လည်း သူငယ်ချင်းပေါ့...ဒါနဲ့ရှင်က ကျွန်မသူငယ်ချင်းဖြစ်ရလောက်အောင် အရည်အချင်းရှိလို့လား'

နေရဲသစ်မျက်နှာတည်သွားပြီး မျက်မှောက်ကျဲလိုက်မိ၏။

'အရည်အချင်းဟုတ်လား...နေပါဦး မင်းက ဘယ်လိုအရည်အချင်းကို ဘယ်လိုပေတံနဲ့ ရှိ မရှိတိုင်းတာမှာလဲ'

'ဒါတော့...ကျွန်မမေးတဲ့မေးခွန်းပေါ်မှာ ရှင်ဖြေနိုင်တယ်ဆိုတဲ့အပေါ်မှာ မူတည်တယ်'

နေရဲသစ် သဘောပေါက်သွားသည်။ လက်စသပ်တော့ ဒီဇတိမက ကိုယ်ကိုမေးခွန်းတစ်ခုမေးမည် ထိုမေးခွန်းကို ကိုယ်ကဖြေနိုင်ရင် သူနဲ့သူငယ်ချင်းဖြစ်ခွင့်ရမည်။ အဲ... မဖြေနိုင်ရင်တော့ ညောင်း...တော့... ဒီလို အချိုးမျိုးကြောင့် ဒီယမုံဆိုသော ဇတိမကို တခြားလူတွေကြောက်ကြတာဖြစ်သည်။ နေရဲသစ် ခပ်သဲ့သဲ့ပြုံးမိသည်။ ထိုအပြုံးကတော့

ငယ်စဉ်အထက်တန်းကျောင်းသားဘဝက ညာဉ်ဆိုးလေးတွေကို ပြန်လည်ခေါ်ဆောက်လိုက်တဲ့ အပြုံးပါ...ထို့ကြောင့် နေရဲသစ်ချက်ချင်းပင် အရင်တုန်းက နေရဲသစ် ဖြစ်သွားလေသည်။

'ဒီမှာ ယမုံ...'

ဘာလဲ နေရဲသစ်ဟု ယမုံပြန်မဖြေပါ။ နေရဲသစ်ကသာ ဆက်၍...

'မင်းက ပဟေဠိနန်းတော်အစီအစဉ်ကလား'

'အို...ဘာဆိုင်လို့လဲ'

'မဆိုင်ရင် ငါ့ကို ဟိုမေး ဒီမေး ဘာလို့မေးချင်နေရတာလဲ'

'ဒါကတော့...ရှင့်အရည်အချင်းကို သိချင်လို့လေ'

'လူတစ်ယောက်ရဲ့ အရည်အချင်းကို သိဖို့ဆိုတာ မေးခွန်းတွေထုတ်နေယုံနဲ့ မယုံလောက်ဘူးကွ...ဒါမေမဲ့ ထားပါလေ...မင်းကမေးချင်နေသပဆိုတော့လည်း မေး'

ထိုစကားလုံးကို ယမုံသဘောကျဟန်မတူပါ...။ သို့သော်စိတ်ကိုလျော့လိုက်ပြီး နေရဲသစ်ကို မေးခွန်းစတင်ထုတ်သည်။

'ရှင့်...နံမည်က ဘယ်သူလဲ'

'နေရဲသစ်'

'နေရဲသစ်...အင်းဟုတ်ပြီ...ရှင့်နံမည်ကနေရဲသစ်ဆိုတော့ ရှင့်နံမည်နဲ့တူတဲ့ တခြားနေရဲသစ်တွေ လောကကြီးမှာ ရှိသေးလား'

'ဟာ...အများကြီးရှိသေးတာပေါ့ကွ...'

ဟုတ်တယ်လေ နံမည်တူလူတူမရှားတွေက လောကကြီးမှာ အများကြီးပဲဟာ။ ယမုံဆက်၍...

'ဒါဆို...နေရဲသစ်မဟုတ်တဲ့ တခြားလူတွေရော လောကကြီးမှာ ရှိသေးလား'

'ဘာပြောကောင်းမလဲ...ရှိတာမှ ပုံလို့'

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ယမုံက လေးနက်သောလေသံဖြင့်...

'ဟုတ်ပြီ ...တစ်ခြားနေရဲသစ်တွေရယ်...နေရဲသစ်မဟုတ်တဲ့ လူတွေရယ်ကိုဖယ်လိုက်ရင် လောကကြီးမှာ ဘယ်သူကျန်ခဲ့မယ်လို့ ရှင် ထင်သလဲ'

မေးခွန်းအပြီးသတ်က နည်းနည်းရွှမ်းသလိုရှိပါသည်။ နေရဲသစ် အတွက်တော့ ဒါသည် ပြဿနာတစ်ရပ်မဟုတ်ပါ။ မဆိုင်းမတွပင် ရင်ကိုကော့၍...

'ဒါများကွာ...ရှင်းရှင်းလေး...နေရဲသစ်ဆိုတဲ့ ငါပဲကျန်ခဲ့တာ ပေါ့ကွ'

ယမုံအံ့အားသင့်သွားသည့် မျက်ဝန်းဖြင့် နေရဲသစ်ကိုကြည့်သည်။ ပြီးနောက် ကြည့်ရင်းနဲ့မှ အနည်းငယ်ပြုံးပြီး...

'အင်း...ရှင်က ကျွန်မထင်သလောက်မဆိုးပါဘူး'

'ဒါပေမဲ့ ငါကသိပ်လည်း မလိမ်မာဘူးကွ...'

'ဘယ်လိုများပါလိမ့်'

'ဧဏာနေရင် မင်းသိမှာပါ'

ယမုံစိတ်ကို ရှည်ရှည်ဆွဲဆန့်လိုက်ပြီး...

'ကောင်းပြီလေ...ခုချိန်ကစပြီး ရှင်နဲ့ ကျွန်မ သူငယ်ချင်းဖြစ်သွား ပြီပေါ့'

'သေချာလား'

'ဘာလို့ ဒီလိုမေးရတာလဲ'

'ဩော်... ငါဆက်ပြောမယ့်စကားက သူငယ်ချင်းဖြစ်တာ သေချာမှ ပြောလို့ကောင်းမယ့်စကားမို့လို့ပါ'

'အင်း...သေချာပါတယ် ပြောစရာရှိတာသာပြော...'

ထိုအခါ နေရဲသစ်က ခါးကို ရှေ့သို့ကိုင်း၍ လေးနက်သော လေသံဖြင့်...

'ယမုံ သူငယ်ချင်း...ငါ့ကို ပိုက်ဆံငါးထောင်လောက်ချေးပါ ဘနော်'

ယမုံမျက်လုံးလေးဝိုင်းပြီး နေရဲသစ်ကိုကြည့်သည်။ နေရဲသစ်က မျက်နှာငယ်ဖြင့် ဆက်၍...

'ချေးပါဟာ...နော်...နော်...သူငယ်ချင်းဖြစ်ကာစ ဈေးဦးပေါက် နေနဲ့ဖြစ်ဖြစ်ပေါ့...ငါသိန်းတစ်ထောင်ထိကြီးပေါက်ရင် ဆက်ဆက် ပြန်ဆပ်ပါ့မယ်...'

ထိုသို့ဖြင့် ယမုံမှာ သက်ပြင်းတချချဖြင့် ယခုမှခင်ဗောသူငယ်ချင်း ရဲ့ ဈေးဦးပေါက်အနေနှင့် ပိုက်ဆံငါးထောင်ချေးလိုက်ရပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

ဒီနေ့တစ်မနက်ခင်းလုံး တွေ့ကြုံရသည့်အခြေအနေတွေကို ဖြ
နိုင်လျှင် ကိုယ့်ရဲ့ကိုယ်ပိုင်အချိန်တွေထဲမှ ဖြုတ်ထုတ်ပစ်လိုက်ချင်သည်
အာယ်ကြောင့်ဆိုသော မနက်အိပ်ယာထကတည်းက စက္ကန့်သုံးဆယ်
တစ်ကြိမ်နှုန်းဖြင့် ကြို့ကတစ်အော့အော့နှင့် ထိုးနေသည်။ နားနှစ်ဖက်
ပိတ်...အသက်အောင့်ကာ ရေသောက်သော်လည်း ဗိုက်ကယ်သွားတာ
အဖတ်တင်သည်။ ကြို့ထိုးတာကမပျောက်...ကြို့ထိုးခြင်းဆိုတာက
ကျင်သည့်ဝေဒနာမဟုတ်သဖြင့် ရောဂါတစ်ခုဟု မည်သူမှမသတ်မှတ်
သော်လည်း ခံရသူအဖို့ကတော့ တော်တော်စိတ်အနှောက်အယှက်ပေးသည့်
ကိစ္စတစ်ခုဖြစ်သည်။

ကြို့ထိုးခြင်းသည် စက္ကန့်သုံးဆယ်တွင် တစ်ကြိမ်သာထိုးသော်
လည်း ဘယ်အချိန်ထိုးမလဲ ထိုးမလဲဟူသော အတွေးက စက္ကန့်မလပ်ရှိ
သဖြင့် အချိန်တိုင်းမှာ စိတ်အနှောက်အယှက်ဖြစ်နေရသည်။ ထိုသို့ စိတ်
ရှုပ်ရှုပ်ဖြင့် ကျောင်းသို့ ရောက်လာခဲ့ရာ မိုးမိုးမရောက်သေးသဖြင့်
ကဲန်တင်းတွင် စိတ်ပြေလက်ပျောက်တစ်ကိုယ်တည်း သွားထိုင်ကာမှ ပို၍
စိတ်အနှောက် အယှက်ဖြစ်စရာကိစ္စနှင့် တည့်တည့်တိုးလေသည်။

'ဝင်ဝါ တစ်ယောက်တည်းလား'

ထိုသို့မေးလာခြင်းကြောင့် ကြို့ထိုးမည့်အချိန်ကို သတိဖြင့်စော

ကြည့်နေသော ဝင်ဝါမော့ကြည့်လိုက်သည်။ ကျောင်းစာကြည့်တိုက်စာရေး
ဆင်ကိုကိုလတ်ဆိုတဲ့လူပါ...

ကိုတင်ကိုကိုလတ်က စာကြည့်တိုက်စာရေးဆိုပေမယ့် စာဖတ်
ပါသနာလုံးလုံးမပါသည့်အပြင် ခန္ဓာကိုယ်လည်း ကာယဗလမောင်လို
ဆောင့်တောင့်တင်းနှင့် ဂုတ်တိုတိုပုံစံမျိုးပါ။ ဒီလိုခန္ဓာကိုယ်တောင့်တောင့်
တင်းတင်းရှိတဲ့ယောကျ်ားတွေရဲ့ ထုံးစံအတိုင်း ကိုယ်ခန္ဓာကိုယ်အလှကို
လူများတွေမြင်အောင် နွေး၊ မိုး၊ ဆောင်း သုံးရာသီလုံး စွပ်ကျယ်ချိုင်းပြတ်
အင်္ကျီ နေတတ်သူမျိုးပါ။

ယခုလည်း ထုံးစံအတိုင်း စွပ်ကျယ်ချိုင်းပြတ်ကြီးနဲ့ရောက်လာ
တဲ့ ဝင်ဝါကို ပိုးစားနေသော ရှေ့သွားကြီးဖြကာ နှုတ်ဆက်နေခြင်းဖြစ်သည်။
ဖြတ်ပါသည်။ တင်ကိုကိုလတ်သည် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးလိုလို
ကြွက်သားမာန်စွမ်းသော်လည်း ချိုယွင်းချက်အနေဖြင့် သွားတွေက ရက်ရက်
စက်စက်ကို ပိုးစားကာ မဲသဲ၍ ပဲ့ရွဲ့နေ၏။

ထိုသို့ ကိုယ့်ကိုလာ၍နှုတ်ဆက်သူမှာ ဘယ်သူဘယ်ဝါဆိုတာ
ခြင်သွားခြင်းကြောင့် နဂိုမူနဲ့ကုတ်နေသောဝင်ဝါမျက်နှာမှာ မကြည်မလင်
ဖြစ်သွားပြီး...

'ဩော်...ကိုတင်ကိုကိုလတ်လား...အော့...'

တင်ကိုကိုလတ်က ပိုးစားနေသောသွားကို ထပ်မံ၍ဖြဲပြပြီး...

'အဟင်း...ဟုတ်တယ်..ဝင်ဝါတစ်ယောက်တည်းဆိုရင် ကိုယ်
နဲ့မှာပဲထိုင်လို့ရမလား...မသိဘူး'

ဝင်ဝါမှာ စာဖတ်ဝါသနာပါခြင်းကြောင့် ကျောင်းစာကြည့်တိုက်
စာရေးဖြစ်သော တင်ကိုကိုလတ်အကူအညီဖြင့် ရှားပါးစာအုပ်တချို့အား
ငှါးရမ်းရယူသည်။ သို့ရာတွင် တင်ကိုကိုလတ်၏ လိုအပ်သည်ထက်ပို၍
ကြာဆိုပြုမူသောအမူအရာများကြောင့် နောက်ပိုင်းတွင် စာကြည့်တိုက်တက်သို့
သွားဖို့မလှည့်ဖြစ်တာ ကြာပြီဖြစ်၏။ ယခုလိုကိုယ်ဆီရောက်လာပြီး ဝင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ရန်တည့်တည့်ကြီးခွင့်တောင်းလာသောအခါ ယခင်ကညီခဲ့ပေးမှုသော
မျက်နှာကရှိနေသဖြင့် အားနာပြီး...

'အင်း...ထိုင်ချင်ထိုင်လေ...အော့...'

ထိုသို့ဝင့်ဝါထံမှ ခွင့်ပြုချက်ရလိုက်ခြင်းကြောင့် တင်ကိုကိုသ
မူရသည့်မျက်နှာမျိုးဖြစ်သွားပြီး ဝင့်ဝါနှင့် မျက်နှာချင်းဆိုင်ခုံတွင် နွေ
ဝင်ထိုင်လိုက်ပြီး...

'အဟင်း...ဝင့်ဝါစကြည့်တိုက်ဘက် မလာတာတောင် ကြာ
နော်...'

'အင်း...စာမေးပွဲ...ရှိနေလို့ မရောက်ဖြစ်တာပါ...အော့...'

'ကိုယ်က မျှော်နေမိသေးတယ်...အဟင်း...'

'ဩော်...အော့...'

ထို့နောက် တင်ကိုကိုလတ်က ဝင့်ဝါကြို့ထိုးနေခြင်းကို သ
ထားမိသွားဟန်ဖြင့်...

'ဝင့်ဝါ ကြို့ထိုးနေတာလား...'

'အင်း...အော့...'

'ဒါဆိုရသောက်လိုက်လေ...'

'သောက်ကြည့်တယ် မရဘူး...အော့...'

ထိုသို့ပြောလိုက်ရာ တင်ကိုကိုလတ်က တစ်ခုခုကိုနားလည်သ
ဟန်ဖြင့် ခေါင်းညိတ်၍...

'အင်းပေါ့လေ...ဝင့်ဝါက ကိုယ့်လိုကျန်းမာရေးလိုက်စားတဲ့
မဟုတ်တော့ ခုလိုမျိုးအဖြစ်တွေ ကြုံရတော့တာပေါ့'

ထိုစကားကို ဝင့်ဝါလုံးဝသဘောမပေါက်ပါ။ ထို့ကြောင့်...

'ဘာတွေလာပြောနေတာလဲ...ကျွန်မက ခုဘာဖြစ်နေလို့လဲ
အော့...'

'ဝင့်ဝါအခုကြို့ထိုးနေတယ်လေ'

'အဲဒါနဲ့ ရှင်ပြောတာဘာဆိုင်လို့လဲ...အော့...'

ထိုအခါတင်ကိုကိုလတ်က မရယ်ချင်ရယ်ချင်ဟန်ဖြင့် ရယ်၍...

'အဟက်...ဟက်...ဝင့်ဝါ နားလည်အောင်ကိုယ်ပြောပြမယ်...
ဒီမှာကြည့်စမ်း' ဟုပြောပြီး သူ့လက်မောင်းသားကို ညစ်၍ပြသည်။ ထိုအခါ
လက်မောင်းကြွက်သားကြီးက ဖုထစ်၍ တက်လာ၏။ ဝင့်ဝါနဂေတိမ်
တောင်ဖြစ်သွားပြီး လိုက်ကြည့်မိ၏။ ကိုယ့်ကိုဘာသဘောနဲ့ ဒီလိုတွေလာပြ
နေသလဲပေါ့။ ဒါကို ငတိကအဓိပ္ပာယ်ကောက်လွဲသွားပြီး...

'အဟက်...ဟက်...ကိုယ့်မာဆယ်တွေကိုမြင်ပြီး ဝင့်ဝါအဲ့သြ
သွားပြီမဟုတ်လား...ဖြစ်ရမယ်လေ...တခြားလူတွေလည်း ဒီလိုပါပဲ ကိုယ့်
မာဆယ်တွေကို မြင်လိုက်တာနဲ့တပြိုင်နက်တည်း ရှင်သပ်ရှုမောဖြစ်သွား
တော့တာပဲ။ ဒီလိုဖြစ်အောင်လည်း ကိုယ်ကနှစ်ပေါင်းများစွာစနစ်တကျ
နဲ့ လေ့ကျင့်ခဲ့ရတာကိုး။ ဒီလေ့ကျင့်ခဲ့တဲ့ အကြိုးကျေးဇူးကြောင့် ကိုယ့်မာ
ကျန်းမာရေးပတ်သတ်လို့ မကောင်းတဲ့လက္ခဏာ ဘာတစ်ခုမှကို မဖြစ်ခဲ့
ဘူး။ အဲဒါကြောင့် ဝင့်ဝါလည်း ကိုယ့်လိုကျန်းမာရေးလေ့လာလိုက်စား
ခဲ့ရင် ခုလိုကြို့တွေဘာတွေမထိုးတော့ဘူးပေါ့...ဒါကို ပြောတာပါ'

မဆိုင်ရေးချ ဘာမှမဆိုင်ပါ။ သူဘာသာ ဗလကြီး...ကြီးတာနဲ့ပဲ
ကြို့မထိုးတော့ဘူးတဲ့လား...ထို့ကြောင့် ဝင့်ဝါမှာ စိတ်ပျက်လက်ပျက်ဖြင့်
ငြိမ်ငြိမ်လေးထိုင်ကာ ကိုယ့်ဘာသာကိုယ် ကြို့ထိုးနေလိုက်ပါတော့သည်။

'အော့...အော့...အော့...'

ဒါကို တတိက သူ့စကားအောင်မြင်သွားပြီဟုမှတ်လိုက်ပြီး...
သူ့ဗလနှင့် သက်ဆိုင်သောအကြောင်းအရာများကို ဆက်လက်၍ တော်ကီ
ပစ်ပြီး...ဝင့်ဝါအား မသိမသာရော သိသိသာသာပါစည်းရုံးသိမ်းသွင်း
တော့သည်။

'ဝင့်ဝါပဲ စဉ်းစားကြည့်လေ ခုခေတ်လူငယ်တွေကြည့်လိုက်ရင်
ပိန်ညောင်ညောင် လေတိုက်ရင်တောင်လဲတော့မယ် ပုံစံတွေနဲ့ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ကိုယ့်ကိုယ်ကို သန်မာထွားကြိုင်းနေမှ ဝင့်ဝါတို့လို အားနဲ့တဲ့ မိန်းမသားတွေက အားကိုးချင်ကြမှာပေါ့ ... မဟုတ်ဘူးလား'

ငတိက ထိုသို့ပြောပြီး ခန္ဓာကိုယ်အား မသိမသာညှစ်၍ ထားသည်။ ထို့ကြောင့် လေသံကြီးကပါ အစ်တစ်တစ်ဖြစ်နေ၏။ ဝင့်ဝါကတော့ ကြို့ထိုး၍ ကောင်းဆဲ...

'အော့...အော့...'

'ကြွားပြောတာတော့မဘုတ်ဘူး'

အမှန်တော့ ကြွားတော့မှာပါ။

'ကိုယ်က ဒီနိုင်ငံမှာ မွေးလို့ပေါ့...အင်္ဂလန်နိုင်ငံမျိုးမှာ မွေးခဲ့လို့ ဆိုရင် မောင်စကြာဝဠာဘွဲ့ကိုတောင်မှ အသာလေးမှန်းလို့ရတယ် ဟင်း...ဟင်း... ဘယ်...အာနိုးရဲ့ခန္ဓာကိုယ်အချိုးအစားက ကိုယ့်လောက် တောင်မှ ကြည့်မကောင်းဘဲဟာ...'

ထိုသို့ ထိုသို့ဖြင့် သူဘယ်လောက်ဗလတောင့်ကြောင်း...ကြွက်သားအမြောင်းကြီးတွေက ဘယ်လိုလှုပ်ကြောင်း...ကာယဗလမောင်ပြိုင်ပွဲကို ဝင်ပြိုင်ဖို့ ကြိုးစားတော့ သူ့ဘော်ဒီကိုကြည့်ပြီး ဖြုံကြသဖြင့် ဝင်ပြိုင်ခွင့် မပေးကြကြောင်း...(အမှန်တော့ စံချိန်မမီလို့ ဝင်ပြိုင်ခွင့် မပေးတာပါ ...ဘယ်မီပါ့မလဲ အပေါ်ပိုင်းတင်ကြီးထွားနေတာ...အောက်ပိုင်းတင်ပဆုံက စပြီး ခြေမျက်စိအထိက ဝါးလုံးသာသာလောက်ပဲရှိတဲ့ဟာ...ပြောရရင် အပေါ်ကြီး အောက်ရှူးပုံဆိုးပန်းဆိုး ခန္ဓာကိုယ်ကြီးပါ)

ထိုသို့ ပေါက်ကရ လေလုံထွားထွားများကို ဖိလွှတ်နေခြင်းကြောင့် ဝင့်ဝါမှာ ကြို့ထိုးရင်း လေပိနေတော့သည်။

သို့ရာတွင် ၄င်းအဖြစ်အပျက်ကို ထိုင်၍ နားဒုက္ခရောက်နေသူမှာ ဝင့်ဝါတစ်ဦးတည်းတော့ မဟုတ်ပါ။ နောက်ဘက်ကပ်လျက်ဝိုင်းတွင် ထိုင်နေကြသော နေရဲသစ်နှင့် မျိုးထူးလည်း ပါနေသည်။ ဟုတ်ပါသည်။ နေရဲသစ်တို့နှစ်ယောက် ထိုဝိုင်းတွင် ရောက်နေတာကြာပြီ။ အစကတော့ မိမိတို့

နောက်ဝိုင်းတွင် ဝင့်ဝါတို့ ထိုင်နေခြင်းကို မသိကြပါ။ နောက်မှ တင်ကိုကို လတ်၏ လေလုံးတွေက ကိုယ်တွေနားကိုပါ နေရင်းထိုင်ရင်းလာမှန်သဖြင့် လှည့်ကြည့်မိမှ ဝင့်ဝါ၏ဒုက္ခကို သိမြင်သွားတာပါ။

ထို့ကြောင့် နေရဲသစ်လည်း မနေသာတော့ဘဲ မိမိ၏ကျောင်းတော်က ရန်ဘက်ကလေး၏ နားဒုက္ခကို ကယ်တင်ရန်အတွက် ထိုဝိုင်းသို့ ရောက်လာခဲ့လေသည်။

နေရဲသစ် ရောက်ရောက်ချင်းပင် အော်ကြီးဟစ်ကျယ်လေသံဖြင့်...

'ဟာ...ကိုတင်ကိုကိုလတ်ကြီးပါလား'

ဟု နှုတ်ဆက်၍ ဝိုင်းတွင် ဝင်ထိုင်လိုက်၏။ ထိုသို့နေရဲသစ်ရောက်လာခြင်းကြောင့် ဝင့်ဝါမှာ မျက်မှောင်ကျုံ့လိုက်မိသလို...တင်ကိုကိုလတ်ဆိုသော ငတိကြီးစိတ်အနေနက်အယှက်ကောင်တော်ဖြစ်သွားပုံရသည်။ ဖြစ်မှာပေါ့...တချို့ကျောင်းသားတွေက ကွယ်ရာမှာ သူ့ကို ဝိတ်ပေါလို့ ခေါ်ပေမယ့် ဒီနေရဲသစ်ဆိုတဲ့ကောင်ကတော့ ရှေ့တင်ပဲပင် မကြားတကြားနဲ့ ဝိတ်ပေါလို့ ခေါ်ခေါ်ခဲ့တာကိုး။ ထိုသို့ မကြည်ရင်းစွဲရှိခြင်းကြောင့် နေရဲသစ်အား လေသံမာမာဖြင့်...

'ဘာလဲ ဟေ့ကောင်...ဘာကိစ္စရှိလို့လဲ'

'ဘာကိစ္စမှတော့မရှိပါဘူးဗျာ...ခင်ဗျားကို တွေ့လို့လာဝင်ထိုင်တာပါ'

ထိုသို့ပြောလိုက်ခြင်းကြောင့် တင်ကိုကိုလတ်၏မျက်နှာမှာ ခရမ်းချဉ်သီးပုတ်ကဲ့သို့ ဖြစ်သွားပြီး...

'ကိစ္စမရှိရင်လည်း ဝင်မထိုင်နဲ့လေကွာ'

ထိုသို့ဗလိုင်းကြီးနှင်ထုတ်လိုက်သော်လည်း နေရဲသစ်က နာဟန်မပြဘဲ...

'ဘာလဲ...ခင်ဗျားက ကောင်မလေးနဲ့ အကြည်စိုက်နေတာဆိုတော့ ကျုပ်ကို နှင်ထုတ်တယ်ပေါ့...ဟုတ်လား...'

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဝင့်ဝါနှင့် စွပ်စွဲသလိုလို ဘာလိုလိုပြောလိုက်ခြင်းကြောင့် ဝင့်ဝါ၏မျက်နှာပေါ်တွင် ဒေါသရောင်ဝေ့တက်လာပြီး နေရဲသစ်အား စူးစူးဝါးဝါးကြည့်သည်။ သို့ရာတွင် ထိုအကြည့်သည် ကြာကြာတော့မခံပါ... အော့ခနဲ ကြို့ထိုးသံနှင့်အတူ ပြန်၍ ပါသွားသည်။

တင်ကိုကိုလတ်ဆိုသော ငတိကြီးကတော့ ဝင့်ဝါ၏ဆန့်ကျင်ဘက် နွားပြာကြီးအောက်သွားမရှိသလိုဖြစ်သွားပြီး နေရဲသစ်အား မကြည်လင်ခြင်းတွေပျောက်ကာ ဟိုလိုလိုဒီလိုလိုလေသံဖြင့်...

'မဟုတ်ပါဘူးကွာ...မင်းကလည်း ဟီး...ဟီး...'

တင်ကိုကိုလတ်ပိုးစားနေသောသွားများပေါ်သည်အထိ ဟီးဟီးဖြစ်နေသည်။ နေရဲသစ်ထပ်၍ တင်ကိုကိုလတ်၏ လက်မောင်းကိုစူးစိုက်ကြည့်ပြီး...

'ဒါနဲ့...ကိုတင်ကိုကိုလတ်...ခင်ဗျားလက်မောင်းကြီးတွေ ကြည့်ရတာ ရောင်နေသလိုပဲနော်...ဘာလဲ ထဘီတွေ ဘာတွေ အလစ်လိုက်သုတ်ပြီး ဝိုင်းရိုက်ခံလိုက်ရလို့လား...'

'ဘာကွ...မင်းဘာစကားပြောတာလဲ...ငါဘာကိစ္စကြောင့် ထဘီအလစ်သုတ်ရမှာလဲ...ဒီလက်မောင်းတွေက ရောင်နေတာမဟုတ်ဘူးကွ... ကစားထားလို့ ကြီးနေတာ...ဟွန်း...'

'ဩော်...ဒီလိုလား...သိပါဘူးဗျာ...ကျုပ်ကရောင်နေတယ်ဖတ်လို့...ဒါနဲ့ ခင်ဗျား နံမည်ကို ဘယ်သူပေးတာတုန်း...'

'ဘာဖြစ်လို့လဲ...ငါ့အဖေပေးထားတာ...'

'ဖြစ်ရမယ်...ခင်ဗျားအဖေကလည်းဗျာ...ကိုယ့်သား တောင့်တောင့်တင်းတင်းကြီးကို ဒီလိုနံမည်မျိုး ပေးစရာလား...'

'ဘာကွ...ငါ့နံမည်ဘာဖြစ်လို့လဲ...'

'ဘာဖြစ်ရမလဲ...တင်ကိုကိုလတ်ဆိုတော့ ခင်ဗျားတင်ကြီးကကိုကိုလို့ခေါ်လိုက်တာနဲ့ လပ်လပ်သွားတယ်ဆိုတဲ့ သဘောကိုရောက်နေ

တာပေါ့...ဘယ့်နယ့်ဗျာ...မျက်နှာလတ်တယ်ဆိုတော့ ဟင်း...'

ထိုသို့ ကပ်သီးကပ်သတ်ပြောလိုက်သဖြင့် တင်ကိုကိုလတ်လည်း တင်ပါးကို အလိုအလျောက်ရွံ့လိုက်မိပြီး...

'မင်း...မင်းနော်...ပေါက်ကရတွေလာမပြောနဲ့'

ရဲသစ်က တင်ကိုကိုလတ်၏ ခါးအောက်ပိုင်းကို စူးစိုက်ကြည့်ပြီး...

'ဟောဗျာ...ခုမှတွေ့တော့တယ်...ခင်ဗျားက အပေါ်ပိုင်းကြီးသာကြီးနေတာ အောက်ပိုင်းကျတော့ ငါးနှစ်သားကလေးလောက်ပဲ ရှိပါလား'

ထိုသို့ပြောလိုက်သဖြင့် တင်ကိုကိုလတ် ပေါင်ကို ကမန်းကတမ်းဖုံးမိလိုက်သည်။ ဝင့်ဝါကလည်း မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားပြီး အော့ခနဲကြို့ထိုးလိုက်မိ၏။ တင်ကိုကိုလတ် အိုးတန်းအန်းတန်းလေသံဖြင့်...

'မင်း...မင်းနော်...ပေါက်ကရတွေလာမပြောနဲ့...ငါက ငါးနှစ်သားကလေးထက်တော့ ကြီး...ကြီးပါတယ်ကွ'

'မကြီးပါဘူးဗျာ...ခုနကတင် ကျွန်တော်မြင်လိုက်တဲ့ဟာကို'

တင်ကိုကိုလတ်မျက်လုံးပြူးသွားပြီး ပေါင်ကို လိမ်ကျစ်နေအောင်ဖိ၍...

'ဘာ...ဘာကိုမြင်လိုက်တာလဲကွ...'

'ခြေသလုံးကိုလေ...ခင်ဗျားက ဘာကိုထင်လို့လဲ...'

ထိုအခါမှ တင်ကိုကိုလတ်လည်း သက်ပြင်းကို ဝှီးခနဲမှုတ်ထုတ်၍ ရှက်ကိုးရှက်ကန်းလေသံဖြင့်...

'ငါ...ငါကလည်း ခြေသလုံးလို့ပဲ ထင်တာပါပဲကွ...အဟင်း'

ဝင့်ဝါလည်း သက်ပြင်းချ၍ ကြို့ကို အော့ခနဲထပ်ထိုးသည်။ တင်ကိုကိုလတ်မှာ နေရဲသစ်ဆိုတဲ့ကောင်ကြောင့် မိမိသိက္ခာ ဝင့်ဝါ့ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com

တော်တော်ကျနေပြီ ဆိုတာကိုရိပ်မိသဖြင့်...ကိုယ့်သိက္ခာကို ကိုယ်ပြန်ည သည့်အနေဖြင့်...

'ငါခြေသလုံးတွေက သေးသာသေးတာ အရမ်းသန်တယ်ကွ... ဟင်း...ဟင်း'

နေရဲသစ်ကမယုံသကောလေသံဖြင့်...

'ဟုတ်လို့လား...'

'အောင်မာ...ဘာလို့မဟုတ်ရမှာလဲ...သန်တာမှ ခြေသလုံးတင်မဟုတ်ဘူး ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာရှိတဲ့ အစိတ်အပိုင်းတွေ အကုန်လုံးသန်တယ်ကွ'

ထိုသို့ပြောပြီး ဝင့်ဝါအား မခို့တရိုဟန်ဖြင့် လှမ်းကြည့်သည်။ နေရဲသစ်က...

'ဒါဆိုရင် နှာခေါင်းတွေဘာတွေရော သန်တာပဲပေါ့နော်'

ဟုပြောလိုက်သဖြင့် တင်ကိုကိုလတ် သူ့စကားနှင့်သူ အီလည်လည်ဖြစ်သွားပြီး...

'အဟင်း...အဲ...အဲ...ဒါဘယ်လိုပြောရမလဲဆိုတော့'

'ကျွန်တော်လည်း မြင်တာနဲ့သိပါတယ်...ဗျာ ခင်ဗျားနှာခေါင်းကြီးက ပွပွနိနိကြီးနဲ့ အရမ်းသန်မဲ့ပုံကြီးပါ'

တင်ကိုကိုလတ် အီလည်လည်ဖြင့် ဟိုလိုလိုဒီလိုလိုလုပ်နေသည်။ နေရဲသစ် ဆက်၍...

'ဒါပေမဲ့ ခင်ဗျားခန္ဓာကိုယ်မှာရှိတဲ့ အစိတ်အပိုင်းတွေ အကုန်သန် စွမ်းတယ်ဆိုတာကတော့ ကျုပ်လက်သင့်မခံချင်ဘူး ဖြစ်နေတယ်'

'ဘာလဲ...မင်းက မယုံဘူးလား'

'ဒါပေါ့...'

'မယုံလည်း စမ်းကြည့်လေ'

'ဟုတ်ပြီလေ ဒါဆိုလည်း စမ်းကြည့်တဲ့သဘောနဲ့ ခင်ဗျားနဲ့ ကျုပ်ပြိုင်ရအောင်'

ဟုပြောလိုက်သဖြင့် တင်ကိုကိုလတ်မျက်မှောင်ကျုံ့၍...

'ငါက မင်းနဲ့ပြိုင်ရမယ်ဟုတ်လား...ဘယ်လိုပြိုင်မှာလဲ'

'ဒီလိုဗျာ...ကျွန်တော့်ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုက လုပ်နိုင်တဲ့ကိစ္စတစ်ခုကို ခင်ဗျားလည်းလိုက်ပြီး လုပ်နိုင်ရမယ်...အဲ့မလုပ်နိုင်တဲ့ လူကတော့ အရှုံးပေါ့ဗျာ...အလကားတော့မရဘူးနော်...ရှုံးတဲ့လူက နိုင်တဲ့လူကို တွေ့တဲ့နေရာမှာ ဆရာခေါ်ကြေး...ဘယ်လိုလဲယှဉ်ရဲလား'

ထိုသို့ပြောလိုက်သဖြင့် တင်ကိုကိုလတ် မျက်နှာအရောင်တောက်ခနဲဖြစ်သွားသည်။ သူလိုဗလကြီးက နေရဲသစ်လိုသာမာန်ကိုယ်လုံးမျိုးကို ဘယ်လိုပုံစံမျိုးနဲ့ ဖြစ်ဖြစ်အနိုင်ရမှာ သေချာနေတာကိုး...ပြီးတော့ နိုင်လျှင် တွေ့တိုင်းဆရာအခေါ်ခံရဦးမည်။ ထိုသို့အတွေးမျိုးဖြင့် ခေါင်းကို ခပ်သွက်သွက်ညိတ်၍...

'သဘောတူတာပေါ့ကွာ...မင်းသာ မင်းစကားတည်စေနော်'

'စိတ်ချစမ်းပါဗျာ... ကဲ... ကျုပ်အသင့်ပြင်လိုက်တော့မယ်နော်'

'လုပ်လိုက်...လုပ်လိုက်'

ထို့နောက် နေရဲသစ်ကစားပွဲထိုးတစ်ယောက်အား အအေးပုလင်းနှစ်လုံးကို အဖုံးမဖွင့်ဘဲ ဒီအတိုင်းယူလာခိုင်းလိုက်၏။ ခဏကြာတော့ နေရဲသစ်မှာလိုက်သည့်အတိုင်း အအေးနှစ်လုံးရောက်လာသည်။ ဘာသဘောနှင့် ထိုသို့မှာလိုက်သလဲဆိုတာကို မသိသဖြင့် ဝင့်ဝါ စိတ်ဝင်တစားဖြင့် ကြို့ထိုးရင်း စောင့်ကြည့်သည်။

တင်ကိုကိုလတ်က နဂေတိမ်တောင်ဖြင့် အအေးပုလင်းတွေကို ကြည့်ပြီး...

'ဘာလဲ...ဒီပုလင်းတွေကို လက်သီးနဲ့ ထိုးခွဲရမှာလား...'

'အာ...မဟုတ်တာ...ဒီလောက်ထိ အားသုံးစရာမလိုပါဘူး... အဖုံးဖွင့်ရုံတင်ဖွင့်ရမှာ'

'ဟွန့်...ဒါလေးများကွာ...ပေး...ငါဖွင့်ပြမယ်'

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောပြီး တင်ကိုကိုလတ်က လက်အားသုံးပြီး ဖွင့်ရန်ကြံရွယ်လိုက်စဉ် နေရဲသစ်က ကပျာကယာလှမ်းတားလိုက်ပြီး...

'ဟာ...ဟေ့လူ...အဲလိုဖွင့်ရမယ်လို့ ကျုပ်ပြောသေးလို့လား'

'ဘာလဲကွ...ဘယ်လိုဖွင့်ရမှာလဲ'

'ပေး...ကျုပ်အရင်ဖွင့်ပြမယ်...သေချာကြည့်နေနော်'

ထိုသို့ပြောပြီး ပုလင်းတစ်လုံးကို ဆွဲယူ၍ သွားဖြင့်ကိုက်ကာ အားစိုက်၍ ထောက်ခနဲနေအောင် ဖွင့်ပြလိုက်လေ၏။ ဖွင့်ပြီးသောအခါ တင်ကိုကိုလတ်ဘက်သို့လှည့်၍...

'ကဲ...ဒီတစ်ခါ ခင်ဗျားအလှည့်...ကျုပ်အတိုင်းပဲ သွားနဲ့ကိုက်ပြီး အဖုံးကို ဖွင့်ပြပေတော့'

ဟုပြောလိုက်ရာ တင်ကိုကိုလတ်၏ မျက်နှာကြီးမှာ ဆော်ဆော်ကြီးကို ဖရိုဖရဲဖြစ်သွားပြီး...

'အဲ...အဲလိုဖွင့်...ဖွင့်ရမှာဟုတ်လား'

'ဟုတ်တယ်လေ'

'ဟို...ဟိုကွာ...တစ်ခြားနည်းလမ်းနဲ့ ဖွင့်လို့မရဘူးလား'

'ခုမှတော့ ဘယ်ရတော့မှာလဲဗျ...ခင်ဗျားကလည်း...ကဲ... ကဲ ...ဖွင့်မှာသာ ဖွင့်ပြတော့'

တင်ကိုကိုလတ်မှာ သူ၏ပိုးစားနေသော သွားတွေမမြင်အောင် လက်ဖြင့် ပါးစပ်ကိုအုပ်၍ ခေါင်းတစ်ခါခါဖြစ်နေရှာသည်။ ထို့ကြောင့် နေရဲသစ်က လေသံတင်းတင်းဖြင့်...

'ဟေ့လူ...ခင်ဗျားနော်...ခုမှလာပြီး အူကြောင်ကြောင်လာမလုပ်နဲ့...ဖွင့်ဆို အခုဖွင့်'

တင်ကိုကိုလတ်ကြီးငိုမလိုပြုံမလိုရုပ်ဖြစ်နေ၏။ ဝင့်ဝါမှာလည်း ကြိုထိုးနေလျက်မှ ပါးစပ်ကို လက်ဝါးကလေးဖြင့်အုပ်၍ တခစ်ခစ်ရယ်နေလေပြီ။ ငတိကြီးသွားပိုးစားနေတာ သူလည်းသိတာကိုး။ နေရဲသစ်က...

'ဒီမှာ ကိုတင်ကိုကိုလတ်'

'ဟေ'

'ခင်ဗျားပြောတော့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ အားလုံးသန်ဘယ်ဆို...'

'ဒါ...ဒါကတော့ကွာ...'

'ဒါကတော့တွေ ဘာတွေလုပ်မနေနဲ့...မဖွင့်ဘူးဆိုရင် ကျုပ်က ခင်ဗျားကို ရှုံးတယ်လို့ယူဆရမှာပဲ'

ထိုသို့ပြောတော့လည်း သိပ်လက်ခံချင်ပုံမရပါ။ ဝင့်ဝါရှေ့မှာ အရှက်ကွဲယုံမက တွေ့တိုင်း ဆရာလို့ခေါ်ရမှာကိုး...ထို့ကြောင့် တံတွေးကို တစ်ချက်မြိုချ၍...

'ငါ...ငါ...ဖွင့်...ဖွင့်မယ်'

'အဟား...ဒီလိုမှပေါ့ဗျ'

ထို့နောက်တော့ တင်ကိုကိုလတ် အသေးပုလင်းကို မရဲတရဲဖြင့် လှမ်းကိုင်သည်။ ပါးစပ်တွင် တေ့သည်။ ပြီးတော့ သွားဖြင့် ပုလင်းအဖုံးကိုကိုက်၍ အားစိုက်ကာဖွင့်ချလိုက်၏။

'ပွတ်...'

သွားတစ်ချောင်းကျိုးသွားခြင်းဖြစ်ပါသည်။ ထိုကျိုးသွားသော ပိုးစားနေသည့်သွားကလေးသည် တင်ကိုကိုလတ်၏ပါးစပ်အတွင်းမှ ခုန်ထွက်ကာ စားပွဲပေါ်တွင် ဒေါက်ခနဲ ကျသွား၏။

အခြေအနေသည် ခဏမျှငြိမ်သက်သွားသေး၏။ ပြီးမှ ဝင့်ဝါနှင့် နေရဲသစ်တို့က တခွိခွိဖြင့် ပါးစပ်အုပ်ကာ ရယ်ကြတော့သည်။

တင်ကိုကိုလတ်ကတော့ စားပွဲပေါ်မှ သွားကျိုးလေးကို ကြည့်ကာ ချက်လုံးပြာသွား၏။ ခုထိ ပိတ်လျက်သားရှိနေသော အအေးပုလင်းအဖုံးကို ဆပ်ကြည့်ကာ မျက်နှာမဲခနဲဖြစ်သွား၏။ ပြီးမှ ရယ်နေသော နေရဲသစ်ကို နှစ်ယောက်ကိုကြည့်ပြီး မျက်နှာရဲခနဲထပ်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

တင်ကိုကိုထလတ် သွားတစ်ချောင်းဆုံး၍ ရုံးသွားပြီပေါ့။ ထိုအခါမှ နေရဲသစ်က…

'ကဲ…ကဲ…တပည့်ကြီး တင်ကိုကိုလတ်'

'ဗျာ…ဆရာ'

ထိုသို့ယောင်ပြီး ထူးလိုက်ခြင်းကြောင့် တင်ကိုကိုလတ် ရှက်သွားပြီး ပါးစပ်ကို လက်ဖြင့်အမြန်အုပ်မိလိုက်၏။ ဝင့်ဝါက ကြိုကိုအော့ခနဲထိုးပြီး ခစ်ခနဲရယ်၏။

'ငါ့တပည့်ကြီးက ကြီးကောင်ကြီးမားကမှ အချိုကြိုက်လွန်းတော့ ဒါမျိုး ကြုံရတော့တာပေါ့ကွ'

'မင်း…မင်း…ဘာစကားပြောတာလဲ'

'အောင်မာ…ကိုယ့်ဆရာကို မင်းတွေ ငါတွေနဲ့ နားရင်းဖြတ်အုပ် လိုက်ရ နာတော့မယ် ဟင်း…ဟင်း…'

တင်ကိုကိုလတ် တွန့်ခနဲ ဖြစ်သွားပြီး ပါးစပ်ပြန်ပိတ်သွား၏။ နေရဲသစ်ကထပ်၍…

'ကဲ…ကဲ…ငါ့တပည့်ကြီးလည်း ထိုင်နေရတာ ညောင်းနေရှာ ရောတော့မယ်…သွားစရာရှိတာသွား…လုပ်စရာရှိတာလုပ်တော့'

နေရဲသစ်ထိုသို့မပြောလည်း တင်ကိုကိုလတ်က ပြန်ပို့ဆုံးဖြတ် ချက်ချပြီးသားပါ။ ထို့ကြောင့် ထိုင်ရာမှ ထ၍ မရဲတရဲလေသံဖြင့် ဝင့်ဝါ အား…

'ဝင့်ဝါ…ကိုယ်…ကိုယ်သွားတော့မယ်နော်…'

နေရဲသစ်က ဝင်၍…

'အေး…အေး…သွားတော့… သွားတော့တပည့်ကြီး'

တင်ကိုကိုလတ်က နေရဲသစ်အား မျက်ထောင့်နီကြီးဖြင့် ကြည့် သည်။

'ဘာလဲ…ဆရာကို အာခံကြည့်နဲ့ ကြည့်နေတယ် ဟုတ်လား'

တင်ကိုကိုလတ် ဟင်းခနဲသက်ပြင်းချသည်။ ပြီးတော့ ချာခနဲလှည့် သွက်သွား၏။ ထိုအခါ နေရဲသစ်က ကဗျာကယာဟန်ဖြင့်…

'သြော်…ဒါနဲ့ နေဦး တပည့်ကြီး'

တင်ကိုကိုလတ်ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။

'တခြားတော့မဟုတ်ပါဘူးကွာ…ဆရာက တပည့်ကို ဆုံးမစကား ပြောမလို့ပါ။ ခုချိန်ကစပြီး ငါ့တပည့်အချိုတွေလေ့ကျစား…ပြီးတော့ ဖွန်လုံးဝ ကြောင်နဲ့တော့သိလား… ဒါမှ ငါ့တပည့်ကြီးရဲ့သွားတွေ အန္တရာယ်ကင်း သေးရှင်းမှာ…ဟင်း…ဟင်း…'

ဟုပြောလိုက်ရာ တင်ကိုကိုလတ် ခြေဆောင့်၍ ထွက်သွား တော့သည်။ ဝင့်ဝါက ခစ်ခစ်ရယ်ရှိန်တွင် နေရဲသစ်က လေသံတင်းတင်း ဖြင့်…

'နေပါဦး…နင်ကဘာကိစ္စ ဒီလောက်ရယ်နေရတာလဲ'

ပထမတော့ ဝင့်ဝါကြောင်စီစီဖြစ်သွားသည်။ နောက်မှ သတိဝင် သွားပြီး…

'အောင်မာ…အော့…ငါ့ပါးစပ်နဲ့ ငါရယ်တာ ဘာဖြစ်လဲ… အော့…'

'အေး…နင်ပါးစပ်နဲ့လည်း နင်မရယ်နဲ့ ငါမကြိုက်ဘူး…'

'ဘာ…ဘာ'

ဝင့်ဝါစွေစွေခုန်သွားသည်။ နေရဲသစ်က ဗလိုင်းကြီးပြဿနာ ရှာနေတာကိုး။

'ဟဲ့…နေရဲသစ်…နင်ဒီလိုလေသံမျိုးနဲ့ တင်ကိုကိုလတ်လို လူကိုပဲ သွားပြောလို့ရမယ်…ငါ့ကို လာပြောလို့မရဘူး…ဟွန်း…'

'ဘာလို့မရ…ရမှာလဲ…တင်ကိုကိုလတ်လို လူကောင်းကြီးတောင် ငါ့ကို ဆရာတင်ရသေးတာ…နင့်လို စာကလေးသာသာ ခန္ဓာကိုယ်မျိုး ကတော့ သနားတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

ဝင့်ဝါ၏ ဒေါသတို့ အမြင့်ဆုံးသို့ ရောက်သွား၏။ ဝုန်းခနဲ ထရပ်ကာ...

'အဲဒီလောက်စာကလေးခန္ဓာကိုယ်ကိုပဲ နင်သတ္တိရှိရင် စမ်းကြည့်စမ်း...'

နေရဲသစ်ပါ မတ်တတ်ထရပ်၍...

'ကောင်းပြီလေ...ဘယ်နေရာမှာ စမ်းရမှာလဲပြော...'

'နင်...နင်မိုက်ရိုင်းလွန်းသည်လား...'

'နင့်လိုမျိုး ကျေးဇူးရှင်ကို ကျေးစွပ်လောက်တဲ့အထိ မမိုက်ရိုင်းဘူး'

ဟုတ်တယ်လေ ကိုယ်ကခုလေးတင်မှ သူ့ကို တင်ကိုကိုလတ်ရန်က ကယ်တင်ထားတာ ဆိုတော့ ကျေးဇူးရှင်ပေါ့...ဒါကို ဝင့်ဝါကလည်း ရိပ်မိဟန်ဖြင့် နှုတ်ခမ်းကိုမဲ့၍...

'ဘာပြောတယ် ကျေးဇူးရှင်ဟုတ်လား...နင် တင်ကိုကိုလတ်ကို လူလည်ကျပြီး အနိုင်ယူလိုက်တာ ငါမသိဘူးများထင်နေလား'

'ငါ့ဘာသာ ငါလူလည်ပဲကျကျ...တိရိစ္ဆာန်လည်ပဲကျကျ နင်နဲ့ မဆိုင်ဘူး...အေး... အဓိကက နင့်ကိုငါ ရန်သူလက်က ကယ်တင်လိုက်တဲ့အတွက်...နင့်ကျေးဇူးရှင်က ငါဖြစ်သွားပြီး...ဟင်း...ဟင်း...'

ဝင့်ဝါ နာခေါင်းရှဲပြီး...

'သွားသေလိုက်ပါလား...'

'ကြည့်စမ်း...ဒီဝသုံးလုံးတော့ ကျေးဇူးရှင်ကို စော်ကားပြန်ပြီ'

'ငါ့ကို အဲလိုမခေါ်နဲ့လို့ နင့်ကိုပြောထားတယ်နော်'

'နင်ပြောထားတိုင်း...ငါက လိုက်နာရမှာလား'

ဝင့်ဝါမှာ ဒေါသထွက်လွန်းမက ထွက်နေဟန်ဖြင့် နေရဲသစ်အား စေ့စေ့ကြည့်ပြီး...

'နေ...ရဲ...သစ်...'

'ဘာ...လဲ...'

'နင့်ကို ငါအရမ်းမုန်းတယ်သိလား'

'ညော်...ညော်...ထူးဆန်းလိုက်တာ'

ထို့နောက်တော့ ဝင့်ဝါအံကြိတ်၍ ချာခနဲလှည့်ထွက်သွားသည်။

ထိုအခါ အားလုံးကြားသိနေသော မျိုးထူးက စိတ်ပျက်လက်ပျက်လေသံဖြင့်...

'ရဲသစ်...မင်းကွာ...ဝင့်ဝါကို ဘာဖြစ်လို့ ရန်စကားသွားပြောရတာလဲ...မင်းသာ အဲဒီလိုမပြောရင် သူနဲ့ဒီအချိန်မှာ ငြိမ်ချမ်းရေးရနေလောက်ပြီ'

ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထွက်သွားသော ဝင့်ဝါနောက်ကျောကို ကြည့်၍ နေရဲသစ် ပြုံးရင်း...

'သူကြီးထိုးပျောက်သွားတာကို မင်းသတိထားမိတယ်မဟုတ်လား'

မျိုးထူး နဝေတိမ်တောင်ဖြင့် ခေါင်းညိတ်သည်။ နေရဲသစ်က ဆက်၍...

'အေး...အဲဒါ ငါ့ကို ဒေါသထွက်လို့ ပျောက်သွားတာလေ'

ထိုသို့ပြောလိုက်သောအခါ မျိုးထူးသက်ပြင်းချ၍ ခေါင်းတခါခါလုပ်နေတော့သည်။ နေရဲသစ်ကတော့ ဝင့်ဝါကျောပြင်ကို မျက်စိတဆုံးကြည့်လျက်...

'ငါပေးမိတဲ့ဆေးက ငါ့အတွက် တုတ်ချက်ဖြစ်နေမလား မသိပါဘူးကွာ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

'သမီးရေ...သမီးအတွက် စာလာပို့ သွားတယ်...'

'ရှင်...ဟုတ်...'

မေမေ၏အသံကြောင့် ကျောင်းပိတ်ရက်ဖြစ်သဖြင့် ခုတင်ပေါ်တွင် စာအုပ်တစ်အုပ်ဖြင့် နှပ်နေသော ဝင့်ဝါလူးလဲ၍ ထကာ စာကို သွားယူလိုက်သည်။ ထုံးစံအတိုင်း အမည်မသိသူထံမှ ရောက်လာတဲ့စာပါ...အပြင်ပန်းတင်သာ စာအိတ်တွေ့ရသဖြင့် စာဟု အလွယ်တကူမှတ်ခေါ်ဝေါ်လိုက်သော်လည်း ၄င်းစာအိတ်အတွင်းပိုင်းတွင် ဓာတ်ပုံတစ်ပုံပါဝင်နေမည်ကို ဝင့်ဝါ အတတ်သိသည်။

ထို့ကြောင့် ထိုစာအိတ်ကလေးကို ထိပ်ပိုင်းမှ ကတ်ကြေးဖြင့် သေချာညှပ်၍ အတွင်းမှ ဓာတ်ပုံလေးကို ထုတ်ယူကြည့်လိုက်၏။ ဓာတ်ပုံက တော်တော်ကြီးကို အဝလွန်နေသော ချစ်စရာဖက်တီးပုတ်ကလေးတစ်ယောက်က အစားတွေ နင်းကန်စားနေသည့်ပုံပါ။

ပုံလေးကိုကြည့်ပြီး ဝင့်ဝါ ခစ်ခနဲရယ်လိုက်မိ၏။ ဓာတ်ပုံနောက်ကျောဘက်သို့ ကြည့်လိုက်သောအခါ သပ်ရပ်သော ယောကျ်ားလက်ရေးဖြင့်...

"ဟေ့... သူလိုစားရင် သူလိုဖက်တီးကလေးဖြစ်လာမှာနော်"

ထိုစာကြောင်းကိုဖတ်ပြီး ဝင့်ဝါမမြင်ရသော ထိုလူကို မျက်စောင်းထိုးလိုက်မိသည်။ ဒီစာရဲ့ရည်ရွယ်ချက်က ခုတလော စားကောင်းသောက်ကောင်းဖြစ်နေသဖြင့် ခန္ဓာကိုယ်အနည်းငယ်ပြည့်ချင်လာသော မိမိကို သတိပေးမှန်းသိသည်ကိုး... ထို့ကြောင့် အသံထွက်၍...

'ကျွန်မက ကိုယ့်ဘာသာကိုယ် အလှပျက်ပြီး ဖက်တီးမဖြစ်အောင် စားစရာလား ရှင့်...ဟွန်း...သိပ်ဆရာကြီးလုပ်တာပဲ...အပြင်ကိုကတ်တယ်...'

ထိုစကားသံတွင် ဒေါသသံ၊ ငြူစူသံတစ်စက်မှ မပါ...ပါ။ ကျေနပ်သာယာခြင်းကို မိန်းမသဘာဝဟန်လုပ် အထွန့်တက်ခြင်းသာ ဖြစ်ပါသည်။

ထို့နောက် ဝင့်ဝါခုတင်ပေါ်တွင်လဲ၍ ၄င်းဓာတ်ပုံလေးကို တစိမ့်စိမ့်ကြည့်ရင်း ပြုံးနေမိ၏။ထိုအပြုံးတွင် ပျော်ရွှင်ခြင်း၊ ပီတိဖြစ်ခြင်းတို့ အပြည့်အဝပါဝင်နေသည်။ ထိုသို့ပြုံးခဲ့သော အကြိမ်ပေါင်းလည်း မနည်းတော့။ ထိုဓာတ်ပုံလေးများသည် ဝင့်ဝါ၏စိတ်ဓာတ်အင်အားကို တိုးတက်စေပြီး ...စိတ်ညစ်သည့်အချိန်ကာလများတွင် အကောင်းဆုံးအဖော်ပြုဖြေသိမ့်ပေးစေနိုင်သော သက်မဲ့အရာလေးများ ဖြစ်နေသည်။

နောက်ထပ် ထူးခြားသောခံစားမှုတစ်ခုလည်း ဝင့်ဝါတွင်ရှိ၏။ ဒါက နွေးထွေးလုံခြုံမှုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဒီဓာတ်ပုံလေးများကို ပေးပို့သော ပိုင်ရှင်သည် မိမိ၏ပတ်ဝန်းကျင်တွင် အမြဲရှိနေခဲ့သည်ဆိုသော အတွေးကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုပိုရှိလာသကဲ့သို့ ...နေထိုင်ရသည်ကလည်း လုံခြုံမှုရှိခဲ့၏။

ပြောရလျှင် ဝင့်ဝါ ထိုဓာတ်ပုံပိုင်ရှင်ကို...ခင်သည်...အားကိုးသည်...ယုံကြည်သည်။ အတွေးထဲတွင် ထိုလူက မိမိ၏အကောင်းဆုံးအဖော်တစ်ဦးဟု သတ်မှတ်ထားခဲ့သည်။

ထိုသူကို မြင်တွေ့ချင်စိတ် ဝင့်ဝါတွင် ပြင်းပြင်းထန်ထန် ရှိပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုသို့စိတ်ရှိသော်လည်း သူသည် ယခုအချိန်ထိ မိမိအား လုံးလုံးမပြာ လွှဲပုက်စွာနေထိုင်ခဲ့ခြင်းအပေါ်တွင်တော့ စိတ်မဆိုးရက်ခဲ့။ အပြည့်အဝနားလည်ပေးနိုင်ပါသည်။ အချိန်တစ်ခုတန်လျှင် ထိုသူ မိမိရှေ့မှောက်သို့ ရောက်လာလိမ့်မည်ဟု ဝင့်ဝါ အပြည့်အဝကို ယုံကြည်ပါသည်။

ဒါသည်ပင် ဝင့်ဝါဆိုသော ကောင်မလေး၏ အိမ်မက်ဖြစ်သလို... မျှော်လင့်ချက်လည်း ဖြစ်ပါသည်။

ထိုအိမ်မက်များကို ပို့ဆောင်ပေးသူကတော့...

❖ ❖ ❖

ဝင့်ဝါ မိုးမိုးနှင့်အတူ စာသင်ခန်းရှိရာသို့ လမ်းလျှောက်လာရင်း... ခြေလှမ်းတုံ့ခနဲ ရပ်သွားမိ၏။ ထို့ကြောင့် မိုးမိုးက အတူတူဖြင့်...

'ဟဲ့...ဝင့်ဝါ ဘာဖြစ်လို့လဲ...'

'ဘာဖြစ်ရမှာလဲ...ငါတို့အခန်းရှေ့မှာ ဟိုကောင်နေရဲသစ် ရပ်နေတာ မတွေ့ဘူးလား'

ထိုသို့ပြောလိုက်မှ မိုးမိုးလည်း မိမိတို့အခန်းရှေ့ ကော်ရစ်တာတွင် တိုင်တစ်တိုင်ကိုမှီ၍ ခပ်တည်တည်ဖြင့် မတ်တတ်ရပ်နေသော နေရဲသစ်ကို တွေ့သွားသည်။

'ဟယ်...ဟုတ်တယ်တော့ ဒီကိုဘာလာလုပ်တာလဲမသိဘူး'

ဝင့်ဝါမှ နှုတ်ခမ်းကိုက်၍ ငြိမ်ပြီးစဉ်းစားခန်းဝင်နေသည်။ မိုးမိုးက ဝင့်ဝါအား လက်ကုတ်၍...

'ဟဲ့...ဝင့်ဝါ သေချာကြည့်တော့ နေရဲသစ်က ချောတော့ချောတယ်နော်...ဟီး...ဟီး...'

'ဩော်...နင်ကလည်း အရေးထဲ ...သူ့ဘာသာ ချောတာ ငါဘာလုပ်ရမှာလဲ...ဧကန္တ ဟိုတလောက ပြဿနာဖြစ်တာကို မကျေနပ်လို့ ထပ်ပြီး ပြဿနာလာရှာတာနဲ့ တူတယ်'

ဝင့်ဝါ၊ နေရဲသစ်နှင့်တင်ကိုကိုလတ်တို့ သုံးပွင့်ဆိုင်ပြဿနာကို သိထားပြီးပြီဖြစ်သော မိုးမိုးက...

'မဖြစ်နိုင်ပါဘူးဟာ နင်ကလည်း...သူ့ဘာသာသူတစ်ယောက် ဆောက်ဆီလာတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့'

ထိုသို့ ပြောလိုက်ခြင်းကို ဝင့်ဝါက လက်မခံဘဲ...

'ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး...ဒီကောင်ငါ့ကို မကျေနပ်သေးလို့ ဆပ်ပြီး ပြဿနာလာရှာတာပဲဖြစ်ရမယ်...ဟွန်း...တွေ့ကြသေးတာပေါ့'

ထိုသို့ပြောပြီး ဝင့်ဝါက နေရဲသစ်ထံ ဘောက်ဆတ်ဘောက်ဆတ်ခြေ ထွက်သွားသဖြင့် မိုးမိုးက တဟဲ့ဟဲ့အော်၍ ဝင့်ဝါနောက်မှ လိုက်ခဲ့ရသည်။

အမှန်တော့ နေရဲသစ်က ဝင့်ဝါအား ပြဿနာထပ်ရှာရန် ရောက်သာခြင်းမဟုတ်ပါ။

ယမုံက ဒီနေ့အတန်းအားချိန်တွင် ရုပ်ရှင်ကြည့်မည်ဆိုသဖြင့် သာရောက်စောင့်ဆိုင်းနေခြင်းသာ ဖြစ်သည်။ ယခုဆိုလျှင် ယမုံ၊ နေရဲသစ်နှင့် မျိုးထူးတို့ သုံးယောက်မှာ တော်တော်တန်တန်ရင်းနှီးသည့်အခြေအနေသို့ ရောက်နေပြီဖြစ်သည်။

အတန်းချိန်ပြီးသွားသော်လည်း ကောင်မလေးတစ်ယောက်နှင့် အတန်းထဲတွင် ယမုံစကားမပြတ်သေးခြင်းကြောင့် စောင့်နေရချိန်တွင် ရုတ်လက်တစ်ကမ်းအကွာ၌ ခြေစုံရပ်၍ ကိုယ့်နံမည်ကို ခပ်မာမာခေါ်ကာ ပြောလိုက်သည့် ဝင့်ဝါဆိုသော ငတိမလေးကြောင့် နေရဲသစ်စိတ်ညစ်မိသွားသည်။

'နေရဲသစ်...နင်က ဒါဘာသဘောလဲ...'

နေရဲသစ် မျက်ခုံးပင့်၍...

'ငါ့ဘာသာ ငါမတ်တတ်ရပ်နေတာကို သဘောတွေ့ သီအိုရီတွေ ထုတ်ပြရဦးမှာလား'

www.burmeseclassic.com

www.burmeseclassic.com

ဝင့်ဝါ နှုတ်ခမ်းကိုမဲ့၍...

'အိပ်တွေပြောမနေစမ်းပါနဲ့...ဟိုနေ့ကကိစ္စကို မကျေနပ်သေးလို့ နဲ့ ငါ့အတန်းရှေ့ထိရောက်လာပြီး ပြဿနာရှာတာမဟုတ်လား'

နေရဲသစ် သက်ပြင်းချ၍ ခေါင်းခါသည်။ ပြီးတော့ လေသံပြတ်ဖြင့်...

'မဟုတ်ဘူး'

'အံ့သြစရာကြီး...ဟွန်း...'

'နင်မယုံတာတော့ ငါလဲမတတ်နိုင်ဘူး...ငါဒီကိုလာတာက ယမုံကို လာစောင့်တာ'

ဒါလည်း ဝင့်ဝါယုံသေးဟန်မတူပါ။ ထို့ကြောင့်...

'လာပြန်ပြီလား ဒီယမုံ'

ထိုစဉ် ယမုံက အနားသို့ရောက်နေပြီဖြစ်သဖြင့် နားစွန်နားဖျားကြားသွားကာ နေရဲသစ်အား ဦးတည်၍...

'နေရဲသစ်...ဘာတွေဖြစ်နေတာလဲ...'

'ဩော် ...ဘာရယ်မဟုတ်ပါဘူး'

ထိုသို့ပြောလိုက်ကြသဖြင့် ဝင့်ဝါမှာ မိမိမှားသွားမှန်း သိလိုက်ပြီး ရှက်အမ်းအမ်းဖြစ်သွားသည်။ ထိုအချိန်တွင် ယမုံမှာ နေရဲသစ်၏ အဖြေကို သဘောမကျသဖြင့် ဝင့်ဝါဘက်သို့ ဖြတ်ခနဲလှည့်ကာ...

'ခုနက ယူ...တို့အကြောင်းပြောနေတယ်ထင်တယ်...အဲဒါ ဘာကိစ္စလဲ'

ဝင့်ဝါနှင့် ယမုံမှာ အတန်းထဲတွင် အလှချင်းပြိုင်နေသလို ဖြစ်နေခြင်းကြောင့် တစ်ခန်းတည်းအတူတက်နေသော်လည်း ခင်မင်ရင်းနှီးခဲ့ခြင်း မရှိဘဲ ခပ်တန်းတန်းသာ နေခဲ့သောသူတွေပါ။ ခုတော့ ယမုံက အထက်စီး လေသံဖြင့် မေးလိုက်သလိုဖြစ်သွားခြင်းကြောင့် နဂိုဒေါသအခံရှိနေသော ဝင့်ဝါမှာ တင်းခနဲဖြစ်သွားပြီး...

'သူများအကြောင်း အားအားယားယား လျှောက်ပြောတတ်တဲ့ အိုးမစားထဲမှာ ငါမပါဘူး'

ထိုသို့ပြောလိုက်ခြင်းကြောင့် ယမုံမှာ အပ်နှင့်အထိုးခံလိုက်ရသလို ဒေါသနဲခနဲဖြစ်သွားပြီး မျက်နှာနီသွားကာ...

'ယူလေသံက မာလှချည်လား...ယူ တို့နံမည်ကို ပြောလိုက်ဘာကြားလိုက်တယ် ဒါကြောင့် မေးလိုက်တာနော်'

သဘောကတော့ ငါကြားတယ် နင်ဇောင်မငြင်းနဲ့ဆိုသည့် သဘောပါ။ ဝင့်ဝါက မျက်နှာကို မဲ့လိုက်ပြီး...

'မင်းနံမည်ပါတိုင်း...မင်းအကြောင်းပြောတာဆိုပြီး ဘာလို့တရားဆေး သတ်မှတ်ထားတာလဲ...ရယ်စရာကောင်းလိုက်တာ'

ယမုံမျက်ဝန်းတို့ အေးစက်မာကျောသွားသည်။ နေရဲသစ်ကလည်း ဒေါသနာ၏ အရှည်ကို မြင်လိုက်သဖြင့်...ဝင်၍...

'ငါရှင်းပြမယ် ယမုံ...နင်ထင်သလိုမဟုတ်ဘူး'

နေရဲသစ်စကားပင်မဆုံးသေးမီ ယမုံကဖြတ်၍...

'နေပါဦး နေရဲသစ်နဲ့က ဘယ်လိုပတ်သက်လဲ'

'အထက်တန်းကျောင်းတုန်းက ကျောင်းအတူတက်ခဲ့တဲ့သူတွေပါ။ နံမင်းအကြောင်းကိုလည်း ငါတို့ပြောနေတာမဟုတ်ပါဘူး။ ငါကမင်းကို သဘောင့်နေတယ်ဆိုတာ ပြောရင်းနဲ့ စကားထဲမင်းနံမည် ပါသွားတာ'

ထိုသို့ နေရဲသစ်ရှင်းပြနေစဉ်အချိန်တွင် ဝင့်ဝါကဝင်၍...

'နေရဲသစ် နင်ဘာမှ ရှင်းပြစရာအကြောင်းမရှိတူး...အဓိက...ကနင်နဲ့ ငါက တစ်ကျောင်းထဲမှာ အတူတူတက်ခဲ့ပေမယ့် ဘာပတ်သက်မှုမှမရှိဘူးဆိုတာကိုသာ ပြောလိုက်'

'အေးပါဟာ...အေးပါ'

ယမုံ မပြုံးချင်ပြုံးချင်ပြုံး၍...

'အခြေအနေကို တို့သဘောပေါက်သွားပြီ...ဒါပေမဲ့ သဘောပေါက်တာက သပ်သပ်...မကျေနပ်ဖြစ်သွားတာက သပ်သပ်ပဲနော်'

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောလိုက်ရာ ယမုံနှင့် ဝင့်ဝါတို့နှစ်ယောက် မျက်လုံးချင်းဆ
သွားကြ၏။ နှစ်ယောက်သားမျက်ဝန်းအတွင်း၌ရှိသော အဓိပ္ပာယ်ကလေး
ပြုံးဆိုင်မှုနှင့် ယှဉ်သော မာနတရားတို့ကို ဖော်ဆောင်သည်။

ယမုံဆိုတာက ပင်ကိုယ်မှပင် ဆတ်ဆတ်ထိမခံတတ်သော
မိန်းကလေးဖြစ်သလို ...ဝင့်ဝါကလည်း ပြိုင်လာလျှင် ပထမ မရ
အောင် လုပ်ဆောင်တတ်သည့်မိန်းကလေးမျိုးဖြစ်သည်။

ထိုသို့သော ကောင်မလေးနှစ်ယောက်ဖြစ်ခြင်းကြောင့် ဘာ
မယ်မယ်ရရခေါင်းစဉ်တပ်၍မရသော ပြဿနာလေးပင်ဖြစ်သော်လည်း
ချိတ်-ချိတ်ချင်းမို့ ချိတ်သွားကြလေတော့သည်။

အကြည့်ချင်းဆုံမိသည်နှင့်တပြိုင်နက် နှစ်ယောက်သားပြိုင်တူထ
ချာခနဲလှည့်လိုက်ကြသည်။

နေရဲသစ်က ယမုံနှင့်ဘေးချင်းယှဉ်လျှောက်ရင်း ယမုံမျက်နှာ
အကဲခတ်နေမိသည်။ ယမုံမျက်နှာပြင်တွင် ခံပြင်းနေခြင်းတို့ ပေါ်လွင်
သော်လည်း မျက်ဝန်းများကတော့ အေးတိအေးစက်ဖြစ်နေသည်ကို တွေ့
သည်။ ထို့ကြောင့် နေရဲသစ်က...

'ဘာပဲဖြစ်ဖြစ် ဒီကိစ္စက ငါ့အမှားကြောင့်ဖြစ်တာပါ'

ယမုံခေါင်းကို ဟန်ပါပါခါ၍...

'ဒီကိစ္စက ရှင်နဲ့မဆိုင်တော့ဘူးလေ...ဒါ ကျွန်မနဲ့ ဝင့်ဝါဆိုတဲ့
တစ်ယောက်ရဲ့ကိစ္စသက်သက်ပဲဖြစ်သွားပြီ'

'ဒီလိုလဲ မဟုတ်သေးဘူးလေ ယမုံ'

'ဘာလဲ...နေရဲသစ်က...ကျွန်မ ဟိုတစ်ယောက်ကို သင်ခန်းစာ
ပေးမှာကို သဘောမကျနိုင်လို့လား'

ထိုသို့ပြောလိုက်ခြင်းကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး...

'သင်ခန်းစာ...ဟုတ်လား...ဘာသင်ခန်းစာလဲ'

ယမုံက ခေါင်းလေးမော့၍ ခပ်သောသောရယ်ကာ...

'ဟင်း...ဟင်း...ဒါတော့ ဘယ်ပြောလို့ဖြစ်ဦးမလဲ...သိချင်ရင်
နော့ စောင့်ကြည့်လေ'

ထိုသို့ပြောလိုက်သဖြင့် နေရဲသစ်ရင်ထဲတွင် အလိုအလျောက်
ဆေးလံမိသွားတော့သည်။

ထို့နောက်တော့ ဘာမဟုတ်သည့် တောင်ပံခတ်သံကြောင့်
ပြင်းထန်သည့် မုန်တိုင်းတို့ ဖြစ်ပေါ်လာကာ...အိပ်ချင်ယောင်ဆောင်နေ
သော်လည်း နိုးထလာခဲ့ပြီး တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာခြင်း
ကြောင့်...

အရာအားလုံးသည် နေသားတကျမှားယွင်းနေရာမှ ပြန်လည်
အသက်ဝင်လာခဲ့တော့သည်။

ထိုသူမှာ...အသက်မရှိပါ...

သို့သော်...

အချစ်ကတော့ ရှိခဲ့သည်...

ထိုအချစ်ကြောင့်ပင်လျှင်...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

နံနက်ခင်း၏နေခြည်နွေးအောက်တွင် သာယာချစ်စဖွယ် ကောင်းသောလမ်းကလေးအတိုင်း ဝင့်ဝါလမ်းလျှောက်လာသည်။

ဝင့်ဝါကျောင်းသို့သွားတိုင်း ဒီလမ်းလေးမှနေ၍ ကားဂိတ်ရှိရာသို့ နေ့စဉ်လမ်းလျှောက်တတ်သည်။ နံနက်ခင်းပိုင်းမို့ လမ်းကလေးပေါ်တွင် ရှေ့ခပ်လှမ်းလှမ်း၌လျှောက်နေသူတစ်ယောက်နှင့် ဝင့်ဝါမှတစ်ပါး မည်သူမှ မရှိ…

ကျောင်းချိန်ကလည်း စောသေးသည်မို့ ဝင့်ဝါစိတ်အေးလက်အေးဖြင့် လမ်းလျှောက်နေစဉ်အချိန်တွင် မျက်စိရှေ့လမ်းမပေါ်၌ ယောကျ်ားကိုင် ပိုက်ဆံအိတ်လေးတစ်အိတ်ကျနေခြင်းကို တွေ့လိုက်ရဖြင့် လှမ်းကောက်လိုက်မိ၏။

အိတ်ထဲတွင် ပိုက်ဆံတော်တော်များများပါနေခြင်းကိုတွေ့လိုက်ခြင်းကြောင့် ကျကျန်ခဲ့သောသူအတွက် စိတ်မကောင်းဖြစ်သွားမိသည်။

'ဒါ ဘယ်သူကျကျန်ခဲ့ပါလိမ့်'

ထိုအတွေးနှင့် တဘက်တည်းမိမိရှေ့တွင် လမ်းလျှောက်နေသူကိုပါ သတိထားလိုက်မိသဖြင့် ထိုသူကို မိအောင်ခပ်သုတ်သုတ်လျှောက် ပင်လိုက်ပြီး…

'ဒီမှာ…ဒီမှာ…ဒါရှင့်ပိုက်ဆံအိတ်လားမသိဘူး'

ထိုသို့ပြောလိုက်ခြင်းကြောင့် ထိုလူက ရပ်တန့်၍ ဝင့်ဝါကို အရင်ကြည့်သည်။ ပြီးနောက် ပိုက်ဆံအိတ်ကိုပါကြည့်ပြီး အံ့အားသင့်သွားဟန်ဖြင့်…

'ဟာ…ဟုတ်တယ်ဗျ…အဲဒါ ကျွန်တော်ပိုက်ဆံအိတ်ပဲ'

ထိုသို့ပြောလိုက်သော်လည်း ဝင့်ဝါပိုက်ဆံအိတ်ကိုပြန်၍ မပေးဖြစ်သေးဘဲ တွေဝေသည့်ပုံစံဖြင့် ရပ်နေမိသည်။ ထိုအခါ ထိုလူက ဟက်ခနဲ ရယ်၍…

'အင်း…ကျွန်တော့်ကိုမယုံမကြည်ဖြစ်နေသေးတယ်နဲ့တူတယ် … ပိုက်ဆံအိတ်ထဲမှာ ကျွန်တော့်မှတ်ပုံတင်ပါ…ပါတယ်'

ဟုပြောလိုက်သဖြင့် ဝင့်ဝါသည်ပိုက်ဆံအိတ်ကိုဖွင့်ကြည့်ရာ မှတ်ပုံတင်တစ်ခုကို တွေ့သဖြင့် ထုတ်၍ ထိုလူရုပ်နှင့်တိုက်ကြည့်ရာ မှန်ကန်ကြောင်း တွေ့လိုက်ရသည်။

'ဪ…ဆောရီးပဲနော်…ကျွန်မက မှားမှာစိုးလို့ပါ'

ထိုသို့ပြောပြီး ပိုက်ဆံအိတ်ကို ပြန်ပေးလိုက်သည်။ ထိုလူကပြုံးရင်း…

'ကျွန်တော် နားလည်ပါတယ်…ပြီးတော့ ကျေးဇူးလည်းတင်ပါတယ်'

'ရပါတယ်'

'ကျွန်တော့်နံမည် မင်းခန့်ပါ'

'ကျွန်မ ရှင့်မှတ်ပုံတင်ထဲမှာ တွေ့ပါတယ်'

'အဟား ဟုတ်သားပဲ…ဒါနဲ့…ဒီကနံမည်က'

'ဝင့်ဝါပါ'

'ဝင့်ဝါကို ကျွန်တော်ကျေးဇူးတင်တဲ့အနေနဲ့ တစ်ခုခုလိုက်ကျွေး ရစေ…'

www.burmeseclassic.com

www.burmeseclassic.com

'နေပါစေ...ကျွန်မကျောင်းချိန်နီးနေပြီ'

'ဟုတ်ပြီလေ...ဒါဆိုလည်း နောက်တစ်ခေါက်ပေါ့'

ထိုသို့ဖြင့် မင်းခန့်ဆိုသောလူနှင့် ဝင့်ဝါတို့ ကိုယ့်လမ်းကိုယ်ဆက် လျှောက်ခဲ့ကြလေသည်။ သို့ရာတွင် သိပ်မကြာမီရက်ပိုင်းလေးအတွင်းမှာ ပင်...ကျောင်းကဲနှင့်တင်းတွင် အမှတ်မထင်ပုံစံမျိုးဖြင့် ပြန်ဆုံဖြစ်ခဲ့ကြ၏။

'ဝင့်ဝါ'

'ဩော်...ကိုမင်းခန့်'

'အဟား...တော်သေးတာပေါ့ ကျွန်တော့်နံမည်ကို မမေ့သေးလို့'

'ကျွန်မက လူတစ်ယောက်ရဲ့ နံမည်ကို ဒီလောက်ရက်ပိုင်းလေး အတွင်းမှာ မေ့သွားရလောက်အောင်...မှတ်ဉာဏ်မချို့ယွင်းပါဘူး'

'ဟုတ်ပါပြီဗျာ...ကဲ...ဒီတစ်ခေါက်တော့ ကျွန်တော် မုန့်ကျွေးမှာကို ငြင်းလို့မရတော့ဘူးနော်'

အားနာမှုဖြင့် ဝင့်ဝါလက်ခံလိုက်မိသည်။ ဘေးဌပါသောမိုးမိုးကတော့ ဘယ်တုန်းက သိတဲ့လူလဲဆိုသော အမေးမျက်လုံးမျိုးဖြင့် ဝင့်ဝါအား လှမ်းကြည့်သည်။ သို့ရာတွင် ဆိုင်ထိုင်ကြရင်း ဝင့်ဝါတို့စကားအသွားအလာ အရ ဒီလူနှင့် ဝင့်ဝါမည်သို့ကျွမ်းဝင်ခဲ့သနည်းဆိုတာကို သိသွားခဲ့သည်။

မင်းခန့်က သူသည်သူဌေးသား၊ ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်ပြီး ဒီကျောင်းမှ သူငယ်ချင်းဆရာတစ်ယောက်ထံလာရင်းဖြင့် ဝင့်ဝါ အား အမှတ်မထင်တွေ့ခဲ့သည်ဟုဆိုသည်။ ရုပ်ကသန့်သန့်...စကားပြော ခပ်ကောင်းကောင်းဖြစ်ခြင်းကြောင့် ဆိုင်ထိုင်ပြီး သိပ်မကြာခင်မှာပင် ဝင့်ဝါ တို့နှင့် အတိုင်းအတာတစ်ခုထိ ရင်းနှီးသွားခဲ့သည်။

မင်းခန့် ပြန်သွားသောအခါ...မိုးမိုးက ခေါင်းတညိတ်ညိတ်ဖြင့် မှတ်ချက်ချသည်။

'အင်း...ပုံစံကတော့ မဆိုးပါဘူး'

ထို့နောက် မင်းခန့်က ဝင့်ဝါရှိရာကျောင်းထဲသို့ မကြာခဏဆိုသလို

ရောက်ရှိလာပြီး ရင်းနှီးသက်အနည်းငယ်ရလာသောအခါ ဝင့်ဝါအား သူချစ်ကြောင်း ဖွင့်ပြော၍ ဝင့်ဝါထံမှ အဖြေကိုတောင်းခံခဲ့သည်။

ထို့ကြောင့် ဝင့်ဝါကလည်း စဉ်းစားပေးပါမည်ဟု စကားပြန်ခဲ့ သည်။

ဒီမှာတင် ဝင့်ဝါ၏အရိပ်အကဲကိုစောင့်ကြည့်နေသော မိုးမိုးက ဝင့်ဝါနှင့် မျက်နှာချင်းဆိုင်ဆွေးနွေးဖို့ ဖြစ်လာတော့သည်။

ထိုဆွေးနွေးပွဲ၏ ရလာဒ်ကား

❖ ❖

ဒီနေ့တနင်္ဂနွေဖြစ်သည်။ မိုးမိုး ဝင့်ဝါ၏ အိမ်သို့ ရောက်နေ သည်။ ခါတိုင်းကဲ့သို့ အိမ်လည်လာခြင်းသက်သက်ဘဲမဟုတ်ဘဲ ဝင့်ဝါထံမှ သိလိုသည့်ကိစ္စရှိခြင်းကြောင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ မိုးမိုးသည် ပွင့်ပွင့် လင်းလင်းသမားဖြစ်ခြင်းကြောင့် သူသိလိုသည်ကိုကွေ့ဝိုက်၍ မမေးဘဲ တည့်တည့်ကြီးပင် စတင်သည်။

'နင်နဲ့...ကိုမင်းခန့်အခြေအနေက ဘယ်လိုလဲ...ဝင့်ဝါ'

ထိုသို့မေးလိုက်သောအခါ ဝင့်ဝါက လေသံမှန်မှန်ဖြင့်...

'သူ ငါ့ကိုချစ်ခွင့်ပန်ထားတယ်'

'ဒီတော့...'

'ငါကလည်း...ထုံစံအတိုင်း စဉ်းစားဦးမယ်လို့ ပြောထားတယ်'

မိုးမိုးခေါင်းခါ၍...

'အဲဒီထုံးစံက တခြားမိန်းကလေးတွေရဲ့ထုံးစံဆိုပေမယ့်...ဒါနင် ရဲ့ထုံးစံတော့ မဟုတ်ဘူးနော်...ဝင့်ဝါ'

ထိုသို့မိုးမိုးပြောလိုက်ခြင်းက အကြောင်းရှိပါသည်။ ယခင်တုန်း က ဝင့်ဝါအား ချဉ်းကပ်သောယောကျ်ားလေးတိုင်းကို ဝင့်ဝါက အပြတ်ငြင်း

www.burmeseclassic.com

www.burmeseclassic.com

လွတ်ခဲ့သည်ချည်းဖြစ်၏။ ယခုမင်းခန့်ဆိုသောလူနှင့်ပတ်သက်မှ စဉ်းစားပါဦးမယ် ဘာညာဆိုတော့ ဘာလဲပေါ့။

ဒါကို ဝင့်ဝါကလည်း သဘောပေါက်ဟန်ဖြင့် ပြုံးစိစိလုပ်နေ၏။ ထိုအခါ မိုးမိုးက ဝင့်ဝါ မင်းခန့်အပေါ်၌ စိတ်ဝင်စားနေပြီဟု မှတ်ယူလိုက်ပြီး...

'အင်း...ဒါဆိုရင် ငါသူဘောတော့ပေါက်လိုက်ပါပြီ...ဒါပေမဲ့... သူငယ်ချင်းအချင်းချင်းမို့ နှင့်ကို ငါသတိတစ်ခုတော့ ပေးချင်တယ်၊ ကိုမင်းခန့်ကို ကြည့်ရတာနည်းနည်းလူရည်လည်ပုံတော့ရတယ်ဟ...အဲဒါ...နင်...'

မိုးမိုး၏စကားကို ဝင့်ဝါက ထပ်လောင်း၍...

'နင်အဓိကပြောချင်တာက ကိုမင်းခန့်က မိန်းမကျမ်းကျေလောက်တယ်လို့ ပြောချင်နေတာမဟုတ်လား'

ထိုသို့ပြောလိုက်ခြင်းကြောင့် မိုးမိုးမျက်လုံးပြူးသွားပြီး...

'ဟင်...နင်...နင် ဒါကိုသိတယ်'

'သိတာပေါ့ဟ...ငါက ငတုံးမှ မဟုတ်တာ'

မိုးမိုးမျက်နှာကို ရှုံ့မဲ့၍...

'နင်ကလည်းဟာ သိသိကြီးနဲ့များ...ဘာကိုစဉ်းစားပါဦးမယ် ဘာညာနဲ့ ပေရှည်နေရတာလဲ...အရင်အတိုင်းအပြတ်ကောလွှတ်လိုက်ရင်ပြီးရောဟာကို'

'ဟင့်အင်း...ငါအဲလိုမလုပ်ချင်သေးဘူး'

'ဒါ...ဒါဆိုရင် နင်...နင် သူ့ကိုတကယ်ကြိုက်...ကြိုက်'

'အာ...ဘယ်ကလာ...မဟုတ်ပါဘူး...နေဦး နင်နားလည်အောင် ငါရှင်းပြမယ်'

ထိုသို့ပြောပြီး ဝင့်ဝါဇိဒိုအဆွဲကိုဖွင့်၍ တစ်စုံတစ်ရာကို သွားရှာ၏။

မိုးလမြည့်စာပေ

မိုးမိုးကတော့ အူတိအူကြောင်ဖြင့် ဝင့်ဝါအားလိုက်ကြည့်နေသည်။ ဆောကြာတော့ ဝင့်ဝါပြန်ရောက်လာပြီး လက်ထဲတွင်ပါသော ဓာတ်ပုံသုံးပုံအား မိုးမိုးကို လှမ်းပေးသည်။

'ရော့...ငါမရှင်းပြခင် နင်ဒီပုံတွေကို အရင်ကြည့်လိုက်'

ထို့ကြောင့် မိုးမိုးနဝေတိမ်တောင်ဖြင့် ဓာတ်ပုံတွေကိုယူ၍ ကြည့်လိုက်မိသည်။ ဓာတ်ပုံတွေက ဝင့်ဝါထံ အမည်မသိလူထံမှ အမြဲပို့ဆက်တဲ့ပုံမျိုးလေးတွေပါ။ ထို့ကြောင့် ထုံးစံအတိုင်းဓာတ်ပုံနောက်ကျောတွင် ဆကြောင်းလေးတွေလည်းပါ...ပါသည်။

ပထမတစ်ပုံက လှမ်းလျှောက်နေသည့် မိန်းကလေးတစ်ယောက်၏ ခြေထောက်ပုံဖြစ်ပြီး...ပုံ၏နောက်ကျောတွင် **"ခြေလှမ်းတွေများနေပြီကွ"** ဟု ရေးသားထားကြောင်း တွေ့ရသည်။

ဒုတိယပုံကတော့ နံရံတွင်ကပ်ထောင်ထားသော ကြိမ်လုံးတစ်လုံး ဖြစ်ပြီး ပုံ၏နောက်ကျောတွင်တော့ **"သတိထား"** ဟုရေးသားတာကို တွေ့ရသည်။

နောက်ဆုံးပုံကတော့ စားပွဲလွတ်ပေါ်သို့ ယောကျ်ားတစ်ယောက်သက်သီးဖြင့် လှမ်းထုလိုက်သော လက်ပုံသာပါပြီး နောက်ကျောတွင်တော့ 'ဒုန်း' ဆိုသော စာလုံးတစ်လုံးတည်းသာ ရေးထားကြောင်းတွေ့ရသည်။

မိုးမိုးက ပုံတွေအားလုံးကို ကြည့်ပြီးသောအခါ ဝင့်ဝါကအပြုံးဖြင့်...

'ဒီပုံတွေက ငါ့ဆီကိုသိပ်မကြာခင်က ရောက်လာတဲ့ပုံတွေလေ'

'နင်ဘယ်လိုအဓိပ္ပာယ်ဖော်မိလဲ'

ထိုသို့မေးလိုက်ခြင်းကြောင့် ဝင့်ဝါက တွေးတွေးဆဆဟန်ဖြင့်...

'အင်း...ငါ့စိတ်ထင် နင့်ကို ကိုမင်းခန့်နဲ့တွဲသွားတွဲလာလုပ်တာကို သူသဘောမကျဘူးနဲ့တူတယ်'

'ကြည့်စမ်း...ငါ့သူငယ်ချင်းက ထင်သလောက်မတုံးဘူးပဲ'

မိုးလမြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'အောင်မယ်...အစကတည်းက ငါကချွန်ပြီးသားပါနော်'

'ဟုတ်ပါပြီ...ဟုတ်ပါပြီ...ဒါဆိုရင် ငါ့ကို သူသဘောမကျင့် ကိစ္စကို ဘာလို့ဆက်လုပ်တယ်လို့နှင်ထင်လဲ'

'နင်...ကိုမင်းခန့်ကို တကယ်ကြိုက်နေလို့ နေမှာပေါ့'

'အာ...သွားစမ်းပါ...ပေါက်တီးပေါက်ရာတွေ'

'ကဲ...ဒါဆို မကြိုက်ဘူးလား'

'ကြိုက်စရာလား...ဟွန့်...'

'ငါ့ကိုမျက်စိလည်အောင်လာမလုပ်နဲ့နော်...ဝင့်ဝါ'

ဝင့်ဝါသက်ပြင်းချ၍...

'ဒီလိုဟ...ငါအစကတော့သူ့ကို ငါ့အနားအချိန်တန်ရင် ရောင်လာလိမ့်မယ်ဆိုပြီးတော့ ဒီအတိုင်းနေခဲ့တာ'

'နင်ပြောတဲ့သူဆိုတာ ဘယ်သူ့ကိုပြောတုန်း'

'ဓာတ်ပုံပို့တဲ့တစ်ယောက်ကို ပြောတာလေဟာ နင်ကလဲ'

'သြော်...သြော် သဘောပေါက်ပြီ'

ဝင့်ဝါက သူ့စကားကိုဆက်၍...

'ဒါပေမဲ့ နင်ပဲစဉ်းစားကြည့်လေ...ဒီလောက်နှစ်တွေပဲ ကြာနေဦး...သူ ငါ့ရှေ့ကိုရောက်လာဖို့မပြောနဲ့ အရိပ်အယောင်တောင်မှ မတွေ့ရဘူး'

မိုးမိုး သက်ပြင်းချသည်။

ဝင့်ဝါကဆက်၍...

'ဒါကြောင့် သူ ငါ့ကို မျက်စိရှေ့ကို မခံချင်ဖြစ်ပြီး ရောက်လာအောင်လို့ ငါ ကိုမင်းခန့်နဲ့ ဟန်ပြတွဲပြနေတာ'

မိုးမိုးသဘောပေါက်သွားသည်။

'ဒါပေမဲ့ နင် ကိုမင်းခန့်နဲ့ ဟန်ဆောင်ပြီးတွဲပြနေတော့ရော သူကနင့်ရှေ့ကို ကိုယ်တိုင်ကိုယ်ကျရောက်လာမယ်လို့ အာမခံနိုင်လို့လား'

ဟုတ်သည်...ကိုယ့်သူငယ်ချင်းက မိန်းကလေးဆိုတော့ သိက္ခာကျနိုင်သည်လေ။

ဝင့်ဝါက သက်ပြင်းချ၍...

'အာမတော့မခံနိုင်ပါဘူးဟာ...ဒီလိုပဲမျှော်လင့်ရတာပေါ့...ဓာတ်ပုံတွေထဲမှာ ငါ့ကိုသတိပေးတားမြစ်တာမရလို့ ဒေါသတောင်ကျက်နေပြီလေ...ဒေါသဆိုတာက ဆင်ခြင်တုံတရားကို ဈေးမမေ့သွားစေတဲ့ အစွမ်းရှိတယ်တဲ့...ဒါကြောင့် သူ့ရဲ့ဆင်ခြင်တုံတရားတွေ ဈေးမေ့သွားပြီး ငါ့ရှေ့ကိုရောက်လာပါစေလို့ပဲ ငါဆိုတောင်းရတော့မှာပေါ့'

ဆွေးဆွေးနှစ်နှစ်ပြောနေသော ဝင့်ဝါကိုကြည့်၍ မိုးမိုးစိတ်မကောင်းဖြစ်သွားမိသည်။

'ဒါတော့ ဒါပေါ့ဟာ...ဒါပေမဲ့ ကိုမင်းခန့်ဆိုတဲ့လူက လူလည်ဟန်သတိတော့ထားရလိမ့်မယ်'

'အေးပါ...ငါသိပါတယ်'

ထို့နောက်တော့ နှစ်ယောက်သား ပစ္စုပ္ပန်ရော အနာဂတ်အတွက်ပါ နှစ်ခုပေါင်း၍ ငြိမ်သက်နေကြသည်။ ခဏကြာတော့ မိုးမိုးက တစ်ခုခုစဉ်းစားကို သတိရသွားဟန်ဖြင့်...

'ကဲ...ဝင့်ဝါ...နင့်ကိုငါမေးစရာကျန်သေးတယ်'

'အင်း...မေးလေ'

'နင်...ဓာတ်ပုံပို့တဲ့တစ်ယောက်အပေါ်ကို ဘယ်လိုသဘောထားလဲ'

ဝင့်ဝါမျက်လုံးပြူးပြီး မိုးမိုးကိုကြည့်သည်။ မိုးမိုးကလည်း အားကျမခံပြန်ကြည့်၍...

'ဟဲ့...ပြောလေ...ဘယ်လိုသဘောထားလဲလို့'

'မပြောဘူး...အသေသတ်ရင်သတ်'

'ဘာပြောတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ကြားတဲ့အတိုင်းပဲ'

'မပြောလည်းနေဟဲ့...သိတယ်...သိတယ်...ဟွန်း'

'သိရင်ပြီးတာပဲ...ဟွန်း'

ထိုသို့တစ်ယောက်နှင့် တစ်ယောက် အပြိုင်မျက်စောင်းထိုးကြရင်း ရယ်လိုက်မိပါလေတော့သည်။

ခစ်...ခစ်...ခစ်...ခစ်...ခစ်

ခစ်...ခစ်...ခစ်...ခစ်...ခစ်

ထိုသို့မရယ်မောနိုင်သူတစ်ယောက်တော့ အတိအကျရှိနေပါသည်။

ထို...တစ်ယောက်ကတော့...

❖ ❖ ❖

VIDEO နှင့်
ဖတ်ပုံ
(၃)မျက်ယောက်ဖိုးမှ ဒုးပါ။

အခန်း (၉)

နေရဲသစ်ခြံထဲရှိ မြက်ခင်းစိမ်းပေါ်တွင် ပက်လက်လှန်ပြီး ငေးတုတ်မှေနေသည်။ (မှတ်ချက်။ ငုတ်တုတ်မှေနေသည်ဆိုခြင်းက အဓိပ္ပာယ်ရှိနေသည်ဟု ဆိုလိုပါသည်။)

ရင်ထဲတွင် ဟာလာဟင်းလင်းဖြစ်နေသည်။ ထို့အတူခေါင်းထဲ၌လည်း ဗလာဖြစ်နေသည်။ မျက်လုံးသည် အပြာရောင်ကောင်းကင်ကျယ်ကြီးကို စိုက်ကြည့်နေသော်လည်း ကောင်းကင်ကြီးရော မျက်ဝန်းပါမျောက်နေ၏။

စိတ်ထဲတွင် ဘာမှမရှိ၊ အသိဉာဏ်ထဲတွင် ဘာမှမရှိ...မျက်လုံးထဲတွင် ဘာမှမရှိ ပြောရလျှင် ဝိညာဉ်မရှိသော ခန္ဓာကိုယ်ကဲ့သို့ အခဲသက်သက်ကြီးပင် ဖြစ်နေသည်။

နေရဲသစ်က ဟင်းလင်းဖြစ်နေသောအရာအားလုံးကို ပြန်လည်၍ ပြည့်ဝစေလိုက်သည်။ ထိုအခါ ဦးနှောက်အတွင်းရှိ ကလပ်ဆဲလ်များက တောင်အလုပ်လုပ်လာသည်။ နှလုံးသွေးများလည်း စတင်၍ တဒုတ်ဒုတ် မြည်ဟီးလာသည်။ အမြင်အာရုံကို ကောင်းကင်ကြီးက တစ်ခန်းတစ်နား ပြန်ကြိုဆိုသည်။

နေရဲသစ် အသက်ဝင်လာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဝင်...ဝင်ချင်းပင် ခပ်ပြင်းပြင်းအရိုက်ခံလိုက်ရသလို အသိတရား ထဲမှ မေးခွန်းတစ်ခုက ထိုးထွက်လာ၏။

'မင်း...ဘာတွေလုပ်နေတာလဲကွာ'

ထိုမေးခွန်းက သူ့ဆီပြန်လာမည့်အဖြေကို နှလုံးသားပေါ့ ရပ်နားရင်းခဏမျှစောင့်မျှော်နေသေး၏။ အဖြေရောက်မလာတော့မှန်း ရိပ်မိလိုက်သောအခါ ပေါက်ကွဲသွားပြီး ရပ်နားနေသော နှလုံးသားအား ကန်ကျောက်၍ ထွက်ခွာသွားသည်။

ထို့ကြောင့်ရ ဉာဘတ်တစ်ခြမ်းအောင့်သွားသည်။

ဒီလိုမေးခွန်းထုတ်တိုင်း ဒီလိုနာကျင်ခဲ့ရသည့်အကြိမ်ပေါင်း မနည်းတော့ဒါပေမဲ့ ဆက်ကာ ဆက်ကာလည်းအောင့်၏။

အမှတ်မရှိပါ...

အောင့်သက်နာကျင်ခဲ့ရများပြီလေ...

မြက်ခင်းပေါ်၌ လဲ့လျောင်းနေသော ရဲသစ်နံဘေးသို့ မျိုးထူး တိတ်ဆိတ်စွာဝင်ထိုင်လိုက်သည်။ အတန်ကြာသည်အထိ ကိုယ့်အတွေးနဲ့ ကိုယ်မျောနေကြသေး၏။

နေရဲသစ်က တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သည်။

'ဘာတွေသိလာသေးလဲ မျိုးထူး...'

အတန်ကြာသည်အထိ မျိုးထူးတိတ်ဆိတ်နေသေးသည်။ ပြီးလေးပင်စွာသက်ပြင်းချ၍...

'အဲဒီကောင်က သိုက်သမားစစ်စစ်ပဲ...'

'သေချာလား'

'အင်း...'

နှစ်ယောက်သားငြိမ်သက်သွားကြသည်။ နောက်တော့ မျိုးထူးက...

'မင်း...ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ ရဲသစ်'

နေရဲသစ်အံကိုတစ်ချက်ကြိတ်လိုက်ပြီး...

'ငါ...ဝင်ပြီး လှုပ်ရှားမှုဖြစ်တော့မယ်နဲ့တူတယ်'

'မင်းက...မဟုတ်တာကွာ'

'တို့တွေ ငယ်ဘဝကိုပြန်သတိရရင်...ငါဝင်ကိုဝင်ရမယ်၊ ပြီးတော့ မင်းမှာလည်းတာဝန်ရှိတယ်...မျိုးထူး'

❖ ❖ ❖

'ခင်ဗျား...နံမည် ကိုမင်းခန့်နော်'

ချိုနိုးထားသော မမကြီးက ခုချိန်ထိမရောက်လာသေးသဖြင့် ခံတ်ရုပ်နေသော မင်းခန့်မှာ ကိုယ့်နံမည်ကိုလာမေးသော လူငယ်ကိုမျက်ဆောင်ကုန်၍ကြည့်ပြီး...

'ဟုတ်တယ်...မင်းကဘယ်သူလဲ'

'ကျုပ်နံမည်ထက်အရေးကြီးတာက ကျုပ်သယ်ဆောင်လာတဲ့ အကြောင်းအရာ'

'ကိစ္စက...'

'ခင်ဗျားရဲ့မမကြီး မလာနိုင်တော့ဘူးဆိုတာလာအသိပေးတာ'

ထိုအခါမှ မင်းခန့်သဘောပေါက်သွားသည့်ပုံစံမျိုးဖြင့်...

'ဩော်...မင်းက မမလွတ်လိုက်တဲ့လူကိုး...'

'ဘယ်ကလာ...ကျုပ်က ခင်ဗျားကို အသိပေးတဲ့ကြားလူ'

မင်းခန့် မျက်မှောင်ပြန်ကုံ့သွားပြီး...

'ဒါဆို မင်းက မမ မလာနိုင်တော့ဘူးဆိုတာ ဘယ်လိုသိလဲ'

'သိပ်သိတာပေါ့ဗျာ...ဘာကြောင့်မလာနိုင်ဘူးဆိုတာက အစသိတယ်'

မင်းခန့် ရွံ့တဲ့တဲ့လေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်လှချည်လား...ပြောပါဦး'

'ခင်ဗျား...မမကြီး ယောကျ်ားသဘော်သားက ခင်ဗျားနဲ့ သူ့မိန်းမ သူသဘော်တကျနေတုန်း မျောက်ဇာတ်ခင်းတဲ့အကြောင်းကို ခိုင်ခိုင်လုံလုံသိသွားလို့ ပြဿနာတက်နေပြီလေ...ဒါကြောင့် သူလည်း ပြဿနာတွေရှင်းနေလို့ မလာနိုင်တာပေါ့'

ထိုသို့ပြောလိုက်ရာ မင်းခန့် မျက်နှာမှာ ရဲခနဲဖြစ်သွားသည်။

'ဟေ့ကောင်...မင်း...မင်း...ဘာကောင်လဲ'

'ခင်ဗျားရဲ့မျောက်ဇာတ်လမ်းတွေ မှန်သမျှ အကုန်လုံးသိနေတဲ့ကောင်'

'ဘာကွ...'

မင်းခန့်က လူငယ်အားထိုးတော့ ကြိတ်တော့မည်ဟန်မျိုး ဖြစ်သွားသည်။ သို့ရာတွင် လူငယ်၏အေးတိအေးစက်ဟန်ပန်ကြောင့် ရှိန်၍သွားပြီး...မခံချိမခံသာဟန်ဖြင့်...

'ခု... သူ့ယောကျ်ားသိသွားအောင်လုပ်လိုက်တာ မင်းပေါ့'

'ရိုက် (တ်)'

'ဟား...မင်း...ဘာလဲ...ငါ့ဆီက ဘာလိုချင်လို့လဲ'

'အဟား...ခင်ဗျားတွေးတာတော်သားပဲ...မှန်တယ်...ကျွန်တော် ခင်ဗျားဆီကတစ်ခုလိုချင်တယ်'

'ဘာလဲ'

'ခုချိန်ကစပြီး...ဝင့်ဝါရှိတဲ့နေရာမှန်သမျှကို ခြေဦးတောင် မလှည့်နဲ့တော့'

မင်းခန့်ကြောင်အမ်းအမ်းဖြင့် လူငယ်ကိုကြည့်သည်။ ပြီးမှ ဟက်ခနဲရယ်ပြီး...

'နေပါဦး...မင်းနဲ့ ဝင့်ဝါက ဘယ်လိုပတ်သက်နေလို့လဲ'

'အဲဒါ...ခင်ဗျားသိဖို့မလိုပါဘူး...ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်လိုက်ပါ'

'ငါကမလုပ်ဘူးဆိုရင်ရော'

လူငယ်က အေးတိအေးစက်ဟန်ဖြင့် တစ်ချက်ပြုံးရင်း...အိတ်ဆဲမှ မှတ်စုစာအုပ်အသေးလေးတစ်အုပ်ကို ဆွဲထုတ်၍ မင်းခန့်ကို ပစ်ပေးလိုက်သည်။ မင်းခန့် အူတူတူဖြင့် စာအုပ်ကိုဖွင့်ဖတ်လိုက်သောအခါ မျက်လုံးပြူးသွားမိသည်။

'ဟင်...ဒါ...ဒါတွေက...'

သူမျက်လုံးပြူးမည်ဆိုပါကလည်း ပြူးချင်စရာ...စာအုပ်ထဲမှာက သူယခုလက်ရှိပတ်သက်နေသော Lady ကြီးများ၏ အချက်အလက်အပြည့်အစုံပါနေသည်။

လူငယ်က မခိုးမခန့်ဟန်ဖြင့်...

'ဒီစာအုပ်ထဲမှာပါတဲ့ အမျိုးသမီးတွေရဲ့အထောက်အပံ့နဲ့ ခင်ဗျားချင်သန်နေတယ်ဆိုတာ ကျုပ်သိတယ်...အဲ...သူတို့ယောကျ်ားတွေကတော့ ကျုပ်သိသလို မသိဘူးပေါ့ဗျာ...ဟင်း...ဟင်း...'

မြွေမြွေချင်းခြေမြင်သကဲ့သို့ လူငယ်ဘာကိုဆိုလိုသလဲဆိုတာကို ကောက်ခနဲသဘောပေါက်သွားသည်။ ဝင့်ဝါကို မိမိလက်မရှောင်ပါက ကိုယ်နှင့်ပတ်သက်နေသော အမျိုးသမီးများ၏ ယေကျ်ားများထံသွား၍ အရောက်ပို့မည်။ ဒါဆိုရင် ကိုယ်အခြေအနေမလှဖြစ်ပြီး...ကံမကောင်းပါက ဆေးခိုးမှုနှင့် တရားပါအစွဲခံနိုင်သည်။ ထို့ကြောင့် ဒေါသကိုမြိုသိပ်၍

...

'ကောင်းပြီလေ... လောလောဆယ်တော့...မင်းဆန္ဒအတိုင်းပေါ့'

'ခင်ဗျား ပါးစပ်ကထွက်တဲ့စကားကို ကျုပ်အယုံအကြည်ရှိဘူး...ဒါပေမဲ့ စောင့်တော့ကြည့်လိုက်ဦးမယ်'

'ဟုတ်ပြီလေ...မင်းလည်း ငါ့အကြောင်း...ကောင်းကောင်းသိလာဦးမှာပါ'

'ခင်ဗျားအကြောင်း ကျုပ်သိပြီးသားပါ။ ခင်ဗျားက ကြောက်လိုလေ'

www.burmeseclassic.com

www.burmeseclassic.com

'ဘာကွ...'

'သွားပြီ...'

လူငယ် ခြေလှမ်းမှန်မှန်ဖြင့် ထွက်ခွာသွားသည်။

မင်းခန့်မှာသာ ဒေါသတွေအခိုးဝေ၍ ကျန်ရစ်ခဲ့၏။

ဒီကောင်ဘာကောင်လဲ...ဘယ်ကကောင်လဲ...ဝင့်ဝါနဲ့ ဘယ်လို ပတ်သက်လဲ...သိပ်မကြာခင်...ရက်တစ်ရက်သို့ရောက်သောအခါ...။

❖ ❖ ❖

အခန်း (၁၀)

ကျောင်းဝင်းအတွင်းတွင် နေရဲသစ်ခြေလှမ်းမှန်မှန်ဖြင့် လျှောက်နေသည်။ နောက်သို့လှည့်မကြည့်ဖြစ်သော်လည်း...ကိုယ့်နောက်တွင် ဟိုလူတွေပါလာမှန်းကို အတိအကျသိနေ၏။ ဟိုလူတွေဆိုတာ မနက်တတည်းက ကျောင်းဝင်းအတွင်း ဟိုနားတစ်ယောက် ဒီနားတစ်ယောက်တွေ့နေရတဲ့လူတွေပါ။

ကျောင်းသားပုံဖမ်းထားသော်လည်း ကျောင်းသားနဲ့တစ်စက်မှ မတူတဲ့ရုပ်တွေနဲ့ပါ။ သူတို့မျက်လုံးများက နေရဲသစ်ခန္ဓာကိုယ်ပေါ်မှာ ပူးလိုက်ခွာလိုက်...နေရဲသစ် ဘယ်နေရာသွားသွား မလှမ်းမကမ်းမှ မယောင်မလည်ဖြင့် ပါ...ပါသည်။

အားလုံးပေါင်းငါးယောက်လောက်တော့ရှိမည်ထင်သည်။ ကြည့်ရတာကျောင်းထဲမှာ လူမရှင်းသေးလို့ စောင့်ကြည့်နေသေးတာဖြစ်မည်။

နေရဲသစ်ပခုံးကို တစ်ချက်တွန့်လိုက်မိသည်။ မျက်နှာချင်းဆိုင်တွင် ကိုယ်နှင့်မျက်မှန်းတန်းမိသော ကျောင်းသားတစ်ယောက်ကိုတွေ့သဖြင့်...

'ရန်နိုင်...ခဏကွာ...'

'ဘာလဲကွ...'

'မင်း...စာကြည့်တိုက်စာရေး ကိုတင်ကိုကိုလတ်ကို သိလားဟင်း ခဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

'အင်း...သိတယ်လေ'

'ဒါဆိုရင် ငါစာတစ်စောင်ပေးလိုက်မယ်။ သူ့ဆီကို သွားပေး...ပေးစမ်းပါ'

'အေး...ရတယ်'

ထို့နောက် နေရဲသစ် အောက်ပါအတိုင်းစာတစ်စောင်ကို အမြန်ရေးပြီး ရန်နိုင်ကို ပေးလိုက်သည်။

"တပည့်ကြီး တင်ကိုကိုလတ်..."

တပည့်ကြီးကို တပည့်ကြီးလို့တစ်သက်လုံးအခေါ်မခံချင် ဓာတုဆောင်ဘေးက လမ်းသွယ်လေးထဲကို အခု ချက်ချင်းလိုက်ခဲ့ပါ။

တပည့်ကြီးရဲ့ဆရာရင်

နေရဲသစ်...

ဌင်းစာကို သေသေချာချာခေါက်၍...

'ရော့...မင်းလမ်းမှာ လုံးဝမဖတ်နဲ့နော်...ဖွင့်ဖတ်ဖြစ်ရင်တော့ တင်ကိုကိုလတ်ကြီးဗလနဲ့ တွေ့လိမ့်မယ်'

ရန်နိုင်တွန့်ခနဲဖြစ်သွားပြီး...

'အေးပါကွ...စိတ်ချပါ'

ထို့နောက် နေရဲသစ် လေလေးချွန်ရင်း ခြေလှမ်းခပ်ဖြေးဖြေးဖြင့် လမ်းလျှောက်သည်။

ဓာတုဆောင်ဘေးလမ်းကျဉ်းသို့ရောက်သောအခါ ခြေလှမ်းကို ရပ်တန့်လိုက်သည်။ ဒီနေရာက လူရှင်းသည်။ ထို့ကြောင့် ရှပ်တာတွေကို ရှင်း၍ကောင်းပြီပေါ့။

နေရဲသစ် ထိုလူတွေနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်၏။ မျက်နှာချင်းဆိုင်ဖြစ်သွားပါပြီ။ ထိုအခါလူတွေက

ဆက်ဝန်းကျင်အနေအထားကို ဟိုကြည့်ဒီကြည့်အရင်ကြည့်၍ လူရှင်းကြောင်း သေချာသောအခါမှ နေရဲသစ်ရှိရာသို့ ရဲရဲတင်းတင်းချဉ်းကပ်လာသည်။ ခုနပေါင်း ငါးယောက်ဖြစ်သည်။

ခြေငါးလှမ်းအကွာလောက်တွင်ရပ်၍ နေရဲသစ်အား မိုက်ကြည့်ကြည့်ကြသည်။ နေရဲသစ်က ခပ်တည်တည်ပုံစံဖြင့်...

'ခင်ဗျားတို့ကို...ဘယ်သူလွှတ်လိုက်တာလဲ'

ဆိုအထဲမှ တစ်ယောက်က ပမာမခန့်ပုံစံဖြင့်...

'ဘယ်သူလွှတ်လဲဆိုတာ မင်းသိစရာမလိုဘူး'

'ဒါဆိုရင်...ခင်ဗျားတို့က အဲဒီလူရဲ့ နောက်လိုက်ခွေးတွေပေါ့'

'ဘာကွ...'

လူပ်လူပ်ရှားရှားဖြစ်ကုန်ကြသည်။ ဒါပေမဲ့ နေရဲသစ်၏ပုံစံက ငြိမ်သက်လွန်းနေသဖြင့် ရှိန်နေကြပြီး ပွဲမစသေးဘဲ အခြေအနေစောင့်ကြည့်နေကြသည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူက လေသံကျယ်ကျယ်ဖြင့်...

'ဒီမှာ...ချာတိတ်'

'ဘာလဲ...လူကြီး'

ထိုလူရွိုးတိုးရှန်းတန်းဖြစ်သွားပြီး...

'မင်းက တော်တော်သတ္တိကောင်းနေတယ်ဟုတ်လား'

'ခင်ဗျားကရော တော်တော်ကြောက်နေတယ် မဟုတ်လား'

'ဘာ...ဘာကွ...မင်းတော်တော်လူပါးဝတဲ့ ချာတိတ်ပဲ'

'ခင်ဗျားကရော...တော်တော်ပိန်တဲ့ လူကြီးပဲ'

ထိုလူတော်တော်မချိမခံသာဖြစ်သွားဟန်ရှိသည်။ သူ့ခန္ဓာကိုယ်ကလည်း အမှန်တကယ် ပိန်ပိန်ကလေးကိုး။

'မင်း...မင်း...တောက်...ဟော့ကောင်တွေ ဒီလောက်ဖြစ်လာတော့ကောင်ကို ဆုံးမလိုက်ကြစမ်း'

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောလိုက်သဖြင့် သူ့နောက်မှ လူများလက်သီးပြင်ပြင်ဖြင့် ရှေ့သို့တိုးကပ်လာသောအခါ နေရဲသစ်က လက်ဝါးကာ၍...

'နေဦး'

တန့်ခနဲဖြစ်သွားကြသည်။ ပြီးမှ တစ်ယောက်က ရင်ကိုကော့၍...

'ဟင်း...ဟင်း...မင်း ငါတို့ကိုကြောက်ပြီး တောင်းပန်တော့မလို့ မဟုတ်လား မရတော့ဘူးကွ...ငါတို့က အရမ်းကို မိုက်ချင်နေပြီ...ဟင်း...ဟင်း...'

နေရဲသစ်ခေါင်းခါ၍...

'အချိန်ဆွဲမလို့...အဲ...ဟုတ်ပါဘူး...ကျုပ်က ခင်ဗျားတို့ကို ဘာကိစ္စကြောင့်...ကြောက်ရမှာလဲ ပြောစရာလေးရှိသေးလို့ ခဏာရပ်နိုင်လိုက်တာ...'

'ဒါဆိုလဲပြောကွာ...မြန်မြန်ပြော...ငါတို့က လက်ယားနေပြီ...ဟင်း...ဟင်း'

'ဒါဆိုရင် ဝဲပေါက်ချင်လို့ဖြစ်မယ်...'

'ဘာကွ...'

'ဩော်...ဆောရီး...ဆောရီး နောက်တာပါဗျ ဒါနဲ့ ဟိုလူး ခင်ဗျားတို့ ဆရာလား...'

ထိုသူတို့အား ရှေ့တက်ပြီးချိုင်းသော ပုဂ္ဂိုလ်အား လက်ညှိုးထိုး၍ မေးလိုက်သဖြင့် ထိုလူတို့လည်း ကြောင်တောင်တောင်ဖြင့်...

'အဲဒါ...ငါတို့ ဂိတ်...ဂိတ်...အဲ...မင်းပြောသလို ဆရာ ဆိုရင် ကောကွာ ဘာဖြစ်လဲ...'

'အဟား...ဒါဆိုရင်...ခင်ဗျားတို့ ဆရာတင်တာ လူမှားသွားပြီ'

'အောင်မာ ဘာလို့မှားရမှာလဲ'

'ဟာ...သူက ဆရာလည်းပြောသေး...ခုပြဿနာလည်း တက်ရော...ခင်ဗျားတို့ကို ရှေ့တက်ပြီးတော့ချခိုင်းပြီး...သူကတော့ နောက်မှာ အခန့်သားနဲ့ အဲဒါ ဘာသဘောလဲ'

ထိုသို့ပြောလိုက်သဖြင့် ထိုလူများနဖေတိမ်တောင်တွေ ဖြစ်ကုန်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ ပြီးတော့ သူတို့ဆရာဆိုသူအားလည်း လှည့်ကာကွက်ကြည့်ကွက်ကြည့်လုပ်ပြီး အချင်းချင်းတိုးတိုးလေးဖြင့်...

'ဒီကောင်လေးပြောတာ ဟုတ်တော့ဟုတ်တယ်ကွ...သူက ဆေစုပိုယူပြီးတော့...ပွဲကြည့်ပရိတ်သတ်လုပ်နေတယ်'

'မင်းတို့ကို အစကတည်းကပြောသားပဲ...သူက လည်ပါတယ်ဆို'

ဤသို့အချင်းချင်းညီညွတ်ချင်သလိုဖြစ်သွားပြီး ဆရာဆိုသော ပုဂ္ဂိုလ်အား ဆန့်ကျင်ရန် စိတ်ကူးပေါ်လာစဉ်အချိန်တွင် ထိုဆရာဆိုသော ပုဂ္ဂိုလ်က လူကောင်သေးသလောက် ကျယ်လောင်သောလေသံဖြင့်...

'ဟေ့ကောင်တွေ ချ...ချကွာ ဘာတွေ ပွစိ...ပွစိလုပ်နေတာသဲ'

ထိုသို့လေသံမာမာဖြင့် ပြောလိုက်ရာ ထိုလူတွေ တော်လှန်ပုန်ကန်ခွင့်စိတ်တို့ ဝုန်းခနဲပျောက်သွားပုံဖြင့် ခန္ဓာကိုယ်များ တောင့်မတ်သွားပြီး...

'ခင်ဗျာ...ဟုတ်...ဟုတ်ကဲ့...ဂိတ်...အဲ...ဆရာ'

ထို့နောက်တော့ လက်သီးတပြင်ပြင်ရုပ်မာမာကြီးတွေဖြင့် နေရဲသစ်ကို ပြန်ကြည့်ပြီး...

'ဒီမှာ ကောင်လေး...မင်းဘာမှ စကားရှည်မနေနဲ့တော့...ငါတို့က ဒီနေ့အဖို့ ချကိုချမှ ဖြစ်တော့မယ် ဒီတော့ မင်းဘုရား၊ တရား၊ သာ တပေရော့...'

www.burmeseclassic.com

www.burmeseclassic.com

'ဘုရားတရမှာ ကျုပ်မဟုတ်ဘူးဗျ...ခင်ဗျားတို့'

ထိုလူအုပ်စုထဲမှ တစ်ယောက်က ကျန်လူများဘက်လှည့်ပြီး ပြောသည်။

'ချာတိတ်တော့ အကြောက်လွန်ပြီး ပြောမိပြောရာတွေ ပြောနေဦးက္ခ'

'ဟုတ်ပြီ...ဒါဆိုရင် ခင်ဗျားတို့ သဘောပေါက်သွားအောင် ကျုပ်ပြောပြမယ်...ကိုယ်ခံပညာတွေထဲမှာဆိုရင်...မြန်မာ့သိုင်း...သိုင်းပြောင်းပြန်၊ ဗန်တို၊ ဗန်ရှည်၊ လက်ဝှေ့၊ ဝူရှူး၊ ကွန်ဖူး၊ တိုက်ကွန်ဒို အာခီဒို အဲဒါတွေခင်ဗျားတို့ သိလား၊ တတ်လား၊ သင်ဖူးလား'

ထိုလူများ မျက်လုံးပြူးမျက်ဆံပြူးဖြင့်...

'မင်း...မင်းက အဲဒါတွေ အကုန်လုံးကိုတတ်... တတ်လို့လား'

'ဟင့်အင်း... တစ်ခုမှမတတ်ဘူး...ဒါပေမဲ့...'

'ဒါပေမဲ့...ဘာဖြစ်လဲ'

'ကရာတေးကိုတော့...ကျုပ်ခါးပတ်နက်ထိ သင်ဖူးတယ်'

အကုန်လုံး တွန့်ခနဲ ဖြစ်သွားကြသည်။ နေရဲသစ်လည်း သက်ပြင်းချမိသည်။ အဘယ့်ကြောင့်ဆိုသော် သူမျှော်နေတဲ့ ဝိတ်ပေါက်ကြီး တင်ကို ကိုလတ် လမ်းလျှောက်လာသည်ကို တွေ့လိုက်ရပြီလေ။ အမှန်တော့ နေရဲသစ်တတ်သည်ဆိုသည့် ကရာတေးမှာ နည်းနည်းပါ။ ထိုမတော်တဆခေါက်ပညာလေးဖြင့် ဒီလူကြမ်းရုပ်ပေါက်နေသောငတိတွေကို ရင်ဆိုင်လျှင် ခံရမည်က ကြိမ်းသေသည်။

ထို့ကြောင့် ဟိုပြောဒီဖြောဖြင့် တင်ကိုကိုလတ်လာသည်အထိ အချိန်ဆွဲနေခြင်းသာဖြစ်သည်။ တင်ကိုကိုလတ်က နဝေတိမ်တောင်ခြေအနားသို့ ရောက်လာမည့်အချိန်တွင် နေရဲသစ်က အသံကျယ်ကျယ်ဖြင့်...

'ဟာ...တပည့်ကြီး'

တင်ကိုကိုလတ်မျက်နှာကြီး အိလည်လည်ဖြစ်သွားသည်။

ဟိုလူများကိုလည်း ထိုရှဲ့မဲ့သောရုပ်ကြီးဖြင့် ကြည့်လိုက်ရာ ထိုလူများလန့်သွားပြီး နောက်သို့ ခြေတစ်လှမ်းခန့်ဆုတ်သွားကြ၏။ ထိုအခါ နေရဲသစ်ဘက်သို့ လှည့်၍...

'မင်း စာထဲမှာရေးထားတာကယ်လား'

'တကယ်ပေါ့ဗျ'

'ဒါဆိုလည်းငါ့ကို တပည့်ကြီးလို့ မခေါ်နဲ့တော့လေကွာ'

'အဲဒါဆိုရင် ခင်ဗျားခု ကျုပ်ဖြစ်နေတဲ့ ပြဿနာကို ဝင်ကူညီမှာမဟုတ်ဘူးပေါ့'

'မင်းက ဘာဖြစ်နေတာတုန်း'

'ရန်ဖြစ်နေတာ'

'ဟေ...'

တင်ကိုကိုလတ်မှာ နွေခေါင်ခေါင်မိုးကြိုးပစ်တာ လှမ်းတွေ့လိုက်သလို တုန်လှုပ်သွား၏။ လေသံကို နှိမ့်၍...

'ဟာ...ဒါ...ဒါဆိုရင် ငါ...ငါနဲ့မ...မဖြစ်ပါဘူးကွာ'

'ဘာလဲဗျ...ခင်ဗျားက ကြောက်လို့လား'

'အဟင်း...အင်း...'

'ကျုတ်...ခင်ဗျားဗျာ...ကိုယ့်ဗလမှအားမနာ'

'ငါ...ငါက ဗလသာကြီးတာ...အသည်းက ငယ်တယ်ကွ...အဟင်း...'

နေရဲသစ် စိတ်လေသွားမိသည်။ သူ့အားကိုးပြီး ပြဿနာကို အညှာတည့်ရင်ဆိုင်ကာမှ အသဲကငယ်တယ်ဆိုတော့ ဒုက္ခပေါ့။

သို့သော် မထူးတော့မည့်အတူတူ လေသံကို နှိမ့်၍...

'ဒါဆိုရင် ဒီလိုလုပ်ဗျာ...သူတို့က ခင်ဗျားဗလကြီးကိုကြည့်ပြီး ရိုင်းနေကြတာဗျ...အဲဒီအရိုင်းကိုထိန်းပြီး ရုပ်တည်ကြီးနဲ့ပဲ ဝိတ်ဟောက်ဗျာ...ဒါဆိုရင် ဒီလူတွေလန့်ပြီး ထွက်သွားကြလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

'မလန့်တဲ့အပြင် ငါ့ကိုဒေါသထွက်ပြီး ဝိုင်းထိုးရင် ဘယ်လိုလုပ်မလဲကွ'

'ခင်ဗျားက်လည်းဗျာ...ဒုက္ခပါပဲ'

'သူတို့ရုပ်တွေက တကယ်လုပ်မဲ့ရုပ်ကြီးတွေကွ'

စိတ်လေရပါသည်။ ခုချိန်မှတော့ နောက်ဆုတ်လို့လည်း မရတော့... ထို့ကြောင့်...

'ခင်ဗျား ကျုပ်ကို တသက်လုံးဆရာသိပ်တင်ချင်နေတယ်ပေါ့လေ'

'အာ...ဘာ...ဘာလို့တင်ချင်ရမှာလဲ'

'ဒါဆိုရင်...ပါးစပ်လေးနဲ့ ဖိန့်ဖိန့်လောက်တော့ လုပ်ရဲရမှာပေါ့ဗျ'

တင်ကိုကိုလတ် စဉ်းစားရကြပ်နေ၏။ သူခဗျာ နေရဲသစ်ကို တစ်သက်လုံးလည်း ဆရာမခေါ်ချင်...သိတယ်မဟုတ်လား နေရဲသစ်ခို့တဲ့ကောင်က တွေ့မရှောင် တပည့်ကြီး... တပည့်ကြီးနဲ့ အော်ကြီးဟစ်ကျယ်လုပ်မဲ့ကောင်...ခု... ဆရာမခေါ်ရတော့မယ့်အခွင့်အရေးပေါ်လာပြန်တော့လည်း အသားနားမဲ့ကိန်းက ဆိုက်နေပြန်၏။

နောက်တော့ နေရဲသစ်အား မရဲတရဲလေသံဖြင့်...

'မင်း...မင်းပြောတာ သေချာလား'

'ဘာကိုလဲဗျ'

'ငါ...ငါ ပါးစပ်လေးနဲ့ ပြောယုံနဲ့ ဟိုလူတွေထွက်ပြေးမယ်ဆိုတာလေ'

'သေချာပါတယ်ဗျ ခုတောင် ခင်ဗျားကို လန့်နေပုံပဲ...မတွေ့ဘူးလား'

'ပြီး...ပြီးတော့...ဒီကိစ္စပြီးရင်...မင်းနဲ့ ငါနဲ့ ဆရာတပည့် မဟုတ်တော့ဘူးဆိုတာ သေချာလား'

'သေချာပါတယ်ဆိုဗျာ'

တင်ကိုကိုလတ် တံတွေးကို ဂလုခနဲမြိုချ၍...

'ဒါ...ဒါဆိုရင်...ငါ...ငါ သဘောတူတယ်'

နေရဲသစ် သက်ပြင်းကို ဟင်းခနဲချမိသည်။

'ကဲဗျာ...လာ...ဒါဆိုလည်း သွားရအောင်'

ထိုသို့ပြောပြီး နေရဲသစ်ရှေ့မှ လျှောက်သည်။ ထို့ကြောင့် ဝိတ်ပေါ်တင်ကိုကိုလတ်မှာ နောက်မှလိုက်ရတော့သည်။ ဟိုလူတွေပုံစံကတော့ ထမပိုင်းရိုက်မယ်...ခွဲမယ်ဆိုသည့်ရုပ်ပျောက်၍ တုန်ချိတုန်ချိ ဖြစ်နေကြသည်။

ဖြစ်လည်း ဖြစ်ချင်စရာ။ နေရဲသစ်ဘက်မှ ကျားကိုးစီးစား၍ ခကုန်နိုင်သော ခန္ဓာကိုယ်ကြီးနှင့် တင်ကိုကိုလတ်ရောက်လာသည့်အပြင် ဦးတင်ကိုကိုလတ်ကိုတောင် နေရဲသစ်က တပည့်ကြီးလို့ ဝိတ်ခေါ်လိုက်ဆော့ 'ဘာလဲ'ပေါ့။

နေရဲသစ်က ထိုလူတွေအနားသို့ရောက်သောအခါ တင်ကိုကိုလတ်အားမသိမသာဖြင့် မျက်ရိပ်လှမ်းပြလိုက်သည်။ ထို့ကြောင့် တင်ကိုကိုလတ်က စိတ်ကို ဒုံးဒုံးချ၍ လေသံတုန်တုန်ဖြင့်...

'မင်း...မင်းတို့ ဘာကောင်တွေလဲ...'

လေသံကတုန်နေသော်လည်း မောင်းကွဲသံနှင့် သိပ်မခြားနားသဖြင့် ဟိုလူတွေ တုန်ခနဲဖြစ်သွားပြီး လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြ၏။

'ဟို...ဟိုလေ...ကျွန်...ကျွန်တော်တို့က...'

နေရဲသစ်ကဝင်...တင်ကိုကိုလတ်အား မေးငေါ့ပြရင်း...

'သူကို ဘယ်သူလို့ ခင်ဗျားတို့ ထင်လို့လဲ'

'ဘယ်...ဘယ်သူလဲဟင်'

'သူက ဝမ်ချိုင်းကို လက်ဝှေ့သင်ပေးတဲ့ ဆရာ'

'ဗုဒ္ဓေါ...'

www.burmeseclassic.com

www.burmeseclassic.com

ထိုလူတွေ အကုန်လုံးမျက်လုံးပြူးပြီး ဘုရားတကုန်၏။ နေရဲသစ်က ဆက်၍...

'ပြီးတော့ ကျုပ်ရဲ့တပည့်အရင်း'

နဝေတိမ်တောင်တွေ ဖြစ်ကုန်ကြ၏။ တင်ကိုကိုလတ်လည်း အီလည်လည်ဖြစ်သွားသည်။

'ခ...ခုနကပြောတော့ ဝမ်ချိုင်းရဲ့ ဆရာဆို...'

'ဟုတ်တယ်လေ...သူဝမ်ချိုင်းကို ပညာသင်ပေးဖို့ဆိုတာက ကျုပ်သူ့ကို အရင်သင်ပေးလို့ဖြစ်လာတာတွေ'

'မင်းပြောတော့်...မင်းက ကရာတေးပဲတတ်တာဆို'

ထိုလူတွေ တော်တော်ကြီးကို စိတ်ဓာတ်ကျသွားပုံရသည်။ သူတို့ရင်ဆိုင်နေရတဲ့လူတွေက ဧရာမရဲ့ ဧရာမကြီးတွေဖြစ်နေတာကိုး၊ နေရဲသစ်က တင်ကိုကိုလတ်ဘက်သို့လှည့်၍...

'ကဲ...တပည့်ကြီး ဆရာပြောတာတွေ ဟုတ်ကြောင်း ဒီလူတွေကို ပြောပြလိုက်ပါဦး'

တင်ကိုကိုလတ် အီလည်လည်လေသံတုန်တုန်ဖြင့်...

'ဟုတ်...ဟုတ်တယ်...ငါ့ဆရာပြောတာတွေ အကုန်အမှန်ချည်းပဲ'

လေသံက တော်တော်ကြီးကို တုန်နေသဖြင့် နေရဲသစ်က ဝင်၍...

'တွေ့လား...ကျုပ်တပည့်လေသံတွေတောင် တုန်နေပြီ...အဲဒါဘာကြောင့်လို့ ခင်ဗျားတို့ထင်လဲ'

ထိုသို့မေးလိုက်ရာ ထိုလူတွေက မရဲတရဲလေသံဖြင့်...

'ဟို...ဟို...ကြောက်...ကြောက်လို့လားဟင်'

'အာ...ဘယ်ကလာ...သူက ဒေါသထွက်လို့ လူတစ်ယောက်ကို ချိုးချင်ဖဲ့ချင်လာပြီဆိုရင် ဒီလိုပဲ အသံတွေက တုန်တုန်တက်လာရော'

'ဟင်...ဒီလိုကြီးလား'

ထိုလူတွေပြောပြောဆိုဆို လက်တွေကိုယ်စီနောက်သို့ ဖွက်လိုက်ကြသည်။

နေရဲသစ်က လေသံကို မြှင့်၍...

'ကဲ...ခု တပည့်ကြီးနဲ့ ယှဉ်ချင်တဲ့လူရှိရင်ထွက်ခဲ့...သူကတော့ လက်တွေခြေတွေကို အရမ်းချိုးချင်ဖဲ့ချင်နေပြီ'

ထိုသို့ပြောလိုက်ရာ...ထိုလူတွေတစ်ယောက် မျက်နှာတစ်ယောက် အရင်ကြည့်သည်။ ပြီးတော့ ခေါင်းကို ခပ်သွက်သွက်ခါပြီး...

'ဟင့်အင်း...ဟင့်အင်း ယှဉ်ရဲပါဘူး'

တင်ကိုကိုလတ်ကတော့ တစ်ကိုယ်လုံးမှာ ဒူးခေါင်းကလွဲ၍ ကျန်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းတွေ အားလုံးအငြိမ်...ထို့ကြောင့်...

'ဟော...တွေ့လား...ကျုပ်တပည့်က ဒူးခေါင်းတွေတောင် ဘုန်းလာပြီ...ဒါကပိုပြီးတိုက်လိုခိုက်လိုစိတ်ပြင်းထန်လာတဲ့သဘောပဲ...ဒီတော့...ခင်ဗျားတို့ တစ်ယောက်ချင်းတင်မဟုတ်ဘူး...အကုန်လုံးပါ တပြိုင်နက်သွင်လို့ရတယ်'

တင်ကိုကိုလတ်၏ ဒူးရိုက်ချက်က တခွပ်ခွပ်ဖြင့်ပင် မြည်လာ၏။ ဒါပေမဲ့ ဟိုင်တိတွေကတော့ အသားကုန်ကို ကြောက်လန့်ကုန်ကြပါပြီ။ ဘုဖတ်ဖြူရော်မျက်နှာတွေဖြင့်...

'ဟို...ဟိုလေ...ကျွန်...ကျွန်တော်တို့...ဘယ်လိုပြောရမလဲဆိုတော့...ဒီ...ဒီကနောင်ကြီးတို့ကို...အဟင်း...'

'ဘာလဲ...မယုဉ်ရဲတော့ဘူးလား'

'ဟုတ်...ဟုတ်ပါတယ်'

'ဒါဆိုရင်...ခင်ဗျားတို့ဆရာဆိုတဲ့လူကို ရှေ့ကိုပို့လိုက်'

'ခင်ဗျာ...'

'ခင်ဗျားတို့ဆရာကို ရှေ့ကိုပို့လိုက်လို့ပြောနေတာ နားမကြားကြဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

တင်ကိုကိုလတ်မျက်မှောင်ကျုံ့၍...

'နေပါဦး...မင်းက ဘာဂိတ်မှုးတုန်း'

'ဆိုက်ကားဂိတ်မှုးပါခင်ဗျ...ကျွန်တော့်တပည့်တွေဆိုတာလည်း ဆိုက်ကားသမားတွေပါခင်ဗျ'

ထိုသို့ပြောလိုက်ခြင်းကြောင့် နေရဲသစ်တို့နှစ်ယောက် ဝိုးတဝါးသိသိသာသာသန်တွေဖြစ်ကုန်ကြတော့သည်။ ဒါကြောင့် ရုပ်ကြွမ်းကြီးတွေဖြစ်နေတာ...နေရဲသစ်က...

'နေပါဦး...ခင်ဗျားတို့က ဆိုက်ကားသမားတွေဖြစ်ပြီး ဘာကြောင့် ကျုပ်ကို ရိုက်ချင်ရတာလဲ'

'အဲ...အဲ ဒါက လူတစ်ယောက်က ပိုက်ဆံပေးပြီး နိုင်းလိုက်ဆို့ပါ'

'အဲဒီလူနံမည်က ဘယ်သူလဲ...'

'ကိုမင်းခန့်ဆိုလားပဲ...'

နေရဲသစ်မျက်နှာဝင်းခနဲဖြစ်သွားသည်။ ဒါကို ဆိုက်ကားသမားကစစ်မျိုးထင်သွားပြီး ကြောက်ကြောက်လန့်လန့်ဖြင့်...

'ကျွန်...ကျွန်တော်တို့ကို ဘာမှမလုပ်ကြပါနဲ့ဗျာ...ကျွန်တော်တို့က ရိုးရိုးသားသားဆိုက်ကားနင်းစားတဲ့လူတွေပါ...အခုဟာက ဆိုက်ကားဆွဲမကောင်းတဲ့အချိန်မှာ...ဒီကိုမင်းခန့်ဆိုတဲ့လူကလည်း ပိုက်ဆံနဲ့မြှီးမြှက်မြှက်ပေးပြီး လာနိုင်းတော့ ကြံမိကြံရာ...ကြံမိကြတာပါ ခင်ဗျာ'

ဒါကိုကျွန်သည့်လူများကပါ မျက်နှာငယ်လေးတွေဖြင့်...

'ဟုတ်ပါတယ်ဗျာ...မလိမ်တစ်ခါမိုက်လေးတွေကို ခွင့်လွှတ်ပေးပါနော်'

နေရဲသစ် သက်ပြင်းချ၍...တင်ကိုကိုလတ်အား...

'ကဲ...သူတို့သွားပါစေတော့ဗျာ'

ဟုပြောလိုက်သဖြင့် တင်ကိုကိုလတ်လွှတ်ပေးလိုက်ရာ ငွေတွေ

ထိုသို့နေရဲသစ်က ခပ်ဆတ်ဆတ်လေးပြောလိုက်ရာ... ကဗျာကယာဖြင့် သူတို့၏ဆရာဆိုသူအား...အတင်းလက်ဆွဲကာ ရှေ့သို့ ခေါ်လာသည်။ ထိုလူမှာ ယက်ကန်ယက်ကန်ဖြင့် ရဲသစ်တို့ရှေ့သို့ ရောက်သောအခါ အသက်မှ ပါမှပါလာပါ့မလားဟု ထင်မှတ်ရလောက်အောင် မျက်နှာမှာ ဖွေးဖွေးဖြူနေ၏။ ငိုသံပါကြီးဖြင့်...

'မလုပ်ပါနဲ့ ဆရာလေးတို့ရယ်...မလုပ်ကြပါနဲ့'

'နေပါဦး...ကျုပ်တို့က ခင်ဗျားကို ဘာလုပ်သေးလို့ တားနေရတာလဲ'

'အခုမလုပ်လည်း ခဏနေရင်လုပ်တော့မှာ မဟုတ်လား...ဒါကြောင့်ကြိုပြီးတောင်းပန်ထားတာပါဗျာ...ကျွန်တော်မှာ ကလေးသုံးယောက်ရှိပြီး အမေအိုကြီးကို လုပ်ကျွေးနေတဲ့သူပါ...ဘာမှမလုပ်ကြပါနဲ့နော်'

'အောင်မာ...ခုမှ ဒါတွေလာပြောနေတယ် ခုနကတော့ ကျုပ်ဇာတ်တော့မလိုလို ဘာလိုလိုအပေါက်နဲ့ ဟွန်း...'

'အဲ...အဲဒါက ပါးစပ်ထဲရှိတာလျှောက်ပြောလိုက်တာပါ...တကယ်တမ်းကျတော့ လက်ဖျားနဲ့တောင် မတို့ရဲပါဘူး...အဟင့်...'

'ဟွန်း...တော်တော်ဟုတ်တဲ့လူ'

'ဟုတ်ပါတယ် ဆရာလေးတို့ရယ်...အကြောင်းမသိလို့ ပါးစပ်ကလေးနဲ့ စော်ကားမိလိုက်တာကို ခွင့်လွှတ်ပေးပါနော်'

ရာသီဥတုက ကိုယ့်ဘက်ကို လုံးလုံးရောက်သွားပြီ။ ဒါကို စာနဲ့ပေနဲ့ နီးနီးကပ်ကပ်ရှိသော တင်ကိုကိုတလ်က သဘောပေါက်သွားပြီး စိတ်ဓာတ်တွေမြင့်တက်လာကာ ထိုလူအားဂုတ်ကိုကိုင်၍ အားအင်အပြည့်ဖြင့် ဆွဲမြှောက်ကာ...

'ဟေ့ကောင်...ခုမှလာငိုပြမနေနဲ့ မင်းဘာကောင်လဲပြောစမ်း'

'ကျွန်...ကျွန်တော်...ဂိတ်မှုးပါခင်ဗျ'

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

'မင်းနဲ့...ကိုမင်းခန့်က ဘယ်လိုပတ်သက်သလဲ ယမုံ...'

ယမုံအံ့သြသင့်သွားဟန်ဖြင့် နေရဲသစ်အား ဖြတ်ခနဲလှမ်းကြည့်သည်။ နေရဲသစ်၏ ခိုင်မြဲလှသောသွင်ပြင်ကို တွေ့မြင်ခြင်းကြောင့် ငြင်း၍ သူးတော့မည်မဟုတ်မှန်း ရိပ်မိသွားပြီး ဟက်ခနဲတစ်ချက်ရယ်၍...

'အင်း...အသိတွေဆိုပါတော့'

'ကိုမင်းခန့် ဝင့်ဝါနားရောက်နေတာဟာ သူ့သဘောနဲ့သူ မဟုတ်ဘဲ မင်းရဲ့ယောဂကြောင့်ဆိုရင် မင်း...ငြင်းမလား'

'နှစ်ခုစလုံးကြောင့်ပဲ'

'ဟာ'

နေရဲသစ်တော်တော်စိတ်ပျက်မိသွားသည်။

'မင်း...မင်းကွာ...တော်တော်ယုတ်မာလှချည်လား...မင်းခန့်ဆိုတာ ဘယ်လိုကောင်လဲ မင်းကပိုသိရက်သားနဲ့'

ယမုံစွေ့စွေ့ခုန်သွားသည်။

'နေရဲသစ်...ယူ ဘာစကားပြောတာလဲ'

'ကြားတဲ့အတိုင်းပဲ'

'တောက်...'

မှုန်နေအောင်လစ်ကြလေတော့သည်။ ထိုအခါတင်ကိုကိုလတ်က မရဲတရဲလေသံဖြင့်...

'နေရဲသစ်...ခုချိန်ကစပြီး မင်းနဲ့ငါနဲ့ ဆရာတပည့်တွေ မဟုတ်တော့ဘူးနော်'

'အင်း...'

တင်ကိုကိုသက်ပြင်းကို ရှူးခနဲချပြီး...

'ဒါနဲ့...မင်းနဲ့ ကို...ကိုမင်းခန့်ဆိုတဲ့လူက ရန်ငြိုးရှိလို့လား'

'ဆိုပါတော့...ဒါပေမဲ့ ဒီလူကျုပ်ဒီကျောင်းမှာ တက်နေတာကို မသိဘူးဗျ'

'တစ်ယောက်...ယောက်ဆီက သိမှာပေါ့ကွာ'

နေရဲသစ် မျက်မှောင်ကုန့်၍ အကာန်ကြားစဉ်းစားပြီး အဖြေရသွားဟန်ဖြင့်...

'ဟုတ်ပြီ...အဲဒီတစ်ယောက်က ဘယ်သူဖြစ်မလဲဆိုတာ ကျုပ်ရိပ်မိပြီ...'

ဟုဆိုပြီး တင်ကိုကိုလတ်အနားမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

'မင်းနဲ့ ဝင့်ဝါကြားထဲက ပြဿနာက ဘာမှကိုမဟုတ်ဘူး...ဒါကြ
မင်းက အငြိုးတကြီးနဲ့ ကိုမင်းခန့်ဆိုတဲ့လူယုတ်မာကို အသုံးချတယ်ခ
တော့...မင်းတော်တော်မကောင်းတဲ့မိန်းမပဲ'

'ယူ့စကားတွေ လွန်နေပြီနော်'

'လွန်တော့ ဘာဖြစ်လဲကွာ'

နေရဲသစ်တော်တော်ကို ဒေါသထွက်နေပါပြီ။ နဂိုဆတ်ဆတ်ခ
မခံတတ်သော ယမုံကတော့ ပြောရှိမနေနဲ့တော့...

'ယူ...ယူ့ကို တို့...ခင်မင်ခဲ့တဲ့သံယောဇဉ်နဲ့ဖို့ ဒီလောက်အ
သည်းခံနေတာကို အဟုတ်ကြီးထင်မနေနဲ့နော်'

'သွားစမ်းပါကွာ...မင်းကိုငါသတိပေးလိုက်မယ်...ဒီနေ့ ဒီအခ်
ကစပြီး ဝင့်ဝါကို နောင့်ယှက်ဖို့ လုံးဝမကြိုးစားနဲ့တော့'

'ယူ...အမိန့်အတိုင်း တို့က လိုက်လုပ်စရာလား'

'အဲဒါကတော့...မင်းသဘောပဲ...ဒီမှာ မင်းကိုသိသွားအော်
ငါတစ်ခုတော့ပြောလိုက်မယ်...အဲဒါက နေရဲသစ်ဆိုတဲ့ကောင်က ဝင့်ဝ
ပတ်သက်လာရင် ဘယ်အရာနဲ့မဆို လဲရဲတယ်ဆိုတာပဲ'

ယမုံ နေရဲသစ်ကို ရွားစိုက်ကြည့်သည်။ ပြီးနောက် ကောက်ကျ
စွာ တစ်ချက်ပြုံးရှ ချာခနဲလှည့်ထွက်သွားသည်။

ဒီမှာတင် သံယောဇဉ်ကြိုးတစ်ချောင်းက ထောင်းခနဲ နေအော
ပြတ်သွားလေသည်။

၄င်းသံယောဇဉ်နေရာတွင် အမုန်းတရားနှင့်
လက်စားချေခြင်းတို့က အစားထိုးဝင်ရောက်လာသောအခါ...

❖ ❖ ❖

ဒီနေ့ ဝင့်ဝါကျောင်းမတက်ခြင်းကြောင့် မိုးမိုးတစ်ယောက်တည်
ယောင်ချာချာဖြစ်နေသည်။

'မိုးမိုး...ဟေ့...မိုးမိုး...'

နောက်ဖက်မှ ကိုယ့်နံမည်ကို ခေါ်သံကြောင့် လှည့်ကြည့်မိလိုက်
သောအခါ မိုးမိုးအံ့အားသင့်သွားမိ၏။ ကိုယ့်ကိုခေါ်လိုက်သူက ယမုံကိုး...
ယမုံက အပြုံးလက်လက်ဖြင့်...

'ဘာလဲ...အံ့သြနေတာလား'

'ဪ...ဒီလိုလည်း မဟုတ်ပါဘူး'

'တို့...မိုးမိုးဆီက အကူအညီတစ်ခုတောင်းစရာ ရှိလို့ပါ'

မိုးမိုးမျက်မှောင်ကျုံ့၍...

'ဘာများပါလိမ့်'

'တခြားတော့မဟုတ်ပါဘူး...တို့ဟိုတစ်ရက်က ကျောင်းမတက်
ဖြစ်ဘူးလေ...အဲဒါလွတ်သွားတဲ့စာတွေကို ပြန်ကူးချင်လို့ မိုးမိုးဆီကစာအုပ်
ခဏငှားမလို့ပါ'

'ဪ...'

အကြောင်းအရာက ထူးဆန်းခြင်းတော့မရှိပါ။ ဒါပေမဲ့ ယမုံဆို
တာက ကိုယ်နှင့်မခင်မင်တဲ့အပြင် သူငယ်ချင်းဖြစ်သူဝင့်ဝါနဲ့ပါ ဟိုတလော
က ပြဿနာတက်ထားသေးတော့ နည်းနည်းတော့တစ်မျိုးဖြစ်နေသည်။
ဒါကို လှစ်နေအောင်ပါးသော ယမုံက ရိုပ်မိဟန်ဖြင့် ခပ်ရွင်ရွင်ကလေး
ပြုံးကာ...

'အဟင်း...ဟင်း...မိုးမိုးစိတ်ထဲမှာ တို့ကို တစ်မျိုးထင်နေတယ်
နဲ့တူတယ်...အင်း...ထင်မယ်ဆိုလည်း ထင်လောက်ပါတယ်လေ...တို့နဲ့
မိုးမိုးက မရင်းနှီးတဲ့အပြင် ဟိုတစ်ယောက်နဲ့ပါ ပြဿနာဖြစ်ထားသေး
တာကိုး'

ဟိုတစ်ယောက်ဆိုတာ ဝင့်ဝါကိုပြောမှန်း မိုးမိုးရိပ်မိပါသည်။
ယမုံကဆက်၍...

'ခုလည်း မိုးမိုးဆီက စာအုပ်ငှားဖို့ဆိုတာ အကြောင်းပြချက်
တစ်ခုပါ...တကယ့်အကြောင်းက မိုးမိုးတို့နဲ့ ရင်းနှီးချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

မိုးမိုးမျက်လုံးလေးဝိုင်းသွားသည်။

'ရင်းနှီးချင်တယ် ဟုတ်လား...'

'အင်း...'

'ဘာကြောင့်လဲဆိုတာ သိခွင့်ရမလား'

'ပွင့်ပွင့်လင်းလင်းပြောရရင် တို့မှာက ရင်းနှီးတဲ့အပေါင်းအသင်းတစ်ယောက်မှမရှိခဲ့ဘူးလေ...တို့လည်းလူထဲက လူတစ်ယောက်ဆိုတော့ ရင်းနှီးတဲ့သူငယ်ချင်းအပေါင်းအသင်းကို အရမ်းလိုချင်နေခဲ့ပေမယ့် မရခဲ့ဘူး...ကိုယ်မရတော့ သူများတကာရင်းနှီးတဲ့သူတွေကိုကြည့်ပြီး အားကျနေခဲ့ရတာပေါ့...အဲဒီမှာ မိုးမိုးနဲ့ဝင့်ဝါတို့ သူငယ်ချင်းနှစ်ယောက်ကိုကြည့်ပြီး တို့အားအကျဆုံးပဲသိလား...ဒါပေမဲ့ တို့အားကျနေတဲ့သူတွေနဲ့မှ တို့က မထင်မှတ်ဘဲ ပြဿနာတက်မိတယ်လေ...ဒါကြောင့် အဲဒီကိစ္စကို ပြန်တောင်းပန်ရင်းနဲ့ တစ်ခါတည်းရင်းနှီးခွင့်တောင်းရတာပါ...'

မိုးမိုးသည် မြန်မာလူမျိုးဖြစ်သည်။ ထို့ပြင် မိန်းကလေးတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် နူးညံ့သောစိတ်ထားရှိသူပီပီ ယမုံ၏စကားလုံးများအပေါ် အပြည့်အဝယုံကြည်မိသွားပြီး လှိုက်လှိုက်လဲလဲပင် သူငယ်ချင်းအဖြစ် လက်ခံလိုက်လေသည်။

ထို့နောက်တော့ ထိုနေ့တစ်နေ့လုံး မိုးမိုးနှင့် ယမုံတို့ ခြေရွှမ်းကြတော့သည်။ ကျောင်းဆင်းတော့ အအေးသောက်သည်။ ပြီးတော့ မြို့ထဲသို့သွား၍ ရုပ်ရှင်ကြည့်သည်။ ဈေးဝယ်စင်တာတွေကို အားရပါးရပတ်သည်။ စကားတွေဖောင်လောက်အောင်ပြောသည်။ မောလာသောအခါ ဝက်သားတုတ်ထိုးဆိုင်တွင် အပန်းဖြေလိုက်ကြသည်။

အပြန်လမ်းတွင် ယမုံ၏ကားပေါ်၌ မိုးမိုးအခန့်သားလိုက်ပါလာစဉ် ယမုံက ကားမောင်းလျက်မှပင်...

'မိုးမိုး... တို့ကို တကယ်ရောခင်ရဲ့လားဟင်...'

'ဘယ်လိုပြောလိုက်တာလဲ...ယမုံရယ် ခင်တာပေါ့'

ထိုစကားကိုမိုးမိုးပြီးစလွယ်ပြောလိုက်ခြင်း မဟုတ်ပါ...ရင်ထဲမှ နှစ်နှစ်ကာကာပင်ပြောလိုက်မိခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်...ယမုံအား ပထမတုန်းက အခြေကြီးအနေကြီးဖြင့် ဘဝင်မြင့်ကာ အောက်ခြေလွတ်နေသူဟု မိုးမိုးရော ဝင့်ဝါပါ တစ်ဖက်သတ်ယူဆထားခဲ့ကြသည်။ ယမုံရဲ့နေထိုင်ပုံက ထိုသို့ယူဆပါကလည်း ယူဆချင်စရာကိုး...နောက်တော့ ဝင့်ဝါနှင့် ပြဿနာတက်သောအခါလ ထိုအယူအဆက မိုးမိုးတို့ ရင်ထဲမှာ ခိုင်မာသွားကြသည်။

သို့ရာတွင် ယခုလိုအောက်ကျခံရင်းနှီးခွင့်တောင်းလာသည့် အပြင် ဒီနေ့တစ်နေ့လုံး ယမုံက သူမကားပေါ်သို့ မိုးမိုးကိုတင်ဆောင်၍ မိုးမိုးသွားလိုရာနေရာမှန်သမျှကို စိတ်ရှည်လက်ရှည်လိုက်ပို့ပေးသည့်အပြင် စားခြင်းသောက်ခြင်းအားလုံးကိုလည်း သူပဲလိုက်ရှင်းသည်။ တစ်ချက်ကလေးမျှမငြီး...မိုးမိုးသဘော...မိုးမိုးသဘောနဲ့ကိုဖြစ်နေ၏။ 'ထိုမျှအထိသဘောကောင်းနေခြင်းကြောင့် မိုးမိုးဆိုသော ငတိမ ယမုံအား မခင်ဘဲ ဘယ်နေနိုင်ပါတော့မည်နည်း။

ယမုံက မရဲတရဲလေသံဖြင့်...

'ဟိုလေ...မိုးမိုးအတိုင်း ဝင့်ဝါဆိုတဲ့တစ်ယောက်ရောတို့ကို ခင်နိုင်ပါ့မလားဟင်'

မိုးမိုးတခစ်ခစ်ရယ်၍...

'ပူမနေစမ်းပါနဲ့ ယမုံရယ်...ဝင့်ဝါက တို့ထက်တောင်ပိုပြီးမှားလည်မှုရှိပြီး သဘောကောင်းသေးတယ်'

'အဟင်း...တော်သေးတာပေါ့'

ယမုံက ခဏမျှငြိမ်နေသည်...ပြီးမှ...

'ဒါနဲ့ တို့သတိထားမိနေတာကြာပြီ...ဝင့်ဝါနဲ့တွဲတွဲပြီးတွေ့နေတဲ့ တစ်ယောက်က သူရည်စားလားဟင်'

'ယမုံပြောတာ ကိုမင်းခန့်ကိုထင်တယ်...အလကားပါ ဘာမှမဆိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို ရှင်ညည့်တာပေါ့'

'မင်း...စကားပြောတာ...ဆင်ခြင်ပါ'

'ဟုတ်ပါပြီ...ဟုတ်ပါပြီ...ဒါဆိုရင်...ရှင်က ဝင့်ဝါကိစ္စကို လက်ရှောင်လိုက်ပြီပေါ့လေ'

'အင်း... ဆိုပါတော့... ပြီးတော့...နေရဲသစ်ဆိုတဲ့ကောင်က သည်း... ငါဝင့်ဝါကို လက်မရှောင်ရင် ငါ့ခွင်တွေကို လိုက်ဖွဲမဲ့ အနေအထားဆိုတော့...'

ယမုံမျက်နှာတည်ခနဲဖြစ်သွားပြီး...

'ရှင့်ကို...ကျွန်မတစ်ခုလောက်မေးမယ်...ရှင့်မမကြီးတွေနဲ့ ဝင့်ဝါကို လဲရဲလား'

မင်းခန့်တစ်ချက်မျှ တွေဝေသွားသေးသည်။ ပြီးမှ ဟက်ခနဲတစ် ချက်ရယ်၍...

'ဝင့်ဝါက...ငါ့ကိုမှ ပြန်မကျနိုင်တာ...လဲရဲတော့ကော ဘာထူး ခွာမို့လို့လဲ'

'ကျွန်မမေးတာသာ ဖြေစမ်းပါ...ရှင်လဲရဲလား...မလဲရဲဘူးလား'

ဝင့်ဝါ၏ ဖူးညွန့်နေသောပုံစံလေးကို ပြန်မြင်ယောင်လိုက်ပြီး...

'တကယ်တမ်း...ရမယ်ဆိုရင်တော့ လဲရဲတာပေါ့ကွာ'

ယမုံ လက်ဖြောက်တစ်ချက်တီးလိုက်ပြီး...

'ဟုတ်ပြီ...ဒါဆိုရင် ရှင့်ဝင့်ဝါကို ကိုနိုးသေပေါက်ရနိုင်မယ့် နည်းလမ်းကို ကျွန်မပြောပြမယ်'

ဟုဆိုပြီး နှစ်ယောက်သား ခေါင်းချင်းဆိုင်လိုက်ကြသည်။

❖ ❖ ❖

'ဟင်...ဘာမှမဆိုင်ဘူးလဲပြောတယ် တတွဲတွဲနဲ့နော်'

'ဟင်း...ဟင်း...အဲဒါက အကြောင်းရှိတယ် ယမုံရဲ့'

'ဘာအကြောင်းလဲဟင် တို့ရောသိခွင့်ရှိမလား'

'တို့တွေက သူငယ်ချင်းတွေဖြစ်သွားပြီပဲ သိခွင့်ရှိပါတယ်...ဒီလို ယူရဲ့...'

ဟု အစချီ၍...ဝင့်ဝါက ကိုမင်းခန့်ကို ဟန်ဆောင်တွဲနေသည့် အကြောင်းကို ယမုံအား အိပ်သွန်ဖာမှောက် ပြောပြလိုက်သည်။

အကြောင်းစုံသိသွားသောအခါ ယမုံက မိုးမိုးမြင့်အောင် တစ်ဖက် သို့လှည့်၍ ကောက်ကျစ်စွာ ပြုံးလိုက်လေသည်။

❖ ❖ ❖

'ငါ...ဒီကိစ္စကို ဆက်မလုပ်နိုင်တော့ဘူး...ယမုံ'

'ဘာကြောင့်လဲ'

'နင်သိတဲ့အတိုင်းပဲ နေရဲသစ်ဆိုတဲ့ကောင်က ကန့်လန့်ကန့်လန့် နဲ့ဟ'

ယမုံခေါင်းလေးမော့၍ တဟင်းဟင်းရယ်သည်။ ပြီးမှ...

'ဘာလဲ...ရှင်က နေရဲသစ်ကို ကြောက်နေတာလား'

ကိုမင်းခန့် မခံချင်စိတ်ဖြင့် ယမုံအား စူးခနဲကြည့်သည်။ ယမုံက ဘာလဲဆိုသည့် မထီတထီမျက်ဝန်းမျိုးဖြင့် ပြန်ကြည့်သောအခါ ကိုမင်းခန့် မျက်လွှာပြန်ချသွား၏။ ယမုံဆိုတာက ကိုယ့်ထက်အဆိပ်ပြင်းပြီး ကိုယ့် ထက်ကောက်ကျစ်တဲ့မိန်းမဆိုတာ သိထားတာကိုး။ ယမုံက...

'နေပါဦး...ရှင်နဲ့ ဝင့်ဝါအခြေအနေက ဘယ်လိုလဲ...'

သက်ပြင်းချ၍...ခေါင်းခါကာ...

'ဝင့်ဝါက ထင်သလောက်မလွယ်ဘူးဖြစ်နေတယ်...ငါ့ကို အပြတ် ကြီးမငြင်းပေမယ့်...ခန့်မှန်းရသလောက်တော့ အဆင်ပြေမှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဝင့်ဝါမျက်နှာပေါ်တွင် စိတ်ရှုပ်သွားဟန်အထင်းသား ပေါ်လာသည်။ မတင်မကျလေသံဖြင့်...

'ဟိုလေ...အဲဒါက စဉ်းစားနေတုန်းပဲဆိုပါတော့'

မင်းခန့်က ခွင့်လွှတ်ပြုံးဖြင့် ဝင့်ဝါအား ကြည့်သည်။

'အင်း...ကိုယ်က စိတ်ရှည်ပြီးသားပါ...စိတ်ရှည်တာမှ ခုမှ မဟုတ်ဘူး...ဟိုတုန်းကတည်းကပါ'

ဝင့်ဝါ နားမလည်ဟန်ဖြင့် မင်းခန့်ကို ကြည့်သည်။ မင်းခန့်က ပြုံး၍...

'အင်း...ဝင့်ဝါနားမလည်ဘူးနဲ့တူတယ်...ဒါဆို ကိုယ်ဝင့်ဝါကို ဓာတ်လမ်းလေး တစ်ပုဒ်ပြောပြမယ် ဝင့်ဝါနားထောင်ကြည့်မလား'

ဝင့်ဝါနဂေတိမ်တောင်ဖြင့်...

'ဘာဓာတ်လမ်းလဲဟင်...'

'ဒီလိုဝင့်ဝါရဲ့...'

ဟုအစချီကာ မင်းခန့်က လံကျူပ်ပုံပြင်ကို ပြောပြလေသည်။

'လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ကိုယ်ကောင်မလေးတစ်ယောက်ကိုစပြီးတော့ စိတ်ဝင်စားမိခဲ့တယ်...ကိုယ်စိတ်ဝင်စားမိတဲ့ကောင်မလေးက အဲဒီအချိန်တုန်းက ဆယ်တန်းကျောင်းသူလေးပဲရှိသေးတယ်လေ...အရမ်းကိုငယ်နေသေးခဲ့တာပေါ့...ဒါကြောင့် ကိုယ်က သူ့ကို ဖွင့်မပြောခဲ့ရတဲ့အပြင် လူလုံးတောင်ထွက်မပြခဲ့မိဘူး...ဒါပေမဲ့ သူ့ကို အရိပ်ဓာကြည့်ကြည့်နဲ့ ကြည့်နေခဲ့ပြီး...သူလှုပ်ရှားမှုကလေးတွေကို ရုပ်ပြောင်ဓာတ်ပုံကလေးတွေနဲ့အတူ စာကြောင်းလေးတွေရေးပြီး သူ့ဆီကို အမြဲတမ်းပေးပို့ခဲ့တယ်...အဲဒါဒီနေ့ဒီအချိန်ထိ ဆိုပါတော့...ကဲ...ဒါဆိုရင် ကိုယ်ဘယ်သူလဲဆိုတာကို ဝင့်ဝါ ရိပ်မိပြီထင်တယ်...'

စိတ်လှုပ်ရှားလွန်းသောကြောင့် ဝင့်ဝါရင်ဘတ်ကလေး နိမ့်အုံခြင့်တုံဖြစ်၍နေသည်။ မျက်ရည်လဲလဲဖြင့်...

နောက်တော့ မသူတော်ချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ အားရပါးရ ရယ်လိုက်ကြလေသည်။

'ဟား...ဟား...ဟား...'

'ခစ်...ခစ်...ခစ်...'

❖ ❖ ❖

နေ့သစ်၏ရောင်နီဦးသည် ကျောင်းဝင်းအတွင်း ပိုမို၍ လွှမ်းလဲ့နေသယောင်ထင်ရသည်။ အဘယ့်ကြောင့်ဆိုသော် ကျောင်းသူ ကျောင်းသားအားလုံးလိုလို သစ်လွင်မွေးကြိုင်ကာ...လန်းဆန်းတက်ကြွနေခြင်းကြောင့်ပင်ဖြစ်သည်။

ထိုအထဲတွင် ကျောင်းသားမဟုတ်သော လူတစ်ယောက်က ပို၍ လန်းဆန်းတက်ကြွနေသည်။ ထိုသူကတော့ မင်းခန့်ဆိုသော ငတိပင်ဖြစ်နေသည်။

'ဝင့်ဝါ'

'ဩော်...ကိုမင်းခန့်...'

မင်းခန့် အပြုံးလက်လက်ဖြင့် ဝင့်ဝါရှေ့တွင် ဝင်ထိုင်သည်။ ဝင့်ဝါက...

'ကိုမင်းခန့် ပေါ်မလာတာတောင် ကြာပြီနော်'

'အလုပ်လေးတွေ ရှုပ်နေလို့ပါ'

အမှန်တော့ နေရဲသစ်ကို ကြောက်လို့မရောက်လာတာပါ...မင်းခန့် အချိန်ဆိုင်း၍ မနေတော့ပဲ...

'ဝင့်ဝါကို...ကိုယ်...ပရိုပို့ (စ်) လုပ်ထားတာကြာပြီနော်'

'အင်း...'

'အဲဒါ ကိုယ့်အတွက် အဖြေစဉ်းစားပြီးပြီလားဟင်...'

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

'ဆရာမရေ...ဆရာမရဲ့...'

နေရဲသစ်၏ပြဲလန်နေသောအသံကြောင့် ခွဲစိတ်ခန်းဆောင်ရှိ သူနာများရော လူနာရှင်များပါ နေရဲသစ်အား ပြူးတူးပြဲတဲဖြင့် ငိုင်းကြည့်ကြသည်။ ဘာဖြစ်တာလဲ...ဘာလဲပေါ့...

ခပ်ငယ်ငယ်ဆရာဝန်မလေးတစ်ယောက်က ကပျာကယာဖြင့် နေရဲသစ် ခုတင်သို့ရောက်လာပြီး...

'ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ...ရင်ဘတ်ကအောင့်နေပြန်ပြီလား...'

နေရဲသစ်ခုတင်ပေါ်တွင် ပက်လက်လှန်နေရင်းမှ ခေါင်းလေးဆောင်၍...

'ဟင့်အင်း...ခြေထောက်ညောင်းလို့...အဲဒါ လမ်းဆင်းလျှောက်သွားရမလား...'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဆရာဝန်မလေးစိတ်ရှုပ်သွားဟန်ဖြင့်...

'အရေးထဲဘာများဖြစ်လို့လဲလို့...ဟွန်း... ရှင့်တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေ ဒီလောက်ရှုပ်ရှက်ခပ်နေတာ လမ်းဆင်းလျှောက်လို့ရမလား'

'အဲ....အဲ...ဒီလူက ရှင်...တကယ်လားဟင်'

မင်းခန့် ငိုင်နိုင်စွာပြုံး၍...

'ဝင့်ဝါက ခုထိ မယုံသေးလို့လား'

'မဟုတ်ပါဘူး'

'ဒါဆို ယုံတယ်နော်'

'အင်း...'

ဝင့်ဝါ...မင်းခန့်ကိုကြည့်သည်။

ထိုအကြည့်ထဲတွင် ပါဝင်သောအရာများကို မိန်းမကျမ်းကြေးသော မင်းခန့်လွယ်ကူစွာပင် သဘောပေါက်သွားသည်။

ထို့ကြောင့် နှစ်နှစ်ခြိုက်ခြိုက်ပြုံးမိလိုက်လေသည်။

ထိုသို့သော အဖြစ်အပျက်များဖြစ်ပွားနေခြင်းကို နေရဲသစ်လုံးလုံးဝမသိပါ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် ကျောင်းမတက်ခြင်းကြောင့် ဖြစ်သည်။

နေရဲသစ်ကျောင်းမတက်ရသော အကြောင်းကတော့...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ဆရာမပြောလဲ ပြောချင်စရာပေ နေရဲသစ်လက်မှာရော... ခြေထောက်မှာပါ ဆေးသွင်းပိုက်တွေတန်းလန်းကြီး...ပြီးတော့ရင်ဘတ်မှာ တွယ်ကပ်ထားတဲ့ နှလုံးခုန်ကြိုးတွေက ပလူပျံနေ၏။ ဒါကိုငတိ ဖွဲမလျှော့ပဲ...

'လုပ်ပါ ဆရာမရယ်...ကြာရင်ကျွန်တော် ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်တော့မယ်'

'အို...မရပါဘူးဆိုမှ ဘယ်လိုဖြစ်နေတာလဲ'

ထိုအခါ ငတိက တိုက်ကွက်ပြောင်းပြန်၏။

'ကြည့်စမ်း...ခုမှသတိထားမိတယ်...ဆရာမက ဝတ်မှုန်ရွှေညို နဲ့ ရုပ်ချင်းတော်တော်ဆင်တာပဲနော်'

ထိုသို့ ပေါ်တင်ကြီးပြောလိုက်သော်လည်း...ဆရာဝန်မကလည်း လူသားမိန်းကလေးပင် ဖြစ်ခြင်းကြောင့် မြောက်သွားပါသည်။

'အဟင်း...သူငယ်ချင်းတွေကလည်း ဒီလိုပြောကြစာပါဗ်'

'ပြောရမယ်လေ...ဆရာမကလည်း တကယ်ကြီးကို ချွတ်ခြုံ ဖြစ်နေတာကိုး'

ဆရာဝန်မလေး တဟင်းဟင်းဖြင့် သဘောတွေကျနေသည်။ နေရဲသစ်က ထိုသို့ခြေယောင်ပြ အဲလေ...ပါးစပ်ယောင်ပြပြီးနောက် ...အဝိုင်ဂိုးသွင်းချလိုက်သည်။

'အဲဒါကြောင့်လေ...ကျွန်တော် လမ်းဆင်းလျှောက်ချင်လို့ ဝတ်မှုန်ရွှေရည်နဲ့ အရမ်းတူတဲ့ ဆရာမလေးက ဒါလေးတွေ ခဏဖြုတ်ပေးပါနော်'

နေရဲသစ်၏ အဝိုင်ကန်သွင်းချက်ကို ဆရာဝန်မလေး ရက်ရက်စက်စက်ပင် ပုတ်ချလိုက်၏။

'ဘာမှမဆိုင်ဘူး...မရဘူး...'

ထိုသို့ ဂိုးမဝင်ခြင်းကြောင့် ထောင့်ကန်ဘောရလိုရငြားထဲမှ စျေးဆစ်ကြည့်သေး၏။

'ဒါဆိုရင် အနိုပ်သည် ခေါ်ပေးလို့ရမလားဟင်...'

'ဒီမှာ ကိုအတွ...'

'ခင်ဗျာ...'

'ဒါဆေးရုံရှင့်...အနိုပ်ခန်းမဟုတ်ဘူး'

ခဲလေသမျှ သဲရေကျသွားပါပြီ။ ထို့ကြောင့် နေရဲသစ်ကို လျှောလိုက်ပြီး ဆရာမကို ဘုကြည့်...ကြည့်၍...

'ဒီမှာ...ဆရာမ...'

'ဘာတုန်း...'

'နောင်ဘဝမှာ ကျွန်တော်ဆရာဝန်ဖြစ်ပြီး...ဆရာမက ကျွန်တော် လူနာလာဖြစ်ရင်တော့ ဟင်း...'

'အဲဒီကျရင်...ရှင်ကကျွန်မကို ဘာလုပ်မှာလဲ'

'ခုတင်ပေါ်မှာ ကြိုးနဲ့မလှုပ်နိုင်အောင်တုပ်ပြီး ခုနစ်ရက်လောက် ထားလိုက်ဦးမယ်...ဟွန်း...'

ဆရာဝန်မလေးရယ်ချင်စိတ်ကို အောင့်ထားရသည့်ရုပ်ဖြင့်...

'ရှင်ဟာလေ...ဒါကြောင့် နှလုံးမကောင်းတာ...ဟွန့်...'

နေရဲသစ် တွန့်ခနဲဖြစ်သွားပြီး...

'ဘယ်နှလုံးကိုပြောတာလဲ ဆရာမရဲ့'

'ရှင့်ရင်ဘတ်ထဲက နှလုံးကိုပြောတာပေါ့...ဘယ်နှလုံးရှိရမှာ လဲလို့'

ထိုသို့ပြောပြီး ဆရာဝန်မလေးက နေရဲသစ်ကို မျက်စောင်းလှမ်းထိုးသည်။

'အဟီး... တော်သေးတာပေါ့...ကျွန်တော်က ဘယ်နှလုံးမှ မရှိတော့လဲလို့'

ထို့နောက်တော့ ဆရာဝန်မလေး မျက်စောင်းကြီးကြီးတစ်ချက်လှမ်းထိုးကာ နေရဲသစ်နားမှ ခြေဆောင့်၍ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

နေရဲသစ်စိတ်ပျက်စွာ ကျန်ရစ်ခဲ့သည်။ ထိုစဉ် နေရဲသစ်၏ ဖွေးသမိခင်ကျေးဇူးရှင်က မုန့်ထုပ်များကိုင်ကာ ရောက်လာပြီး...

'ဆရာဝန်တွေ လာကြည့်သေးလား...သား'

နေရဲသစ် မျက်နှာမသာမယာဖြင့်...

'လာကြည့်တယ်'

'ဟုတ်လား...ဘာပြောသွားသေးလဲ...'

'မရဘူး...တဲ့...'

နေရဲသစ်အမေ ရင်ဘတ်ကိုဖိ၍...

'ဟဲ့...ဘာမရတာလဲ'

'ဪ...သားလမ်းလျှောက်လို့ မရတာကိုပြောတာပါ'

ထိုအခါမှ ဝိုးခနဲသက်ပြင်းချ၍ နေရဲသစ်အား ဘုကြည့်ကြည့်ကာ...

'နင်ကလေစကားပြောရင် ဒီလိုချည်းပဲ...ငါ့မှာ နင့်ကိုအစားငဲ့ဖို့ နှလုံးမရတော့ဘူးထင်လိုက်လို့...လန့်သွားတာပဲ...ဟွန်း...'

'အမေတို့ အဲဒါပဲ...ထစ်ခနဲရှိ လန့်ဖို့လောက်ပဲသိတဲ့ယ်'

'ဟဲ့...နင်က ကာယကံရှင်ဖြစ်ပြီး...ကိုယ့်ကိုကိုယ် စိတ်မပူမယ့်...ငါက နင့်ကိုမွေးထားတဲ့အမေဟဲ့...စိတ်ပူတယ်...နင့်နှလုံးကို အားထိုးဖို့အလှူရှင်မပေါ်ခင် ဒီလောက်နှစ်ရှည်လများ ငါဘယ်လောက်စိတ်သောကရောက်ခဲ့ရသလဲဆိုတာကို နင်ဘယ်သိမလဲ...ဟွန်း...'

နေရဲသစ် ခေါင်းကုတ်၍...

'ဟုတ်ပါပြီ...အမေရယ်...ခုလဲ မကြာခင်အချိန်မှာ သားနင်ကို ခွဲစိတ်ပြီး အခြားအလှူရှင်ရဲ့ နှလုံးနဲ့အစားထိုးရတော့မှာ...ဒီလိုအစားထိုးပြီးရင် သားလူကောင်းပကတိဖြစ်တော့မှာ...ဘာမှစိတ်မပူနေနဲ့တော့ဟုတ်ပြီလား'

'စိတ်ပူတယ်ဟေ့...စိတ်ပူတယ်...ကိစ္စတွေ မပြီးမချင်းစိတ်ချနေရဦးမှာပဲ...ဟင်း...'

ထိုစဉ် မျိုးထူးမျက်နှာမသာမယာဖြင့် ရောက်လာသည်။

'ဟာ...မျိုးထူးလာလေ'

မျိုးထူး နေရဲသစ်၏ ခုတင်ဘေးရှိ ထိုင်ခုံတွင် ဝင်ထိုင်ရင်း...

'နေသာရဲ့လား ရဲသစ်'

'ဟ...မင်းက အပြင်ကနေလာပြီးတော့ နေသာလား...မသာဘူးလားငါ့ကို လာမေးစရာလား'

မျိုးထူးခေါင်းကုတ်၍...

'အဲဒီ နေကိုပြောတာမဟုတ်ဘူးကွ...မင်းနေထိုင်ကောင်းလားလို့မေးတာ'

'အေး...ဒါဆိုရင်တော့ မကောင်းချင်ဘူးကွ...တစ်ကိုယ်လုံးအညောင်းမိနေတယ်'

'ဪ...ဒါကတော့ကွာ...မင်းရောဂါက မထင်ရင်မထင်သလို ခုရက်ပိုင်းဖောက်...ဖောက်နေတော့...ဆရာဝန်တွေက...ခုတင်ပေါ်မှာ ငြိမ်ငြိမ်လေးနေခိုင်းတော့တာပေါ့။ ဒါနဲ့ အော်ပရေးရှင်းက ဘယ်နေ့မှာတဲ့လဲ'

'ဒီနေ့...ညနေလုပ်မယ်လို့ ပြောတာပဲ'

'ကောင်းသွားမှာပါ'

'မျှော်လင့်ရတာပဲ'

ထိုစဉ် နေရဲသစ်အမေက မျိုးထူးအား...

'အင်း...မောင်မျိုးထူးရောက်တုန်း...ယူစရာရှိတာလေးတွေ ယူဖို့အန်တီအိမ်ကို ခဏပြေးလိုက်ဦးမယ်'

ဟုပြောလိုက်သဖြင့် မျိုးထူးခေါင်းညိတ်၍...

'ရတယ်လေ...အန်တီသွား...ကျွန်တော်ဒီမှာရှိနေမှာပဲ'

ထို့နောက်တော့ မွေးသမိခင်ကျေးဇူးရှင်က သူနာရီပိုင်းလောက် သွားမည့်အရေးကို နိုင်ငံခြားသွားတော့မည့်အတိုင်း နေရဲသစ်အား ကောင်းကောင်းမွန်မွန်နေရန် ဆုံးမစကားတွေတစ်လေကြီးပေးပြီးမှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အမေဖြစ်သူထွက်သွားသောအခါ နေရဲသစ်၏ မျက်နှာဖြတ်ခဲ့တည်သွားပြီး...

'မင်း...ဘာဖြစ်လာတာလဲ မျိုးထူး'

'ဟေ...ငါ ဘာမှမဖြစ်ပါဘူးကွ'

'ငါ့ကို လာလိမ်မနေစမ်းပါနဲ့ကွာ...မင်းမျက်နှာကြည့်လိုက်တာနဲ့ တစ်ခုခုဖြစ်လာမှန်း ငါသိတယ်'

မျိုးထူး မလုံမလဲဟန်ဖြင့်...

'ဘာမှ ငါမဖြစ်ပါဘူးဆို မင်းကလဲ'

'မင်းက ဘာမှမဖြစ်ဘူးဆိုတော့ ဖြစ်နေတဲ့လူက ဝင့်ဝါလား'

ထိုသို့မေးလိုက်ရာ မျိုးထူးမျက်နှာမှာ တော်တော်ကြီးကို ပျက်ယွင်းသွား၏။ ထို့ကြောင့် နေရဲသစ် လူပ်လူပ်ရှားရှားဖြစ်သွားပြီး...

'ဟော့ကောင်...ဝင့်ဝါ တစ်ခုခု ဖြစ်နေတယ်မဟုတ်လား... ငါတို့ ပြောစမ်းပါ'

နေရဲသစ်အား ကြည့်ပြီး ဆက်လက်လိမ်ညာရန် မဖြစ်နိုင်တော့မှန်း မျိုးထူးရိပ်မိလိုက်သဖြင့် သက်ပြင်းချရင်း...

'ငါ ဒီနေ့ ဝင့်ဝါနဲ့ ကိုမင်းခန့်တို့ အတူတွဲပြီး တွေ့ခဲ့တယ် သူငယ်ချင်း'

နေရဲသစ်မျက်နှာ ဒေါသကြောင့် မာကျောသွားသည်။

'တောက်...ဒီခွေးမသား အမှတ်ကို မရှိဘူး'

မျိုးထူးစကားကို ဆက်ပြောသင့် မပြောသင့်ချိန်ဆနေသေးသည်။ ပြီးမှ...

'ဟိုကွာ...ငါဒီနေ့တွေ့တာ...အရင်တုန်းကလို ပုံစံမျိုးနဲ့ တွေ့တာ မဟုတ်ဘူးကွ...ဟိုကွာ...သူတို့နှစ်ယောက်ကို လက်ချင်းတွဲလျက်တွေ့တာ...'

နေရဲသစ် ဂုန်းခနဲဖြစ်သွားသည်။

'ဒါ...ဒါဆို သူတို့နှစ်ယောက် ကြိုက်သွားကြပြီပေါ့'

'အင်း...ဖြစ်နိုင်တယ်'

'တောက်...ငါကွာ...ဟင်း...'

နေရဲသစ်တစ်ယောက် ဆောက်တည်ရာမဲ့သွားပြီ ဖြစ်သည်။

'ဝင့်ဝါကွာ...ဒီလိုကောင်မျိုးကိုမှ...ဟား...'

ထိုသို့ပြင်ပြင်းထန်ထန်ဖြစ်ပေါ်လာသော စိတ်သောက...က ဆင်ခြင်တုံတရားကို ရပ်ပစ်လိုက်၏။ နေရဲသစ် အံကိုတင်းတင်းကြိတ်၍...

'ငါ အခုအဲဒီကို လိုက်သွားမယ်'

မျိုးထူးခေါင်းကြီးသွားသည်။

'အာ...မင်းကလည်း ဒီညနေပဲ အော်ပရေးရှင်းလုပ်တော့မယ့်ဟာ...နောက်ရက်မှ သွားရှင်းလည်းဖြစ်တာပဲ'

'နောက်ရက်တွေအထိ အဲဒီလူယုတ်မာက ဝင့်ဝါကို ချမ်းသာပေးလိမ့်မယ်လို့ မင်းထင်လို့လား'

'အဲ...အဲ...ဒါကတော့...'

နေရဲသစ် တိကျသောလေသံဖြင့်...

'ငါဆုံးဖြတ်ပြီးပြီမျိုးထူး...ငါအခုသွားမယ်'

ဟုပြောပြီး လက်တွင်ထိုးစိုက်ထားသော ဆေးသွင်းအပ်များကို ဆွဲဖြုတ်လိုက်လေတော့သည်။

ထိုအချိန်တွင်...ကျောင်းဝင်းတစ်နေရာတွင်တော့...

❖ ❖ ❖

မင်းခန့်က အန္ဓးညံ့ဆုံးလေသံဖြင့်...

'ဝင့်ဝါ'

'ရှင်'

www.burmeseclassic.com

www.burmeseclassic.com

'ကိုယ်တို့ ဒီနေ့ ရုပ်ရှင်သွားကြည့်မလားဟင်...'

ဝင့်ဝါခေါင်းငုံ့၍...

'သဘောပဲလေ'

မင်းခန့် ပြုံးသည်။ ဘေးဌ်ရှိသော မိုးမိုးကတော့ မျက်နှာရုံ့ခဲ့နေ၏။ ဝင့်ဝါက မိုးမိုးဘက်လှည့်၍...

'ဟို...မိုးမိုးပါ လိုက်ခဲ့လေ...နော်...'

ဟုပြောလိုက်ရာ မင်းခန့်က ကပျာကယာဖြင့်...

'ဟာ...ဒီတစ်ခေါက်တော့ မိုးမိုးလိုက်လို့မဖြစ်ဘူးထင်တယ်... ခုဟာက ကိုယ့်အလုပ်ကိစ္စတစ်ခုကိုပါ...ခဏာဝင်ရဦးမှာ'

ထိုသို့ပြောလိုက်သဖြင့် ဝင့်ဝါမျက်မှောင်ကျုံ့၍...

'ဘာအလုပ်ကိစ္စလဲ...ဘယ်ကိုဝင်မှာလဲ'

'ဩော်...အိမ်တစ်အိမ်ကို ကိုယ်ဝယ်ဖို့ကိစ္စပါ...အဲဒါ...အဲဒီ အိမ်ကို သင့်မသင့် ခဏာဝင်ကြည့်ဖို့ပါပဲ...မကြာပါဘူး'

'ဩော်...'

မိုးမိုးက ခပ်စွာစွာသံဖြင့်...

'မခေါ်ချင်ဘူးဆိုတာ သိပါတယ်...ဒီကလည်း မလိုက်ချင်ပါဘူး...ဟွန်း...'

ဝင့်ဝါက နှစ်သိမ့်သောလေသံဖြင့်...

'စိတ်မဆိုးပါနဲ့ မိုးမိုးရယ်...နော်...'

'ရပါတယ်...ရပါတယ်...သွားပါ...ဟွန်း...'

ထို့နောက်တော့ မင်းခန့်နှင့် ဝင့်ဝါတို့နှစ်ယောက် ထွက်သွားကြသည်။

သိပ်မကြာခင်အချိန်လေးမှာပင် နေရဲသစ်နှင့် မျိုးထူးတို့နှစ်ယောက် ထိုနေရာသို့ ရောက်လာပြီး နေရဲသစ်က...

'မိုးမိုး...ဝင့်ဝါရော'

မိုးမိုး မျက်မှောင်ကျုံ့၍...

'ဘာဖြစ်လို့လဲ'

'ငါ့ကို ပြန်မမေးနဲ့ဟာ ဝင့်ဝါဘယ်မှာလဲ အဲဒါပဲပြော'

နေရဲသစ်ပုံစံက အရမ်းကိုမာကျောပြီး ခက်ထန်နေသဖြင့် မိုးမိုး သိုသွားပြီး...

'ဟို...ဟို သူ့ရည်စားနဲ့ ရုပ်ရှင်ကြည့်မလို့ဆိုပြီး ထွက်သွားတယ်'

နေရဲသစ် နာနာကျည်းကျည်းဖြင့် တောက်တစ်ချက်ခေါက်သည်။ ဆက်၍...

'ဘယ်ရုပ်ရှင်ရုံကို သွားမယ်လို့နင့်ကိုပြောသွားလဲ'

'ဟင့်အင်း...အဲဒါတော့ မပြောသွားဘူး...ဒါပေမဲ့ ရုပ်ရှင်ရုံကို မသွားခင် အရောင်းအဝယ်ကိစ္စနဲ့ အိမ်တစ်အိမ်ကို ဝင်ဦးမယ်လို့ ပြောသွားတယ်'

'ဘာ...မင်းခန့်လို ကြာကူလီကောင်က ဘာအရောင်းအဝယ်ကိစ္စရှိရမှာလဲ ဒါဝင့်ဝါကို မဟုတ်ကဟုတ်က ကြံစည်ချင်လို့ အကြောင်းပြတာဖြစ်မှာ...တောက်'

နေရဲသစ်၏ စိုးရိမ်ပူပန်မှုတို့ အထွဋ်အထိပ်သို့ပင်ရောက်သွားပြီဖြစ်သည်။ မိုးမိုးကတော့ ဘာကိုမှမနားမလည်ခြင်းကြောင့် မျက်လုံးကလေး ဝိုင်းလယ်ကလယ်ဖြစ်နေသည်။

ထိုအချိန်တွင် လှတပတ ကောင်မလေးတစ်ယောက် ရောက်လာပြီး...

'ဘာတွေဖြစ်နေတာလဲဟင်...နေရဲသစ်...'

ရောက်လာသူက ယမုံပါ။ ထို့ကြောင့် နဂိုဒေါသထွက်နေသော နေရဲသစ်၏ဒေါသတို့ ယမုံအပေါ်တွင် ပုံ၍ကျသွားပြီး...

'မင်းကြောင့် ဝင့်ဝါဒုက္ခရောက်တော့မှာကွ...အေး...ဝင့်ဝါ တစ်ခုခုဖြစ်လို့ကတော့ မင်းရော...ဟိုကောင်ရော ငါကိုယ်တိုင်သတ်မယ်...ဟင်း...'

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောလိုက်သော်လည်း ယမုံ၏ပုံစံမှာ ခါတိုင်းကဲ့သို့ ရန်စွယ်နှင့် ငေါငေါဖြစ်မသွားဘဲ သက်ပြင်းတစ်ချက်ကို လေးပင်စွာချပြီး...

'တို့လည်း အဲဒီကိစ္စနဲ့ အခုရောက်လာတာပါပဲ...တို့ခုရက်ပိုင်းတွေမှာ အဲဒီကိစ္စကို ပြန်စဉ်းစားရင်း ကိုယ့်ကိုကိုယ်လိမ်ပြာမသန့်တော့သလို ခံစားခဲ့ရတယ်...ဝင့်ဝါနဲ့ တို့ကြားမှာရှိတဲ့ပြဿနာက ဘာမှကြီးကြီးမားမားမှမဟုတ်တာ...ဒါကြောင့် အခုဝင့်ဝါကို အကျိုးအကြောင်းပြန်ရှင်းပြဖို့ ရောက်လာတာပါ'

ထိုအခါ နေရဲသစ်က...

'မင်းက...အခုမှ နောင်တရနေ...ဟိုမှာ ဝင့်ဝါကဒုက္ခရောက်တော့မယ်ကွ...ဟိုကောင်က ဝင့်ဝါကို အိမ်တစ်အိမ်ခေါ်သွားပြီ...တောက်...'

'ဟင်...ဟုတ်လား'

ယမုံ အံ့သြသင့်ဟန်ဖြင့် ငြိမ်သက်သွားသည်။ ခဏကြာတော့...

'အဲဒီအိမ်က တို့သိထားတဲ့ အိမ်လားမသိဘူး...ဘာဖြစ်လို့လဲဆိုတော့ ကိုမင်းခန့်နဲ့က အလုပ်သဘောပတ်သက်ခဲ့ပေမယ့် ဒီလူက အကျင့်မကောင်းဘူးဆိုတာကို သိထားတော့...သူ့အနေအထိုင်ကို ခုစမ်းထားသေးတယ်လေ'

ထိုသို့ပြောလိုက်ခြင်းကြောင့် နေရဲသစ် အားတက်သွားပြီး...

'ဟာ...ဟုတ်ပြီ...ဒါဆိုရင် ငါတို့ကို မင်းသိထားတဲ့ အိမ်ကိုပဲ လိုက်ပို့လို့ရမလား...ယမုံ'

'အို...ရတာပေါ့...ယမုံမှာ ကားပါတယ်...အဲဒါနဲ့ပဲသွားကြတာပေါ့'

ထိုသို့ဖြင့် လေးယောက်သား မင်းခန့်စတည်းချတတ်သောအိမ်ခန်းရာသို့ အမြန်ထွက်လာခဲ့ကြသည်။ လမ်းတွင် ယမုံက ဖြူဖျော့နေသော နေရဲသစ်အားကြည့်ပြီး...

'နေရဲသစ်...ယူပုံစံက နေမကောင်းဖြစ်နေသလိုပဲနော်'

နေရဲသစ်အံကိုတစ်ချက်ကြိတ်၍ ခေါင်းကိုဖြေးညှင်းစွာခါပြလိုက်လေသည်။

အချိန်ဆိုတာ လူက သတ်မှတ်တာဆိုပေမယ့်...သတ်မှတ်ပုံချင်းတူညီခဲ့လေသော်...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

မင်းခန့်ဝယ်မည်ဆိုသည့် တစ်ထပ်တိုက်ပုကလေးသည် ဆိပ်ကြီး
သောရပ်ကွက်အတွင်း၌ တည်ရှိသည်။ အိမ်ရှေ့သို့ရောက်သောအခါ
အိမ်တံခါးသော့ခတ်ထားသည်ကို တွေ့လိုက်ရသဖြင့်...ဝင်ဝါမျက်မှောင်
ကျုံ့လိုက်ပြီး...

'ဟင်...ကိုမင်းခန့် အိမ်ကလည်း...သော့ခတ်ထားပါလား'

မင်းခန့် ခေါင်းညိတ်၍...

'အင်း...သော့ကတော့ ကိုယ့်ဆီမှာပါ...ပါတယ်...အိမ်ရောင်း
မယ့် ကိုယ့်မိတ်ဆွေတွေက မရောက်သေးဘူးနဲ့တူတယ်...မရောက်သေးဘူး
ဘာဖြစ်လဲကွာ...ကိုယ့်ဘာသာကိုယ်အိမ်ထဲမှာ ဝင်စောင့်နေကြတာပေါ့
နော့...'

'ဟင်...သူများအိမ်ပဲဟာ ကောင်းပါ့မလား'

'ဟင်း...ဟင်း...ကောင်းပါတယ် ဝင်ဝါရဲ့...ဒီအိမ်က ကိုယ်
နဲ့အရမ်းရင်းနှီးတဲ့မိတ်ဆွေရဲ့အိမ်လေ...အဲဒါကိုယ်အမြဲတမ်းဝင်ထွက်နေရင်း
မှ အိမ်လေးကို သဘောကျသွားပြီး သူ့ဆီကတဆင့် ပြန်ဝယ်မှာ'

ထိုသို့ပြောပြီး မင်းခန့်အိမ်တံခါးသွားဖွင့်သည်။ ဖွင့်၍ပြီးသွားသော
အခါ တွေတွေဝေဝေပုံစံဖြင့်ရပ်နေသော ဝင်ဝါအား ပြုံး၍...

'ဝင်ဝါ...ဘာလုပ်နေတာလဲ...အိမ်ထဲကိုလာလေ'

ဝင်ဝါမဝင်ချင့်ဝင်ချင်ဟန်ဖြင့် အထဲသို့ ဝင်လိုက်သည်။ အထဲတွင်
ငြင်ဆင်ထားသော အိမ်ထောင်ပရိဘောဂများက သားသားနားနားတော့ရှိ
သည်။ သို့ရာတွင် ဝင်ဝါစိတ်ထဲ၌ မသိုးမသန့်ဖြစ်နေမိ၏။

မင်းခန့်ကိုကြည့်ရတာတော့ သူ့အိမ်သူ့ဘာလိုပင် အသားကျလွန်း
နေ၏။ အမှန်တော့ ဒီအိမ်သည် ဒီလိုမဟုတ်မဟပ်ကိစ္စများကို ကျူးလွန်
ရန်အတွက် မင်းခန့်နှစ်ချုပ်နှင့် ငှားရမ်းထားသော ဘုံဇာနသာဖြစ်သည်။

မင်းခန့်က ဝင်ဝါနားတွင် ကပ်ထိုင်၍...

'ဒီအိမ်ကို...ကိုယ်ဘာကြောင့် ဝယ်မှာလဲ ဝင်ဝါသိလား'

ဝင်ဝါခန္ဓာကိုယ်ကို ကျုံ့နိုင်သမျှကျုံ့အောင်လုပ်ရင်း...စိတ်ရှုပ်
နေသောအသံဖြင့်...

'ဘယ်သိမှာလဲ'

'ဝင်ဝါနဲ့လက် ထပ်ပြီးရင် ကိုယ်တို့နှစ်ယောက်အတူတူနေဖို့
အတွက် ဒီအိမ်ကို ဝယ်မှာလေ...ဟင်း...ဟင်း...'

'ဩော်...'

မင်းခန့်အဖြောကြောင့် ဝင်ဝါ...ရင်တုန်ခြင်း ရုန်ခုန်ခြင်း
ဘာဆိုဘာမှမဖြစ် သာမန်အဲ့သြရုံလောက်သာ...

'ဝင်ဝါ သဘောမကျဘူးလားဟင်'

'အင်း... မဆိုးပါဘူး'

မင်းခန့် ဝင်ဝါလက်ဖမိုးလေးကို အုပ်၍လမ်းကိုင်လိုက်သည်။
ဝင်ဝါ ဆတ်ခနဲရုန်းထွက်သွား၏။

မင်းခန့်ပြုံးမိလိုက်သည်။ အတွေ့အကြုံအရ ဒီသမင်ပျိုမလေး
ကြောက်နေပြီ။

ထို့ကြောင့် အချိန်ဆွဲမနေတော့ရန် ဆုံးဖြတ်လိုက်ပြီး...

'အအေးသောက်မလား ဝင်ဝါ'

www.burmeseclassic.com

www.burmeseclassic.com

ယခု စိတ်ကျဉ်းကြပ်မှုတို့သည် အအေးတစ်ခွက်သောက်လိုက်လျှင် ပျောက်သွားမည်လားဟု ဝင့်ဝါ တွေးမိတွေးရာ ဘွေးခ် လိုက်ပြီး...

'အင်း...ရှိရင်တော့သောက်မယ်လေ'

'ဟာ...ရှိတာပေါ့...ခဏလေးစောင့်'

ထိုသို့တက်ကြွစွာပြောပြီး အအေးယူရန်အတွက် မင်းခန့်အိမ်နောက်ဘက်သို့ ထွက်သွားသည်။ ထိုအခါမှ ဝင့်ဝါသက်ပြင်းကို မှုတ်ထုတ်လိုက်မိသည်။ မင်းခန့်နှင့် သမီးရည်းစားဖြစ်နေပြီဆိုပေမယ့် ဒီလိုလူမရှိသော အိမ်အတွင်းမှာနှစ်ယောက်တည်းနေရတာ စိတ်ကျဉ်းကြပ်နေသည်။

အမှန်အတိုင်းပြောရလျှင် ဓာတ်ပုံလေးတွေအပေါ်ထားရှိသော ခံစားမှု နက်ရှိုင်းလွန်းလို့သာ မင်းခန့်ကို ချစ်သူရည်စားအဖြစ် လက်ခံလိုက်ရခြင်းဖြစ်သည်။ တကယ်တမ်းကျတော့ မင်းခန့်အပေါ်ရင်ခုန်တာ ဘာမှမဖြစ်ရုံတင်မကပဲ...စိတ်ထဲတွင် ကြောက်ရွံ့သောခံစားချက်ပါ ဝင်ရောက်နေ၏။

ထို့ကြောင့် ဝင့်ဝါကိုယ့်ကိုကိုယ်အံ့အားသင့်နေမိ၏။

ဒါဘာဖြစ်လို့လဲ...အခုတလော ကိုယ့်ဆီကို ဓာတ်ပုံလေးတွေ ရောက်မလာလို့ စိတ်မပျော်မရွှင် ဖြစ်နေတာများလား။

ထိုအတွေးကြောင့် ကိုယ့်ဘာသာကိုယ်ပင် ရယ်ချင်မိသွားသည်။ ဓာတ်ပုံပိုင်ရှင်က ကိုယ့်အနားကိုရောက်နေမှတော့ ဓာတ်ပုံတွေရောက်မလာတာ ဘာဆန်းလဲပေါ့...

ထိုစဉ် မင်းခန့် အိမ်အတွင်းပိုင်းမှ အအေးနှစ်ခွက်ကိုင်၍ထွက်လာကြောင်း အိပ်ဆေးထည့်ထားသောခွက်ကို ဝင့်ဝါထံ ကမ်းပေးသည်။

'အမောပြေလေး သောလိုက်ဦး...ရော့...'

'အင်း...'

ဝင့်ဝါ အအေးခွက်ကို လှမ်းယူ၍ တစ်ငုံသောက်လိုက်သည်။

ထိုမြင်ကွင်းကိုကြည့်၍ မင်းခန့်တစ်ယောက်ကြိတ်၍ ပျော်နေမိ၏။

ထိုအချိန်မှာပင်...

❖ ❖ ❖

'ဒုန်း...ဒုန်း...ဒုန်း...'

'မင်းခန့်...ဟေ့ကောင်...တံခါးဖွင့်စမ်း...'

'ဒုန်း...ဒုန်း...ဒုန်း...'

'မင်းခန့်...မင်းခန့်...ခေါ်နေတာ မကြားဘူးလားကွ'

အပြင်ဘက်မှ ရင့်သီး၍ ကျယ်လောင်သောခေါ်သံကြောင့် ဝင့်ဝါ ခုတ်လုံးလေးဝိုင်းကာ...မင်းခန့်ကို ကြည့်ပြီး...

'အပြင်မှာ ကိုမင်းခန့် သူငယ်ချင်းတွေရောက်လာပြီထင်တယ်'

မင်းခန့်စိတ်ရှုပ်ပြီး ဒေါသထွက်မိသွား၏။ တကယ့်တကယ်ကသာယ်သူနဲ့မှ ချိန်းဆိုထားခြင်းမရှိ။ ထို့ကြောင့်...

'ဘယ်သူတွေလဲ မသိပါဘူးကွာ...ဝင့်ဝါ ခဏနေဦးနော်...ကိုယ် တံခါးသွားဖွင့်လိုက်ဦးမယ်'

ထိုသို့ပြောပြီး အပေါက်သို့သွားကာ တံခါးဆွဲဖွင့်လိုက်စဉ်မှာပင် ဘူလေးယောက်က တံခါးကို ဆတ်ခနဲတွန်း၍ ချက်ချင်းအိမ်ထဲသို့ ဝင်ရောက်လာ၏။

နေရဲသစ်တို့ အုပ်စုပါ။

ဝင်ဝင်လာချင်းပင် တစ်အိမ်လုံးပွက်လောရိုက်ကုန်၏။

'ဝင့်ဝါ ဘယ်မှာလဲ...ဝင့်ဝါ...'

'ဟာ...ဟိုမှာ ဝင့်ဝါ...'

'ဟေ့ကောင် လူယုတ်မာ...'

www.burmeseclassic.com

www.burmeseclassic.com

'မင်း...မင်းတို့က ဘယ်ကဘယ်လို...

နေရဲသစ်က ဘာမပြောညာမပြောနှင့် မင်းခန့်အား ထိုးချလိုက်၏။

'ခွပ်'

'အ...ဟေ့ကောင် မင်း...မင်း...'

မင်းခန့်ကိုယ့်မေးရိုးကိုယ်ကိုင်ပြီး ထိတ်လန့်အံ့သြသွားစဉ်အခိုက်မှာပင် အစွမ်းကုန်ပေါက်ကွဲနေပြီဖြစ်သော နေရဲသစ်ခြေတွေလက်တွေက မင်းခန့်၏ ခန္ဓာကိုယ်အနှံ့အပြားသို့ ကျရောက်သွားတော့၏။

'ခွေးမသား လူယုတ်မာ...'

'ဗုန်း...ဗုန်း...ခွပ်...ခွပ်...ဒုတ်...'

'အား...အီး...အူး...'

အချိန်ခဏလေးအတွင်းမှာပင် နေရဲသစ်၏လက်ချက်ကြောင့် မင်းခန့်၏မျက်နှာတစ်ပြင်လုံး ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသည်။

၄င်းအခြေအနေကို တားမြစ်ရန် မိန်းကလေးများက ငယ်သံပေါ်အောင် ဝိုင်းအော်တော့မှ ကြောင်ပြီးရပ်ကြည့်နေသော မျိုးထူးလည်းသတိဝင်လာပြီး နေရဲသစ်၏ခါးကို ကြံုး၍ ဖက်ကာ အတင်းဝင်ဆွဲရလေသည်။

'ရဲသစ်...တော်ပြီကွာ...လက်လွန်လိမ့်မယ်...ရဲသစ်...'

ထိုအခါမှ နေရဲသစ်ထိုးကြိတ်နေခြင်းကို ရပ်တန့်လိုက်သည်။ မျိုးထူး ဝင်၍ မဆွဲပါက မင်းခန့်သေသွားသည်အထိ ဆက်လက်ထိုးကြိတ်နေဦးမှာ ဖြစ်သည်။

မင်းခန့်မှာတော့ နေရဲသစ်လက်ချက်ကြောင့် တအီးအီးတအားအားဖြင့် ညီးညူကာ ကုန်းကုန်းကွကွဖြစ်နေ၏။

ထိုအချိန်တွင် ဝင့်ဝါက မင်းခန့်အနားသို့ ဖြတ်ခနဲရောက်လာပြီး မင်းခန့်ကို တွဲထူရန်ပြင်လိုက်စဉ်မှာပင် နေရဲသစ် အသံထွက်လာသည်။

'ဝင့်ဝါ...နင်အဲဒီလူယုတ်မာကို ဘာမှ သွားလုပ်ပေးစရာမလိုဘူး'

ထိုသို့ပြောလိုက်ရာ ဝင့်ဝါက ကျားသစ်မလေးအသွင်ပြောင်းသွားပြီး နေရဲသစ်အား စူးစူးဝါးဝါးလေသံဖြင့်...

'ဘာပြောတယ်...ဒါ ငါ့ချစ်သူဟဲ့ နင်ဘာမှဒီလိုပြောစရာမလိုဘူး'

'ကျုတ်...အဲဒီကောင်က နင့်ချစ်သူဖြစ်ဖို့ လုံးဝမတန်ဘူး...အဲဒီကောင်က တကယ့်လူယုတ်မာ'

ဝင့်ဝါ စွေ့စွေ့ခုန်သွားသည်။

'နင်...နင်မိုက်ရိုင်းလှချည်လား နေရဲသစ်...ငါ့ချစ်သူကို ကိုယ်သိလက်ရောက်လဲစော်ကားသေးတယ်...ခု လူယုတ်မာလို့လဲ စွပ်စွဲသေးတယ်'

'နင်ဘာမှ မသိပါဘူး...နင့်ကိုငါရှင်းပြမယ်'

'အို...မလိုပါဘူး...ငါ့ကို အမြဲတမ်းစိတ်အနှောက်အယှက်ပေးနေတဲ့နင့်စကားကို ငါကဘာကိစ္စယုံရမှာလဲ...ဟွန်း...'

'ဟား...ငါရှင်းပြတာကို နားထောင်ပေးပါဦး'

ဝင့်ဝါနှုတ်ခမ်းကို မဲ့လိုက်ပြီး ရှေ့ကိုတိုးကာ...

'ဒီမှာ နေရဲသစ်...နင်ဟာ ငါ့အတွက် ဂြိုလ်ကောင်ပဲ သိလား...ကိုးငယ်ငယ်ကတည်းက ငါ့ကို ပူလောင်မှုတွေစပြီး ပေးခဲ့တာနင်ပဲ...နှလည်း နင်က ငါ့ချစ်သူကို စော်ကားတယ်...ဒီတော့ နင်နဲ့ထိုက်တဲ့အပြစ်ကို ငါပေးရတော့မှာပေါ့...'

ထိုသို့ပြောပြီး နေရဲသစ်ပါးအား ဝင့်ဝါရိုက်ထည့်လိုက်သည်။

'ဖြန်း'

နေရဲသစ်မျက်နှာတစ်ဖက်သို့ လည်သွားသည်။ ကမ္ဘာကြီးပါလိုက်ပါ၍ လည်သွားသည်ကို ထင်ရ၏။ နေရဲသစ်ရဲ့ ကမ္ဘာက ပျက်သွားပြီကိုး။

ကျန်သည့်လူများကတော့ ထင်မထားခြင်းကြောင့် ပါးစပ်ဟောင်းဆောင်း။

www.burmeseclassic.com

www.burmeseclassic.com

နေရဲသစ်၏မျက်ဝန်းတွေ ဝင့်ဝါမျက်နှာပေါ်သို့ ပြန်ရောက်လာသည်။

ထိုမျက်ဝန်းတွေထဲတွင် ဝမ်းနည်းခြင်းတို့ စွန်းပေလျက်...

'လုပ်ရက်လိုက်တာ ဝသုံးလုံးရယ်...'

ထိုစကားက ရင်ထဲမှ တိုးညှင်းစွာထွက်ပေါ်လာသည့်အသံပါ။

ထို့ကြောင့် ထိုအသံကို မည်သူမှမကြားပါ။

ဒါပေမဲ့...

နေရဲသစ်၏ နှလုံးသားကတော့ သေသေချာချာတိတိကျကျပင် ကြားသွားသည်။

'ဖြတ်...'

ခပ်ပါးပါးနှလုံးသားလေးကွဲကြေသွားသည့်အသံပါ။

နေရဲသစ်ရင်ဘတ်အား လက်ဖြင့်ဖိ၍ ငိုက်ခနဲဖြစ်သွားသည်။

ထို့ကြောင့် မျိုးထူး ကပျာကယာလှမ်းဆွဲထားလိုက်ရသည်။

'ဟေ့ကောင် ရဲသစ်...ဟေ့ကောင်...ဟာ...'

အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ဝင့်ဝါကတော့ ကြောင်စီစီဖြင့် နေရဲသစ်အား ကြည့်လျက်...

ယမုံက...

'နေရဲသစ်က...ဘာဖြစ်သွားတာလဲဟင်'

ထိုသို့မေးလိုက်ရာ မျိုးထူးက နေရဲသစ်ကို ပွေ့ထားလျက်မှပင်...

'ဒီကောင်က နှလုံးအစားထိုးကုသဖို့အတွက် ဆေးရုံတက်နေရင်း ဝင့်ဝါရဲ့ သတင်းကိုကြားပြီး စိတ်ပူပူနဲ့ ဆေးရုံကနေ ခိုးဆင်းလာတာဟာ...ကျွတ်...ခုတော့ ဒုက္ခရောက်ပြီနဲ့တူတယ်ကွာ'

ထိုသို့ပြောလိုက်ရာ...ယခင်ကထက်ပို၍ လှုပ်ရှားသွားကြပြီး...

ယမုံက...

'ဟာ...ဒါဆိုဘယ်ဖြစ်မလဲ...ဆေးရုံကို အမြန်ပို့မှ ဖြစ်မှာပေါ့'

'အင်း...ဟုတ်တယ်...ယမုံ'

နေရဲသစ်အား ကားပေါ်တင်ပြီးတော့က် မသွားခင်အချိန်တွင် ယမုံက ငူတူတူဖြစ်နေသော ဝင့်ဝါအား တည့်တည့်ကြည့်၍...

'မင်းသိပ်ကိုမှားသွားပြီ ဝင့်ဝါ... နေရဲသစ်က မင်းရဲ့တကယ့်ကယ်တင်ရှင်ပါ...ကိုမင်းခန့်ဆိုတာက တို့မင်းကို လက်စားချေချင်တဲ့စိတ်နဲ့ မင်းအနားကို မရောက်ရောက်အောင် ပို့လိုက်တဲ့ နတ်ဆိုးတစ်ကောင်ပါ။ မင်းသူ့အပေါ် စိတ်ညစ်သွားစေနိုင်တဲ့ မာတ်ပုံပိုင်ရှင်ကလည်း သူမဟုတ်ပါဘူး...ပိုင်ရှင်အမှန်က ဘယ်သူလဲဆိုတာတော့ တို့လည်းမသိဘူးပေါ့... ဒီဓာတ်ပုံကိစ္စကလည်း မင်းသူငယ်ချင်းမိုးမိုးဆီက တို့သိလိုက်ရတဲ့အတွက် ကိုမင်းခန့်ကို အယောင်ဆောင်ဖို့ အကြံပေးလိုက်တာ...ဒါတွေ အားလုံးဟာ တို့အမှားပါပဲ...တို့တောင်းပန်တယ်...အင်း...ဒါတောင် မင်းမယုံဘူးဆိုရင်တော့ မင်းသောက်မဲ့အအေးခွက်ထဲမှာ အိပ်ဆေးထည့်ထားလား ဓာတုထည့်ထားဘူးလားဆိုတာကို မင်းပြန်စစ်ကြည့်လိုက်ပေါ့'

ထိုသို့ပြောပြီး ယမုံ...မျိုးထူးနှင့် နေရဲသစ်ကို တင်ဆောင်ကားကို မောင်းထွက်သွားသည်။ ကားပေါ်တွင် ဖြူဖျော့၍ ခွေခေါက်နေသော နေရဲသစ်က ဝင့်ဝါအား မျက်ဝန်းဖျော့ဖျော့များဖြင့် လှမ်းအကြည့်...ဝင့်ဝါက အကြည့်နှင့် မျက်ဝန်းချင်းဆုံသွားကြသေးသည်။

ကားလေးအား မျက်စိအဆုံး ငေးကာ ဝင့်ဝါကြည့်နေသည်။

ရှုပ်ထွေးနေသော စိတ်တို့ကို တစ်ဆင့်ချင်းရှင်းပစ်လိုက်။ ထိုအခါသမုံ၏စကားများက အမှန်တွေဖြစ်ကြောင်းကို လက်ခံမိသွားသည်။

ဝင့်ဝါ...မင်းခန့်အား ချာခနဲလှည့်ကြည့်မိလိုက်သည်။

မိမိအား မလုံမလဲပုံစံဖြင့်ကြည့်၍နေသော မင်းခန့်၏ရုပ်ပျက်ဆင်းပျက်မျက်နှာကြီးအား တွေ့လိုက်ရသည်။

ဝင့်ဝါ ညာဘက်လက်ဖဝါး လေထဲသို့ မြောက်တက်သွားသည်။

'ဖြန်း'

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်...

ဝင့်ဝါ မိုးမိုး၏ လက်ကိုဆွဲကာ ၄င်းခြံထဲမှ ထွက်လာသည်၊ မင်းခန့်ကတော့ ပါးကိုလက်ဖြင့်ပွတ်ကာ ရှဲ့တွတွဖြင့် ကျန်ရစ်ခဲ့လျက်...

❖ ❖ ❖

အခန်း (၁၄)

အိမ်သို့ပြန်ရောက်သောအခါ ဝင့်ဝါတစ်ယောက်ခုတင်ပေါ်သို့ခြေပစ်လက်ပစ်ဖြင့် ဝုန်းခနဲထိုးချကာ မျက်စိကို တင်းတင်းပိတ်ပစ်လိုက်၏။

ထို့ကြောင့် ဘာကိုမှ မျက်လုံးကနေတဆင့် မမြင်တွေ့ရတော့။

ဒီနေ့တစ်နေ့လုံး မိမိဘယ်လိုအရာတွေနှင့် တွေ့ကြုံခဲ့ရသနည်း။

သေချာတာကတော့ ဘဝတစ်လျှောက်လုံးကြုံတွေ့ခဲ့ရသော ဆိုးဝါးသည့်ဖြစ်ရပ်တွေနှင့်စာလျှင် ဒီနေ့ဖြစ်ရပ်က အရမ်းကို ကြောက်စရာကောင်းလွန်းလှသည်။

မိမိ...မင်းခန့်ဆိုသော လူယုတ်မာတိုက်သည့် အဆေးကို အကုန်အစင်သောက်မိလိုက်သည်ရှိသော်...ဒါမှမဟုတ် နေရဲသစ်တို့အုပ်စု အချိန်မီရောက်မလာခဲ့သည်ရှိသော်...

'ဘုရား...ဘုရား...ငါ့ဘဝပျက်ဖို့ သီသီလေးလိုခဲ့တာပဲ'

ထိုအတွေးကို တွေးလိုက်မိလိုက်သဖြင့် လူမှာတဒင်္ဂဆောက်တည်းမဲ့သလို ဖြစ်မိသွားသည်။

'နေ...နေရဲသစ်က...ငါ့ ကျေးဇူးရှင်တဲ့...ဒီကျေးဇူးရှင်ကို ကိုယ်တိုင်ပါးရိုက်ပြီး စော်ကားခဲ့မိတယ်...ဘုရား...ဘုရား...ငါ့အရမ်း

www.burmeseclassic.com

www.burmeseclassic.com

ကို မှားခဲ့တာပါလား...ပြီးတော့ သူက ငါ့ကို စိတ်ပူလွန်းလို့ ဆေးရုံက နေတောင်မှ နေမကောင်းရက်နဲ့ နိုးဆင်းလာတာတဲ့...သူဘာလို့ စိတ်ပူရတာလဲ...သူဘာကြောင့် ငါ့အတွက်နဲ့ ဒီလိုလုပ်ရတာလဲ...သူက ငါ့ကို မုန်းနေတဲ့သူလေ...ငါကလည်း သူ့ကို မုန်းနေတာပဲဟာ'

ထိုမုန်းတယ်ဆိုသောစကားကိုတွေးမိပြီးမှ ကိုယ့်စကားကိုယ် သံသယဝင်သွားမိသည်။

ထို့ကြောင့်...

'နေပါဦး၊ သူကို ငါက မုန်းတယ်လို့ပြောရအောင်...သူက ငါမုန်းလောက်အောင် ဘာတွေများလုပ်ခဲ့လို့လဲ'

ထိုသို့ဖြင့် နေရဲသစ်ကို မိမိမုန်းရလောက်ခြင်းအကြောင်းတရားများကို ပြန်ရှာကြည့်မိသည်။

ဆယ်တန်းတုန်းက ကိုယ်သချိုတစ်ပုဒ်ကို ကူးချမိလို့ နေရဲသစ်နောက်တာကို မုန်းသွားမိတာလား...ဒီအဖြေက သိပ်မဟုတ်သေး။

ဒါဆိုရင် ကိုယ့်ကိုကြွက်ရုပ်နဲ့စတာကို မုန်းတာဆိုရင်ရော။

ကလေးအရမ်းဆန်လွန်းသည်။

ဒါဆိုရင် တင်ကိုကိုလတ်ပေးနေတဲ့ အကြပ်အတည်းက ကယ်တင်ခဲ့တာကိုများလား။

'ဟင့်အင်း...ကျေးဇူးတောင်မှ တင်စရာ ကောင်းတဲ့ဟာကို...'

အခန်းရှေ့မှာ ယမုံနဲ့ ပြဿနာတက်တုန်းကလား။

ဒါက...နေရဲသစ်နဲ့ ဘာမှမဆိုင်တဲ့ကိစ္စပဲဟာ။

ဟိုလူယုတ်မာ မင်းခန့်လက်က ကူညီခဲ့လို့ ဆိုရင်ကော။

ဒါက...ထိုင်တောင်ရှိခိုးဖို့ကောင်းတဲ့ကိစ္စလေ။

ဒါဆို မိမိနေရဲသစ်ကို ဘာကြောင့်မုန်းနေရတာလဲ။

အဖြေကမရှိ။

ခေါင်းစဉ်သာရှိသည်။

ဝင့်ဝါခုတင်ထက်တွင် အလန့်တကြားဖြင့် ငုတ်တုတ်ထထိုင်မိလိုက်သည်။

မိမိတစ်လျှောက်လုံး နေရဲသစ်ကို မုန်းတယ်...မုန်းတယ်ဆိုပြီးတော့သာ ထိုင်အော်နေတာအကြောင်းရင်းက ဘာမှကို မယ်မယ်ရရရှိမှ မရှိခဲ့။

ဒါဆိုဘာကြောင့် ဒီလိုမုန်းတယ်လို့ ပြောနေရတာလဲ။

ထိုအကြောင်းအရင်းကို ရှာချင်သောကြောင့်...ဝင့်ဝါ နေရဲသစ်နှင့် ပတ်သက်ခဲ့သမျှ အတွေးတွေအကုန်လုံးကို ဖြန့်ကျက်ကာ စဉ်းစားပစ်လိုက်သည်။

ထိုအခါ နေရဲသစ်နှင့် ပတ်သက်သမျှ...အသေးအဖွဲလေးပါ မကျန် အံ့သြစရာကောင်းလောက်အောင် မိမိမှတ်မိနေကြောင်းပါ သိလိုက်ရသည်။

ဥပမာ...ဆယ်တန်းတုန်းက နေရဲသစ်ဘယ်နှစ်တန်းမြောက်ခုံမှာထိုင်တာ။ ပုဆိုးဝတ်ရင် လုံးထွေးပြီးဝတ်တတ်တာ။ ကတ္တီပါဖိနပ်လေးတွေကို အမြဲစီးတတ်တာ။ ကျောင်းပျော်ပွဲရှင်ပွဲနေ့က ကင်မရာကြီးယူလာတာ...ဆယ်တန်းအောင်တုန်းက သချိုဂုဏ်ထူးပါတာ...ကျောင်းဓလေ့ခေါ်ပုတ်တတ်တာ...တက္ကသိုလ်ရောက်တော့ ရည်းစားမထားတာ...ဓာတ်ပုံရိုက်ဝါသနာပါတာ။

အစရှိသည့် တိုတိုထွာထွာလေးတွေကို မှတ်မိနေသည့်အပြင်...ကိုယ်သိချင်လွန်းသဖြင့် မိုးမိုးပြောပြသော နေရဲသစ်၏ အကြောင်းအရာအားလုံးကိုလည်း ခရေစေ့တွင်းကျ မှတ်မိနေသေးသည်။

မိမိသည် နေရဲသစ်နှင့် ပတ်သက်သမျှအကြောင်းအရာတွေအားလုံးကို သိချင်ခဲ့တာ ပြောချင်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com

ထိုအရာတွေအားလုံးကို ကိုယ့်စိတ်ကိုယ်ပြန်လှည့်စား၍ နေရဲသင်အား မုန်းလို့ဟု အကြောင်းပြခဲ့သည်။

ခုတော့ ဒါကို သိသွားပြီ။

ဒီမှာတင် ကိုယ့်အတွေးနှင့် ကိုယ်ပြဿနာတက်လေသည်။

ရဲသစ်အား ကိုယ်ကမုန်းလို့မဟုတ်ဘူးဆိုရင် ဒီလိုတွေဘာလို့ လုပ်နေခဲ့ရတာလဲ...စဉ်းစားရကြပ်သွားသည်။

ထို့ကြောင့် မျက်မှောက်ကျူ၍ စဉ်းစားနေမိသည့်အချိန်တွင် မျက်ရှေ့၌ တစ်စုံတစ်ခုကို သွား၍ တွေ့လိုက်သည်။

ဝင့်ဝါ၏ ကိုယ်လေးတစ်ချက်မျှ တုန်ခါသွားသည်။

တွေ့လိုက်ရတဲ့အရာက မိမိထံမရောက်လာတာကြာပြီဖြစ်သော ဓာတ်ပုံထည်ထားသည့် စာအိတ်ကလေးပါ။ ကြည့်ရတာ စာလာပို့ချိန်တွင် မိမိရှိမနေခြင်းကြောင့် အိမ်မှတစ်ယောက်ယောက်က စာကို လက်ခံယူထားပြီး မိမိစားပွဲပေါ်တွင် လာတင်ထားခြင်းဖြစ်နိုင်သည်။

ထို့ကြောင့် ဝင့်ဝါစားပွဲပေါ်မှ ၄င်းစာအိတ်ကလေးကို လှမ်းယူလိုက်သည်။ စာအိတ်ပေါ်တွင် လိပ်စာရေးထားသောလက်ရေးက မိမိထံခါတိုင်း ပို့နေကျလူ၏လက်ရေးပါပဲ။

ဒီစာပို့သောသူသည် မင်းခန့်ဆိုသည့်လူမဟုတ်ကြောင်းကိုတော့ မိမိသိထားပြီးပြီ။

ဒါဆို စာပို့တဲ့လူကဘယ်သူလဲ...

အထဲမှာရော ခါတိုင်းလို ဓာတ်ပုံလေးပဲလား...

ဝင့်ဝါ စာအိတ်ကလေးကို ဖောက်လိုက်သည်။

ဓာတ်ပုံလေးတစ်ပုံရှောခနဲထွက်လာသည်။

ကလေးငယ်ကလေးတစ်ယောက် တစ်စုံတစ်ရာကို အော်ပြောနေသည့်ပုံဖြစ်သည်။

စိတ်ပင်ပန်းနေသည့်ကြားထဲမှ ဝင့်ဝါပြုံးဖြစ်အောင် ပြုံးလိုက်မိသည်။

ဓာတ်ပုံ၏နောက်ကျောကိုလှန်လိုက်ရာ ထုံးစံအတိုင်း စာကြောင်းတစ်ကြောင်းရေးထားသည်ကို တွေ့လိုက်ရသည်။

"ဝသုံးလုံးကို... ချစ်တယ်...ဗျို့..."

.....

ကမ္ဘာမြေပြင်တစ်ခွင်လုံး တိတ်ဆိတ်သွားသလိုပင်...

ဝင့်ဝါ၏ ဝိညာဉ်သည်လည်း မယုံကြည်ခြင်းကြောင့် ခေတ္တမျှ ခန္ဓာကိုယ်ထဲမှ ဆောက်တည်ရာမဲ့ကာ ပြေးထွက်သွားသည်။

ထို့ကြောင့် ဝင့်ဝါစကားနှုန့်အတော်ကြာ အသက်မဲ့နေခဲ့၏။

ပြီးမှ...

ဖြည်းဖြည်းချင်း...

နည်းနည်းချင်း...

အသက်ဝင်၍...အလင်းရောင်ပေါ်လာသောအခါ...

'အိ' ခနဲ တစ်ချက်အရင်ဝိုရွိုက်မိလိုက်၏။

ပြီးနောက် အရှိန်ရလာကာ အားရပါးရ ငိုပစ်လိုက်တော့သည်။

'ကမ္ဘာပေါ်တွင်...ဝင့်ဝါဝင်း ဆိုသော သူမအား ဝသုံးလုံးဟု ခေါ်ဆိုသူတစ်ယောက်တည်းရှိပါသည်။ ထိုတစ်ယောက်ကတော့...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

နာရီတွေကရပ်နေတယ်...
ငါ့နှလုံးခုန်သံလည်း ရပ်သွားရင်ကောင်းမယ်...
ဘဝကိုချည်း အပြစ်တွေတင်ရလွန်းလို့...
အရေခွံလည်း ထူနေပြီ...

ကောင်မလေးရေ...
မင်းကို မချစ်မိခင်ကတည်းက...
ငါ့နှလုံးသားက ပါးပါးလျားလျား ဖြစ်လို့နေပါပြီ။

❖ ❖ ❖

အခန်း (၁၅)

အရေးပေါ်ခွဲစိတ်ခန်းရှေ့တွင် လူတချို့ သူတို့ရသမျှ ဘုရားစာတွေကို အသည်းအသန်ရွတ်ဆိုနေကြသည်။

ထိုလူတွေကြားထဲသို့ လှပသော ကောင်မလေးတစ်ယောက် ကြောက်ပျက်ပျင်းနေသော မျက်နှာဖြင့် ရောက်လာသည်။

ထိုကောင်မလေးကို ဘုရားစာကြိတ်ရွတ်နေသော လူရွယ်တစ်ယောက်က ဦးစွာတွေ့မြင်သွားပြီး အံ့သြသွားဟန်ဖြင့်...

'ဟင်...ဝင့်ဝါ...နင်...နင်ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ...'

'မျိုးထူး...နေ...နေရဲသစ်ရော...ဟင်'

မျိုးထူးသက်ပြင်းချ၍...

'ရဲသစ်ကို ဆရာဝန်ကြီးတွေ အရေးပေါ်ခွဲစိတ်ကုသနေကြတယ်'

'ဟင်...အခြေအနေက ဒီလောက်တောင်ဆိုးနေလို့လား'

ထိုသို့ ဝင့်ဝါ အလန့်တကြားဟန်ဖြင့် မေးလိုက်ရာ မျိုးထူးပြန်၍ မဖြေခင်မှာပင်...

'ဆိုးတာပေါ့ သမီးရယ်၊ အရမ်းကိုဆိုးတာပေါ့'

ထိုအဖြေကို ပေးလိုက်တဲ့သူက ဘေးဌ်ရှိသော အန်တီကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်ပါ...ထိုအန်တီကြီးဘေးဌ ယမုံကိုလည်း ဝင့်ဝါတွေ့လိုက်ရသည်။ ဝင့်ဝါကြောင်စီစီဖြစ်နေချိန်တွင် အန်တီကြီးဆက်၍...

'သမီးက ဝင့်ဝါဝင်းဆိုတာ မဟုတ်လား'

'ရှင်...အန်တီက ဘယ်လိုသိ...သိနေ...'

'အန်တီက နေရဲသစ်ရဲ အမေပါ'

ဝင်ပြောရခြင်းအကြောင်းရင်းကို နားလည်သွားပေမယ့်...မိမိကို နေရဲသစ်၏ အမေမည်သို့ သိကျွမ်းနေခြင်းကိုတော့ ဝင့်ဝါမရှင်းလင်းသေးပါ။ ဒါကို အန်တီကြီးက ရိပ်မိဟန်ဖြင့်...

'အန်တီ သမီးကိုသိနေတာ သမီးအုံ့သြနေတယ်နဲ့တူတယ်...အင်း သမီးကို လူကိုယ်တိုင် မမြင်ဖူးခဲ့ပေမယ့်...သားပြထားတဲ့ ဓာတ်ပုံတွေထဲက တဆင့် ဟိုးတုန်းကတည်းက သိနေခဲ့တာပါ'

သဘောတော့ပေါက်သွားပါပြီ။ ဒါပေမဲ့ မိမိဓာတ်ပုံတွေကို နေရဲသစ်ဘယ်ကရသနည်း။ ထိုအဖြေကို မျိုးထူးက ဝင်၍ ပေးလိုက်သည်။

'ဒီလိုဟာ...ရဲသစ်ဓာတ်ပုံရိုက်တာ ဝါသနာပါမှန်း နင်သိတယ် မဟုတ်လား'

'အင်း...'

'အဲဒါ...ဒီကောင်က နင့်ပုံတွေကို နင်မသိအောင် ခိုးရိုက်ထားတာတွေ အများကြီးရှိတယ်'

အန်တီကြီးကဝင်၍ ခေါင်းညိတ်ပြီး...

'ဟုတ်တယ်...သမီး...သူ့အခန်းထဲမှာ သမီးပုံတွေဆိုတာ ပလုံနေတာပဲ'

ဝင့်ဝါမခံနိုင်တော့စွာ အိခနဲငိုရှိုက်လိုက်မိသည်။

'သမီး...သမီး အဲဒါတွေ ဘာတစ်ခုမှ မသိဘူး အန်တီ...သမီး သိအောင် သူဘာလို့ မပြောပြခဲ့ရတာလဲ မသိဘူး'

ထိုအခါ အန်တီကြီး သက်ပြင်းကို ဟင်းခနဲချ၍...

'ဒါက ဒီလိုသမီးရဲ့...အန်တီသားက မွေးရာပါ နှလုံးရောဂါဝေဒနာသည် တစ်ယောက်ပါ...'

'ရှင်...'

'ဟုတ်တယ် သမီး...ဒီရောဂါရှိနေမှန်းကို အန်တီတို့လည်း သူကိုးတန်းနှစ်လောက်မှ သိလိုက်ရတယ်... အသိနောက်ကျသွားတယ်ပဲ ပြောရတော့မှာပေါ့... သူ့ရောဂါရှိမှန်း အန်တီတို့သိလိုက်ရတဲ့အချိန်မှာ...ရောဂါကို ဆေးဝါးတွေကမတိုးတော့ဘူး... ဓာတုဗေဒဖြတ်သက်သာအောင်ပဲလုပ်နိုင်တော့တယ်...ပြောရရင် သူ့နှလုံးက တခြားလူနှလုံးနဲ့အစားထိုးပြီး လဲလှယ်မှ ရတော့မယ့်အခြေအနေမျိုးပေါ့... နှလုံးလဲတယ်ဆိုတာက တခြား ခန္ဓာကိုယ်အစိတ်အပိုင်းကို လဲလှယ်တာနဲ့ မတူဘူးလေ...အရမ်းကို ရှားပါးပြီး တိုက်ဆိုင်လွန်းမှသာရတတ်တာမျိုး နောက်လူတစ်ယောက်ရဲ့ အသက်နဲ့လည်းဆိုင်နေတာကိုး...ဒါကြောင့် ကျန်ခဲ့တဲ့နှစ်တွေမှာ အန်တီသားနဲ့ သွေးအမျိုးအစားတူပြီး သေဆုံးတဲ့လူတွေရဲ့ မိသားစုတွေဆီက နှလုံးကို လိုက်အလှူခံခဲ့တယ်....ဘယ်လိုမှကို အဆင်မပြေခဲ့ပါဘူး သမီးရယ်... သားလေးကိုသာ ရောဂါအခြေအနေဆိုးသွားအောင် ဆေးပုံမှန်တိုက်ပြီး အသက်ဆက်ထားရတယ်'

သားသည်မိခင်တစ်ယောက်၏ခံစားချက်ကို ဝင့်ဝါကိုယ်ချင်းစာသွားမိသည်။ အန်တီကြီးက ဆက်၍...

'အဲဒါတွေကြောင့် သားက သူ့ကိုယ်သူ သေလူလို့သတ်မှတ်ပြီး ဆာ့ သမီးအပေါ်ထားခဲ့တဲ့ သူ့သံယောဇဉ်တွေကို ဖုံးကွယ်ထားရတာပါ'

ဝင့်ဝါ၏ ရင်ထဲတွင် ဆို့နစ်သွားမိ၏။

'ရဲသစ်...ရယ်...'

အန်တီကြီးအား တုန်ယင်သောလေသံဖြင့်...

'ဒါ...ဒါဆိုရင် ရဲသစ်ကအခု...ဘယ်...ဘယ်လိုအခြေအနေ...ရောက်...ရောက်...'

www.burmeseclassic.com

www.burmeseclassic.com

'အင်း...အဲဒါတော့ ပြောရခက်တယ်သမီးရေ...ဟိုးတစ်ရက်က သူရောဂါပြင်းပြင်းထန်ထန်ဖောက်လာလို့ အန်တီက ဆေးရုံလာတင်ရင်း နဲ့ သူနဲ့ကိုက်ညီတဲ့ လူနာတစ်ယောက်ဆုံးသွားတာကိုတွေ့တော့...သူ့ မိသားစုဆီမှာ သွားပြီးအလှူခံကြည့်တယ်လေ...'

ထိုသို့ပြောလိုက်ရာ ဝင့်ဝါ၏မျက်လုံးအရောင်တောက်သွားပြီး...

'ရ...ရလားဟင် အန်တီ'

'မထင်မှတ်ဘဲနဲ့ ရလိုက်တယ်သမီးရေ...ခုလိုအားလုံးအဆင် ပြေပြီးတော့ ခွဲစိတ်မဲ့ရက်ကျမှ ဒင်းက မျိုးထူးနဲ့ အပြင်ကို ခိုးထွက်သွား လိုက်တယ်... ပြန်လာတော့ ရောဂါက အရမ်းဖောက်ပြီး လူက ယဲ့ ကျန်တော့တယ်...ဟင်း...'

နေရဲသစ်အမေအား အကျိုးအကြောင်းကို မျိုးထူးပြောပြသေးဟန် မတူပါ...ဒါပေမဲ့ ထိုအဖြစ်အပျက်ကို သိရှိထားသော ဝင့်ဝါမှာ မျက်ရည် မဆည်နိုင်ဖြစ်သွားပြီး...

'သူ...သူအဆင်မှ ပြေပါတော့မလား အန်တီ'

'အင်း...ဆရာဝန်ကြီးတွေကတော့ ကြိုးစားပြီး ခွဲစိတ်နေတယ် ပြောတာပါပဲကွယ်'

ထိုသို့အရာအားလုံးကို သိမြင်ပြီးနောက်...ဝင့်ဝါ၏ ရင်ဘတ် တစ်ခုလုံးပွင့်ထွက်မတတ်ခံစားချက်တို့ဖြင့် ပြည့်လျှံသွားသည်။

ထိုစဉ် တစ်စုံတစ်ယောက်က ဝင့်ဝါလက်ကို လာ၍ဆုပ်ကိုင် သည်။

ယမုံပါ...

ယမုံက...ဝင့်ဝါအား...

'ဝင့်ဝါ တို့ကို ခွင့်လွှတ်နိုင်တယ်မဟုတ်လားဟင်...'

'ခုချိန်မှာ တို့အားလုံး ခွင့်လွှတ်ပြီးသားပါ ယမုံရယ်...'

ယမုံခပ်ရဲရဲပြုံးသည်။ ဝင့်ဝါကလည်း လျှာရဲရဲပြန်ပြုံးပြပြီး...

'တို့ကသာ ခွင့်လွှတ်ပေမယ့်...ကံကြမ္မာက ဒဏ်ခတ်မှာကိုတော့ ဘယ်အသည်းအသန်ကြောက်ရွံ့နေမိတယ်...ယမုံရယ်'

❖ ❖ ❖

နှစ်နာရီခန့်ကြာသော်...

ခွဲစိတ်ခန်း ဝတ်စုံဝတ်ဆင်ထားသော ဆရာဝန်တစ်ယောက်တံခါး ကြားမှ ခေါင်းပြူ၍ ထွက်လာပြီး...

'နေရဲသစ်ရဲ့ လူနာရှင်ရှိသလား...'

'ဟုတ်ကဲ့ ရှိပါတယ်...'

အားလုံးသံပြိုင် ဖြေလိုက်ကြခြင်းဖြစ်သည်။ ဆရာဝန်က...

'နေရဲသစ် ခွဲစိတ်တာ အစစအရာရာ အဆင်ပြေကြောင်း လာ ပြောတာပါ'

'ဟုတ်...ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်ဆရာရယ်'

ခွဲစိတ်ခန်းရှေ့ရှိ ရာသီဥတုမှာ ရုတ်ချည်းသာယာလင်းလက် သွား သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

ဒီနေ့...နေရဲသစ်တို့အိမ်တွင် လူစုံနေသည်။

နေရဲသစ် အမေက သူမမိတ်ဆွေများနှင့်အတူ စိတ်အေးလက်အေး ဘုန်းကြီးကျောင်းသို့ ထွက်သွားသဖြင့် သူတို့အုပ်စု လွတ်လပ်နေကြသည်။

တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်အော်ဟစ်ရင်း ဆူညံနေကြသည်။ ယမုံက...

'ဟဲ့...ငါတို့သူငယ်ချင်းအုပ်စု အားလုံးလိုလိုစုံနေပြီ မျိုးထူးတင်ယောက်ပဲလို့တော့တယ်'

နေရဲသစ်က...

'အထူးသတိရနေတယ်ပေါ့'

ယမုံမျက်နှာ ပန်းရောင်ပြောင်းသွားပြီး နေရဲသစ်ပခုံးကို ဖြတ်ခနဲ ရိုက်လိုက်သည်။ အားလုံးက ယမုံကို ကြည့်ပြီး ရယ်လိုက်ကြသည်။

'ငါက အားလုံးစုံစေချင်တာပါဟဲ့'

တစ်ချိန်တည်းလိုလိုပင် အိမ်ပေါက်ဝမှ အသံထွက်လာသည်။

'သိနေတယ်လေ...ဒီအချိန်လောက်ဆို ငါ့ကို တ,နေကြမယ် ဆိုတာသိလို့...အချိန်ကိုက် ရောက်လာတာ'

မျိုးထူးကပြောပြောဆိုဆို ယမုံဘေးရှိလွတ်နေသည့် နေရာတွင် ဝင်ထိုင်သည်။ ယမုံလက်ကလည်း မျိုးထူးကိုယ်ပေါ် ကွက်တိရိုက်ချလိုက်ကာ...

'ကောင်စုတ်...နင့်ကို ဘယ်သူမှ မတာဘူး၊ မျိုဖို့ဆိုရင် အမြဲတမ်း ဒီရိယကောင်းတဲ့ နင်မရောက်လာသေးတော့ ငါတို့ဒီမှာ ဝိုင်းစ, လို့မရသေးဘူး အားလုံးစိုက်ဆာနေကြပြီ'

'ဟုတ်ပါပြီ...ဟုတ်ပါပြီ၊ အခု...ငါကိုယ်တိုင် ကြွရောက်လာပြီဆိုတော့ အစီအစဉ် စ,လို့ရပါပြီ'

တဆက်တည်း နေရဲသစ်ဘက်သို့ လှည့်၍...

'ပြော...သူငယ်ချင်း...ဒီနေ့ အစီအစဉ်ကဘာ အထိမ်းအမှတ်လဲ'

'ပြောမယ်လေ...ဝင့်ဝါရေ...မိန်းမရေ...ထွက်လာပါဦး မိန်းမရဲ့'

နေရဲသစ်က မျိုးထူးကိုဖြေရင်း တစ်ဆက်တည်း အိမ်အတွင်းဘက်သို့ လှည့်အော်သည်။

'အောင်မယ်လေးကွာ...မိန်းမချင်းကို ထပ်နေတာပဲ'

မျိုးထူးစကားကို မိုးမိုးလည်း ထောက်ခံသည်။

'အေးဟယ်...နားကြားပြင်းကပ်ပါ့'

ဝင့်ဝါက လက်သုတ်ရင်း အိမ်တွင်းမှ ထွက်လာသည်။

'နင်တို့ ဒံပေါက်စားရင် ပူပူနွေးနွေးသောက်ရအောင်လို့ ချဉ်ပေါင်ရွက်ဟင်းရည်အိုး နွေးနေတာပါဟဲ့'

နေရဲသစ်က ဝင့်ဝါလက်ကို လှမ်းဆွဲလျက်...

'လာပါ...မောင့်အနားမှာ လာထိုင်ပါဦး...မိန်းမရဲ့'

ဝင့်ဝါ ရုန်ကြုံးလေးနှင့် ထိုင်ပြီးသည့်အချိန်တွင်...

'ပြောပြလိုက်ဦး မိန်းမ...ဒီနေ့ ဘာအစီအစဉ်ဘာအထိမ်းအမှတ်လဲ...တဲ့'

'ဩော်...နင်တို့ သူငယ်ချင်း...ငါ့ယောကျ်ားရဲ့ မွေးနေ့ပါဟဲ့'

www.burmeseclassic.com

www.burmeseclassic.com

နေရဲသစ် မွေးနေ့ကို အတိအကျသိသည့် မိုးထူးဆူကြောင်ကြောင် ဖြစ်သွားသည်။

'ဟဲ့...ရဲသစ်မွေးနေ့က...'

မိုးထူးစကားကို ဝင့်ဝါဖြတ်ပြောသည်။

'မိုးထူးရယ်...နင်ကလည်း နုံပြန်ပြီ၊ မနှစ်က ဒီနေ့ ဒီအချိန်မှာ ရဲသစ်နှလုံးအစားထိုးမှု လုပ်တယ်လေ'

'ဟေ...'

သူငယ်ချင်းအားလုံး ဝမ်းသာအားရ လက်ခုပ်တီးကြသည်။ အားလုံး ပျော်မြူးနေကြသူများကို နေရဲသစ်က လက်နှစ်ဘက်ကာပြပြီး မတ်တတ်ရပ်ကာ...

'ခဏလေး သူငယ်ချင်းတို့...အဲဒီ...ငါ့ရဲ့ ဒုတိယမွေးနေ့ထက် ပိုပြီး အရေးပါတဲ့ သတင်းတစ်ခုလည်း ကြေငြာစရာရှိသေးတယ်'

ဝင့်ဝါအပါအဝင် အားလုံးကသိချင်စိတ်ဖြင့် နေရဲသစ်ကို ငိုင်းကြည့်ကြသည်။ နေရဲသစ်က အိတ်ထဲမှ စာအိတ်တစ်လုံးကို ထုတ်ယူကာ ဝင့်ဝါထံသို့ လှမ်းပေးသည်။

'စောစောကမှ စာတိုက်က ရောက်လာတာ'

'ဟုတ်ပဲနဲ့'

ဝင့်ဝါက မိမိထံပုံမှန်ရောက်နေကျ စာအိတ်လေးကို လှမ်းယူကာ ရှက်တဝဲဝဲဖြင့်ပြောသည်။ မိုးထူးကလည်း...

'အေးကွာ...ငါလည်း ဘယ်ပို့စ်မင်းမှ လာတာမတွေ့ပါဘူး၊ သူ့အိတ်ကပ်ထဲက ထုတ်လိုက်တာပဲ မြင်တယ်'

အားလုံးက တစ်ယောက်တစ်မျိုးငိုင်းအာကြသည်။ သူတို့အားလုံးလည်း ထိုစာအိတ်မျိုးလေးများ၏ ရာဇဝင်ကို သိထားကြသည်မို့...

နေရဲသစ်က မည်သူ့ကိုမှ ဂရုမစိုက်၊ ဝင့်ဝါကိုသာ ပြုံးစိစိဖြင့် ကြည့်ရင်း...

'ဖွင့်လိုက်လေ...ဝင့်ဝါ'

ဝင့်ဝါက တုန်ယင်သော လက်ကလေးများဖြင့် စာအိတ်ကိုဖွင့်လိုက်သည်။ ထုံစံအတိုင်း စာအိတ်ထဲတွင် ကဒ်ပြားလေးတစ်ခုသာပါသဖြင့် ဆွဲထုတ်၍ ကြည့်လိုက်သည်။

ကဒ်ပြားပေါ်မှ ရုပ်ပုံလေးကို ကြည့်ပြီး ဝင့်ဝါမျက်နှာရုတ်သွေးကြောင့် ရဲခနဲဖြစ်သွားသည်။

'အားလုံးမြင်အောင်ပြလိုက်ပါဦး မိန်းမရယ်'

ဝင့်ဝါက အားလုံးဘက်သို့ ကဒ်ပြားလှည့်ပြလိုက်ရာ အားလုံး အံ့သြဝမ်းသာသွားကြသည်။ ကဒ်ပြားပေါ်တွင် ပါသည်က ကိုယ်ဝန်ဆောင်သည်ကောင်မလေးတစ်ယောက်ပုံ ရောင်စုံကာတွန်းရုပ်လေးပါ။

'ဟယ်...'

သူများထက်ဦးစွာ မိုးမိုးက ဝင့်ဝါပါးကို ဖျတ်ခနဲ နမ်းလိုက်သည်။

ဒါကိုမြင်သည့် ယမုံက...

'ဟဲ့...မိုးမိုး...နင်ကလည်း...ဦးစားပေးရမဲ့လူရှိတယ်လေ'

'ငါ့အချစ်ဆုံး သူငယ်ချင်းကို ဦးဆုံးဂုဏ်ပြုတာဟဲ့'

ဝင့်ဝါက အနည်းငယ်မာန်ဝင့်နေသည့် အပြုံးမျက်နှာဖြင့်...

'စိတ်မပူကြပါနဲ့ဟယ်...ဦးစားပေးရမဲ့လူက မနေ့ကပဲ ဆေးခန်းမှာ အဖြေသိသိချင်း ဂုဏ်ပြုအနမ်းပေးပြီးပြီ'

အားလုံးငိုင်းဟားလိုက်ကြသည်။

ဒါကို...နေရဲသစ်က လက်ကာပြ၍ အားလုံးကို တိတ်စေသည်။ ပြီးမှ ဝင့်ဝါလက်ကို ကိုင်၍ လှည့်ကာ ကဒ်ပြားနောက်ကျောမှ စာကြောင်းအား အားလုံးမြင်သာလောက်အောင်ပြစေသည်။

ထိုစာကိုမြင်မှ သူငယ်ချင်းအားလုံး၏ ငိုင်းရယ်မောဟားတိုက်သံမှာ ပိုမိုဆူညံသွားသည်။ ထိုအခါမှ ဝင့်ဝါလည်း ကိုယ်တိုင်ဖတ်ကြည့်မိရာ...

www.burmeseclassic.com

www.burmeseclassic.com

အရှက်သည်းသွားပြီး...နေရဲသစ်ရဲ့ ရင်ခွင်တွင် သူမခေါင်းကို ဝှိုးဝှက်လိုက်သည်။ နေရဲသစ်ကလည်း အလိုက်သင့်ထွေးပွေ့ဖက်ထားလိုက်လေသည်။

ကဒ်ပြားနောက်ကျောတွင် ထုံးစံအတိုင်း စာတစ်ကြောင်းသာ ရေးထားသည်။

ထိုစာကြောင်းမှာ...

"အစားအသောက် ဆင်ခြင်"...တဲ့။

BURMESE CLASSIC .com

ချစ်မျှားရှင်

www.burmeseclassic.com